ပညာရှင် စာပေတိုက်

# ဝသုန်ဟိန်းထက်

## ရှမ်းခိပ်တောင်မှတ်တမ်း

( ရင်သိမ့်တုန်ဝတ္ထုတိုများ )

# ပညာရှင် စာပေတိုက်

အမှတ် (၁၆၇) မြေညီ၊ (၄၈) လမ်းအထက်၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

☎ ၀၁-၂၉၈၉၁၇၊ ၀၁-၂၉၉၅၄၉

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မောင်ပြည့်ဝ စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်

၅၀၀၀၀၂၀၁၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၀၁၃၀၁၁၂

ထုတ်ဝေသူ

ဒေါ်ခင်မာရှိ(ပန်းဝေဝေစာပေ)

အမှတ် - ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်)

ပုံနှိပ်ခြင်း

၂၀၁၁၊ ဒီဇင်ဘာလ။

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ကျပ်

CIP

ဝသုန်ဟိန်းထက်

ဝ၀၈ - ၈

ရှမ်းအိပ်တောင်မှတ်တမ်းနှင့်ရင်သိမ့်တုန်ဝတ္ထုတိုများ၊ ရန်ကုန်။

ပန်းဝေဝေစာပေ၊ ၂၀၁၁။

၁၈၇ - စာ၊ ၁၉ × ၁၃ စင်တီ။

ရှမ်းအိပ်တောင်မှတ်တမ်းနှင့်ရင်သိမ့်တုန်ဝတ္ထုတိုများ။

မြင့်မြင့် စာစဉ်



# ရှမ်းအိပ်တောင်မှတ်တမ်း

နှင့်

## ရင်သိမ့်တုန်ဝတ္ထုတိုများ

ဝသုန်ဟိန်းထက်

## ရှမ်းအိမ်တောင်မှတ်တမ်း

မြန်မာပြည်၏ အံ့ဖွယ်ထူးခြားတန်ခိုးကြီးမားဘုရားစေတီ များတွင် "ကျိုက်ထီးရိုးဘုရား" သည်လည်း အထင်အရှားပါဝင် နေပါသည်၊ မြန်မာပြည်၌သာမဟုတ် ကမ္ဘာ့ထိတိုင်ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရားလည်းဖြစ်ပေ၏။ ကျိုက်ထီးရိုး၏ နောက်ခံရာဇဝင်ကလည်း အံ့ဖွယ်လွမ်းမောဖွယ်ရာများနှင့် ပြည့် နက်နေပါသည်။

သို့သော်ယခုအကြိမ်၌ ကျွန်ုပ်သည်ကျိုက်ထီးရိုးဆံတော်ရှင်မြတ်သို့ ရောက်ရှိလာရခြင်းမှာ ဘုရားဖူးသက်သက်တော့ မဟုတ်ပေ။ လျှို့ဝှက်လုပ်ဆောင်ရန် အစီအစဉ်များလည်းပါရှိနေပါသည်။ ထို့ကြောင့်ကျွန်ုပ်၏မိတ်ဆွေ ဝိဇ္ဇာရေဆရာကြီး "ဦးမင်းကျော်" နှင့်အတူ ယခုလို ရောက်လာရခြင်းဖြစ်ပါသည်။

ကျိုက်ထီးရိုးဘုရားရင်ပြင်တော်မှကြည့်လျှင် ဘုရားဒါယိကာ တိဿရသေ့ကြီး သီတင်းသုံးနေထိုင်ခဲ့သော ဣစ္ဆာသရ ရသေ့တောင်တန်းကြီးကို လွမ်းမောဖွယ်တွေ့မြင်နိုင် ပါလိမ့်မည်။ ထိုရသေ့တောင်၏ အနောက်ဘက်တွင် "ရှမ်းအိပ်တောင်" ကိုပိုးတဝါးလှမ်းမြင်ရမည်ဖြစ်၏။

ကျိုက်ထီးရိုးဆံတော်ရှင်မြတ်သည် ပင်လယ်ပြင်မှပေ ၃၆၀၀ ခန့်မြင့်သော တောင်ထွဋ်တွင်တည်ရှိပါသည်။ ကျိုက်ထီးရိုးသို့ ရောက်ဖူးသူများသော်လည်း ရှမ်းအိပ်တောင်ကိုကားသိသူနည်းပါးလှ၏။ အသေးငယ်ဆုံးတောင်ဖြစ်၍လည်း လူသိနည်းခြင်း ဖြစ်ပေလိမ့်မည်။ "သိသူဖော်စား–မသိသူကျော်သွား" ဆိုသကဲ့သို့ သိနားလည် သူများက

တော့ ၎င်းရှမ်းအိပ်တောင်သို့ အရောက်သွားကြစမြဲ။ စင်စစ်သော်ကား ထိုတောင်သည် ဂမ္ဘီရဆန်သော နယ်မြေထူးတစ်ခုပင်တည်း။ ကျွန်ုပ်တို့နှစ်ဦးသည် ရှမ်းအိပ်တောင်သို့ ဦးတည်လာခဲ့ကြသည်။ တောင်က အနည်းငယ်မတ် ဆောက်နေ၍ အကျင့်မရှိသူများ အတွက်တော့ ပင်ပန်းနိုင်သည်။ ၎င်းတောင်သို့ သွားရန် "ရှမ်းအိပ် တောင်သို့" ဟူ၍ လမ်းညွှန်ဆိုင်းဘုတ်ငယ်များကိုလည်း တွေ့နိုင်ပေသည်။

နိမ့်ချည်မြင့်ချည် ကုန်းမြေကို အတော်လေးလျှောက် လှမ်းအပြီးမှာတော့ သစ်ပင် ကြီးတစ်ပင်တွင် "ရှမ်းအိပ်တောင်သို့ သားငါးမယူဆောင်ရ ဟူသောစာတန်း ချိတ်ဆွဲထားသည်ကိုတွေ့လိုက်ရ၏ တောင်တက်လမ်းကလေးအတိုင်း ကျွန်ုပ်တို့နှစ်ဦးသည် ဖြည်းဖြည်း မှန်မှန် တက်လာရင်းမှ ကျွန်ုပ်ကမိတ်ဆွေဖြစ်သူ ဦးမင်းကျော်ကိုလှမ်းမေးလိုက်၏။

"ရှမ်းအိပ်တောင် သမိုင်းနဲ့ပတ်သတ်ပြီးခင်ဗျားသိသလောက် ပြောပြစမ်းပါဗျာ" ဦးမင်းကျော်ကလည်းသူသိသမျှ။ လေ့လာထားသမျှကို အခုလိုရှင်းပြပါသည်။

"ကျုပ်လေ့လာမိသလောက် ပြောပြမယ်နော်။အောက် မြန်မာနိုင်ငံကို ဗြိတိသျှတွေ သိမ်းပိုက်ထားစဉ်ကာလမှာ ကျိုက်ထိုမြို့ ရှမ်းစုရပ်ကွက်..အင်း...အဲ့ဒီတုန်းကတော့ရွာပေါ့ဗျာ။ ဒီရွာမှာ ရှမ်းအမျိုးသားတွေက ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ကြတယ်။ ဒါပေမဲ့ အင်အား ခြင်းမမျှလို့ အရေးနိမ့်ပြီး ထွက်ပြေးတိမ်းရှောင်ကြရင်းက တောကြီးဖုံးလွှမ်းနေတဲ့ ရှမ်းအိပ်တောင်မှာ စုဝေးပုန်း အောင်းနေခဲ့ကြ

သတဲ့။ ဒါကြောင့် "ရှမ်းအိပ်တောင်" လို့လည်းခေါ်တယ်။ တောင်ပေါ်မှာရှိတဲ့ ပိန္နဲပင်သုံးပင်မှာရှမ်းအမျိုးသားတွေက ရွှေတစ်အိပ်၊ ငွေတစ်အိပ် မြှုပ်နှံခဲ့ကြတယ်။ အခုလောကရန်ရှင်းစေတီတော်ရဲ့အရှေ့တက်စူးစူး ငါးဖာလုံလောက်မှာ ရွှေငွေနဲ့ အဖိုးတန်ကျောက်မျက်ရတနာပစ္စည်း တွေကို မြှုပ်နှံထားခဲ့တယ်လို့လည်း ပါးစပ်ရာဇဝင်အရဆိုကြတယ်။"

"အင်း .. စိတ်ဝင်စားစရာပဲ။ ဆက်ပြောပါဦးဗျာ"

"အင်း ... အခုတော့ ပိန္နဲပင်တစ်ပိသာကျန်တော့တယ်။ ဒီလို မြှုပ်နှံခဲ့တာကို အကြောင်းပြုပြီး လူတွေကရွှေတစ်အိပ်၊ ငွေတစ်အိပ် တောင်လို့ခေါ်ရာက ကာလရွေ့လျောတော့ "ရှမ်းအိပ်တောင်" လို့ လွယ် လွယ်ခေါ်တာပေါ့။ ဒီနယ်ကနယ်ကြမ်းတယ်။ မြေကြမ်းတယ်။ အစောင့် အရှောက်တွေများတယ်။ ကြမ်းလည်းကြမ်းလို့သစ်ခုတ်၊ ဝါးခုတ်တောင် သိပ်မလုပ်ကြဘူး။ သိုက်စာတဘောင်တွေအရ လောဘသိုက်တူး သမားတွေလာ တူးကြပေမဲ့ရသွားတယ်လို့တော့ မကြားသေးဘူးဗျ။ သိုက်တ ပေါင်စကားလည်းရှိတယ် "ရှမ်းအိပ်တောင် ထိပ်မောင်မအိပ်၊ ရွှေအိပ်ငွေအိပ်ပုတီးသာစိပ်တဲ့"။

"ထူးခြားလေးနက်တဲ့ နေရာတစ်ခုပေါ့နော်။"

ဟုတ်တယ် ကိုနန်းဝေ၊ ဒီတောင်မှာ ဂမ္ဘီရပညာရပ်လိုက် စားတဲ့ ဆရာအစဉ်အဆက်က လျှို့ဝှက်ထားခဲ့တဲ့ ဣစ္ဆာသယ သိဒ္ဓိ အောင်မြေလည်းရှိတယ်။ ဗဟုသုတအနေနဲ့ လက်လှမ်းမီ သလောက် ပြောပြရရင်ရွှေနန်းကျင်ရဲ့ ဖခင်ဆေးဝိဇ္ဇာမောင်မိုး ဆေးကြိတ်ခဲ့တဲ့ ကျောက်ဖျာ ရှိတယ်။ ဒီကျောက်ဖျာဟာ ကုံယုံပြည့်ဝ ဣစ္ဆသယအောင် မြေပဲပေါ့.."

"ဒါနဲ့ ကိုမင်းကျော်၊ ဒီကျောက်ဖျာပေါ်မှာ ကျင့်ကြံအားထုတ်ခဲ့သူတွေကောရှိသလားဗျာ..."

ရှိတာပေါ့ကိုနန်းဝေ။ ပထမပုဂ္ဂိုလ်က ရှမ်းရိုးမြောင်ဆရာတော်ကြီး (ယက္ကန်းစင် တောင်ဆရာတော်၏ ဆရာသခင်) ဟာ (၁၀၈) ရက်အဓိဋ္ဌာန်ဝင်ပြီး ပေါက်မြောက်ခဲ့တယ်။ ဒုတိယပုဂ္ဂိုလ်ကတော့ ဒုတိယကျော်အောင်စံထားဆရာတော်ပေါ့။ ဒီဆရာလည်း (၁၀၈)ရက် အဓိဋ္ဌာန်ဝင်ခဲ့တယ်။ တတိယစမုံဆရာတော် ဦးကုလား၊ ၁၀၈ ရက်ပဲ အဓိဋ္ဌာန်ဝင်ခဲ့တယ်၊ စတုတ္ထပုဂ္ဂိုလ်က မန္တလေးတောင်ကတိုင်းသိပြည်သိ ပုဂ္ဂိုလ်ထူးကြီးဖြစ်တဲ့ ရသေ့ကြီးဦးခန္တီ ကလည်း (၉)ရက် အဓိဋ္ဌာန်ဝင်ခဲ့ပေတယ်...

"မှတ်သားစရာတွေပဲဗျ"

ဤသို့စကားတပြောပြောဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် ရှမ်းအိပ်တောင်ထိပ်သို့ ရောက်လာခဲ့ကြတော့သည်။တောင်ပေါ်တွင်သစ်ပင်ကြီးများ ထူထပ်စွာမတွေ့ရ။ စေတီငယ်များကို ကားတွေ့ ကြရ၏။ အနည်းငယ်မောပန်းလာသည့်အတွက် ကျွန်ုပ်တို့သည် ကျောက်တုန်းတစ်တုန်းပေါ်ထိုင်၍အမောဖြေကြ၏။ ထိုအခါဦးမင်းကျော်ကကျွန်ုပ်အား စေ့စေ့ကြည့်၍ "ကိုနန်းဝေ... ဖြစ်နိုင်ရင်ခင်ဗျားရဲ့အကြံအစည်တွေကို လက်လျှော့လိုက်စေချင်တယ်ဗျာ..." ဟုပြော၍ကျွန်ုပ်က...

"ဟာ... ဘယ်လိုဖြစ် သွား တာလဲဗျာ ကျုပ်ကဘာ လို့ လက်လျှော့ရမှာလည်း ခင်ဗျားနဲ့ ကျွန်တော်နှစ်ယောက်တည်းပဲသိတဲ့ လျှို့ဝှက်ကိစ္စပဲ။ သဘောတူပြီးမှ အခုဘာကြောင့် စိတ်ပြောင်းရတာလဲ..." ဟုပြန်ပြောလိုက် ၏။

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ။ ဒါပေမယ့် ကျွန်တော်က ခင်ဗျားပြောတဲ့ ရတနာတွေကို မမက်မောဘူး။ ထူးဆန်းတဲ့ ဂမ္ဘီရဖြစ်ရပ်တွေနောက်ကိုပဲ စိတ်ဝင်တစားလိုက်နေသူဗျာ။ ခင်ဗျားစိတ် ဓာတ်ကျမှာစိုးလို့မပြောတာ။ ရှမ်းအိပ်တောင်ပေါ် ရောက်တော့ စိတ်တွေက ပိုကြည်လင်သန့်ရှင်းလာသလိုပဲဗျာ။"

ခတ်ချေပြီ။ ကျွန်ုပ်စိတ်အထင် သူကတော့ကြောက် စိတ်ဝင် ပြီး လက်လျှော့ခြင်းဖြစ်မည်ဟု တွေးလိုက်မိသည်။ ကျွန်ုပ်ကတော့ လက်လျှော့ရန်ဆန္ဒလုံးဝမရှိ။ နှစ်ပေါင်းများစွာရှာဖွေ လေ့လာခဲ့ရသော ရတနာသေတ္တာ၏ သဲလွန်စကိုအပြီးတိုင် အကောင်ထည်ဖော်ရ ပေလိမ့်မည်။

ထိုရတနာသေတ္တာ၏ နောက်ခံဖြစ်ရပ်ကား ဤသို့တည်း။ မြန်မာမှ ဖက်ဆစ် ဂျပန် တွေအဆုတ်၊ မဟာမိတ်တပ်တွေက အဝင်တွင် ဖြစ်သည်။ စစ်ရှုံးဂျပန်တို့သည် တပ်မကြီးများကို တစ်တပ်ပြီး တစ်တပ် ဆုတ်ခွာနေစဉ် တပ်ရင်းတစ်ခုသည် ရတနာသေတ္တာတစ်လုံးကို ဤရှမ်းအိပ်တောင်၌ မြှုပ်နှံခဲ့ပါသည်။ ခေါ်လာသော မြန်မာချွေး တပ်သားများကို သေတ္တာမြှုပ်ပြီးသည်နှင့် ရက်စက်စွာ သတ်ပစ်ခဲ့ကြသည်။

သို့သော် အသက်မသေပဲ ကျန်ခဲ့သူတစ်ဦးကိုတော့ ဂျပန်တို့ မသိလိုက်ကြ။ သေနတ် ဒဏ်ရာများဖြင့်သတိလစ်မေ့မြောနေသည်ကို သေပြီအမှတ်ဖြင့် ထားရစ်ခဲ့ကြသည်။ ထိုသူကား တခြားသူမဟုတ်။ ကျွန်ုပ်၏ဖခင်ကြီးပင်တည်း မုဆိုးတစ်ဦး၏ ကယ်တင်မှုဖြင့် ဖခင်မှာ သေကံမရောက် သက်မပျောက်ခဲ့။ လပေါင်းများစွာ ကြာပြီးမှ နေရပ်သို့ ပြန်လာနိုင်ခဲ့ပါသည်။

ရတနာသေတ္တာမြှုပ်နှံထားရာ မြေပုံကြမ်းကိုလည်း နှစ်များစွာ လျှို့ဝှက်သိမ်း ဆည်းထားခဲ့ရာမှ နောက်ဆုံးအချိန် ရောက်မှကျွန်ုပ်အား ပေးအပ်မှာကြားရင်း သေဆုံးခဲ့ပါသည်။ ထိုအခါကျမှ ကျွန်ုပ်လည်း ရတနာသေတ္တာကိုတူးဖော်ရန် ဆန္ဒပြင်းပြကာ အခုလိုကြံစည်ထွက် လာခဲ့ခြင်းဖြစ်၏။

"ခင်ဗျား . . .ကြောက်နေလို့လား။ ကြောက်ရင်လာဘ်လွဲ၊ ရဲလျှင်လာဘ်ရတဲ့ဗျာ။ စိတ်တူကိုယ်တူထွက်လာပြီးမှဘာလို့ အခုမှ စိတ်ပြောင်းရတာတုန်း"

ကျွန်ုပ်မှာ မကျေမနပ်ဖြင့် ဦးဝင်းကျော်အား မြည်တွန်တောက်တီးပြောဆို နေမိသည်။

"ကျုပ်က အံ့ဖွယ်တွေနဲ့ ပြည့်နေတဲ့ ရှမ်းအိပ်တောင်ကို စူးစမ်းလေ့လာ ချင်လို့သဘောတူခဲ့တာပါ။ ခင်ဗျားပြောကတည်းက ရတနာသေတ္တာအပေါ်လည်း တကယ်စိတ် မဝင်စားခဲ့ပါဘူး။ လိုချင်စိတ်လည်း မရှိပါဘူး။ အခုဒီတောင်စရောက်တာနဲ့ တစ်ကိုယ်လုံး ကြက်သီးတွေ တဖျန်းဖျန်းထနေတယ်ဗျာ။ ကြောက်လို့တော့ မဟုတ်ဘူး။ တစ်မျိုး ပဲဗျာ။ ဒီတောင်က ဘုမ္မိယ အစောင့်အရှောက်တွေ အလွန်ကြမ်းတယ်။ အများမခံဘူးဆိုတာလည်း သတိဝင်လာတယ်။ နောက်တစ်ချက် ကနစ်တွေ ဒီလောက်ကြာနေမှတော့ ဒီရတနာတွေလည်း ဆိုင်ရာပိုင်ရာ အစောင့်ရှောက်တွေရဲ့ထိန်းသိမ်းစောင့်ရှောက် မှုအောက် ရောက်နေ မှာ အမှန်ပဲ"

သူ့စကားကြောင့် ကျွန်ပ်သည်ပို၍ မကျေမနပ်ဖြစ်သွားရ၏။ "ဒီလောက်ကြောက်နေ ရင်လည်းနေခဲ့ဗျာ။ ကျုပ်ကတော့ ဘာမှဂရု မစိုက်ဘူး။ ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်မယ်။ ပိုင်ရှင်မဲ့ရတနာတွေကို ရအောင်ရှာမယ်။ ပြီးရင်ချမ်းချမ်းသာသာနဲ့ နေမယ်။ ဒါပဲ . . . "

ဟုဆိုပြီးရှေ့မှ ခပ်သုတ်သုတ်ထွက်ခွာခဲ့၏။ တကယ်တန်းကျ တော့သူကမနေ၊ ခေါင်းငိုက်စိုက်နှင့် နောက်မှ တကောက်ကောက် လိုက်ပါလာသည်ကိုတွေ့ရ၏။

ထို့ကြောင့် ကျွန်ပ်က...

"ခင်ဗျား...ဘာလို့လိုက်လာတာလည်း၊ ကြောက်ရင် နေခဲ့ ပေါ့"

ဟုဆိုရာ သူသက်ပြင်းချ၍ ဆို၏။

"ကိုနန်းဝေ . . . ခင်ဗျားကဆုံးဖြတ်ချက်ကို မပြင်ဘူးဆိုတာ သိပါတယ်။ အခုလိုက်လာတာကလည်းရတနာတွေကြောင့် မဟုတ်ဘူး။ ခင်ဗျားကို စိတ်မချလို့..."

"အလို...ဘာတဲ့၊ ကျုပ်ကို စိတ်မချလို့ ...ဟုတ်လား"

"ဟုတ်တယ် . . . ဒီမှာ ကိုနန်းဝေ၊ ခင်ဗျားမှာ ရဲစွမ်းသတ္တိ ရှိရင် ရှိမယ်။ ဖွဲနပန်း ကြီးရင် ကြီးမယ်။ ဒါပေမယ့် ကျုပ်ရဲ့အကူအညီ မပါပဲနဲ့ တော့ မအောင်မြင်ဘူး။ ဒါကတော့ သေချာတယ်"

ဤစကားကိုတော့ ကျွန်ပ်မငြင်းသာ။ ကျွန်ပ်မသိသော၊ မတတ် သော ပညာရပ်များကို သူကတတ်မြောက်ထား၏။ကျွန်ပ် နားမ လည်သောပရလောကအကြောင်းကိုသူကကောင်းစွာနားလည်ထား၏။ ထို့ကြောင့် မည်သို့မည်မျှမတုန့်ပြန်တော့ပဲ ခပ်မ ဆိတ်နေလိုက်မိ တော့သည်။

တစ်ယောက်နဲ့တစ်ယောက်စကားမဆိုမိကြပဲကိုယ့်အတွေးနှင့်ကိုယ်ခရီးဆက် လာကြမိသည်။ ညနေစောင်းအချိန်၌ မြေပုံအညွှန်း ပါလျှိုမြောင်းကြီးသို့ ရောက်လာခဲ့သည်။ တောင်ကြားအောက်ခြေသို့ ခက်ခဲစွာဆင်းခဲ့ကြရသည်။အသင့်ယူ ဆောင်လာသော ငါးတောင့် ထိုးဓာတ်မီးကိုယ်စီဖြင့် လိုဏ်ဂူသဖွယ်ဖြစ်နေသော ဝင်ပေါက်အတိုင်း သတိကြီးစွာ ထား၍ဝင် ရောက်ခဲ့ကြ၏။ ကျွန်ပ်ကတော့ ဓားရှည်ကိုပါ အသင့် ကိုင်ဆောင်ထားခဲ့၏။

"ကိုနန်းဝေ... သတိထား"

"ဗျာ... ဘာ... ဘာဖြစ်တာလဲ"

"ဟိုမှာ...တောကြီးမြွေဟောက်ကြီး"

ဟုတ်ပေသည်။ နည်းနည်း နောနော အကောင်ကြီးမဟုတ်။ ရဲရဲနီသော မျက်လုံးအစုံဖြင့် ပါးပျဉ်းထောင်ကာ ကျွန်ပ်တို့အားစိုက်ကြည့်နေသော တောကြီးမြွေဟောက်ကြီးကို တွေ့လိုက်ရသည်။ ဦးမင်းကျော် ကပါးစပ်က တတွတ်တွတ်ရွတ်လိုက်၏။ ကျွန်ပ်ကတော့ စိတ်မြန် လက်မြန်ရှိသူပီပီ ပြေးဝင်၍ဓါးရှည်ဖြင့်လွှဲခုတ်ချလိုက် တော့ ၏။

"ကိုနန်းဝေ... မ... မလုပ်နဲ့"။

ဦးမင်းကျော် တားမြစ်မှုက နောက်ကျသွားပါသည်။

ကျွန်ပ်ဓားချက် မြွေကြီးဆီတန်းတန်းမတ်မတ် ဝင်သွားပြီ။ သို့သော်မြွေကြီးက အကင်းပါးသလိုလျှင်မြန်၏။ ဖျတ်ကနဲ့တိမ်း ရှောင်လိုက်၍ ဓားချက်ကရှပ်ထိရုံသာ ထိသွားသည်။ ဆက်ခုတ်ရန်ပြင်လိုက်စဉ်မှာပင် မြွေကြီးကကျောက်ဂူကြားသို့ လျှောကနဲတိုးဝင်ပျောက်ကွယ်သွား၏။ ကျောက်တုံးပေါ်၌ သွေးကွက်များ စွန်းထင်းကျန်ရစ် ခဲ့သည်။ နည်းနည်းတော့ အထိနာသွားပုံရသည်။

"ကိုနန်းဝေကလည်း ခက်တာပဲဗျာ။ ဘာလို့ဒေါသကြီး ရတာတုန်း"

ကျွန်ုပ်ကိုကြည့်ရင်း ဦးမင်းကျော်က စိတ်ပျက်သွားပုံရသည်။

"အိုဗျာ... စွန့်စားလာခဲ့တာပဲ။ ရည်ရွယ်ချက် အဖျက် မခံနိုင်ဘူး။ ဘယ်လိုအတား အဆီး ရှိပစေ၊ ကျုပ်ကတော့ရှင်းမှာပဲ"

ကျုပ်စကားကြောင့် သူကခေါင်းခါယမ်းရင်း ဘာမှတော့ထပ်မပြော။ ကျောက်ဂူ ဆန်ဆန်ဖြစ်နေပြီး ဝင်္ကဘာဆန်ဆန်ဖြစ်နေသောလမ်းအတိုင်း ဆက်လျှောက်လာခဲ့ကြသည်။ အချို့နေရာများ၌ ဂူအမိုးမှာနိမ့်ကျနေ၍ ခါးကိုကွေးညွတ်၍လျှောက်ရ၏။ အတော်လေးလျှောက်လာ ခဲ့ပြီးနောက် သဘာဝအတိုင်းဖြစ်နေသော ကျောက်လှေကားထစ်များကို တွေ့လိုက်ရ၍ နှစ်ယောက်သားသတိကိုယ်စီ ဖြင့် တက်လာခဲ့ကြသည်။

"ဟာ... ဒါ ... ဘာတွေလဲ"

"သွေးကွက်တွေပဲ ကိုနန်းဝေ ...၊ သတိထား၊ စောစောက မြွေကြီးနဲ့ထပ်တိုးနေဦးမယ်"

ကျွန်ုပ်တို့သည် သတိမပြတ်စေပဲ လျှောက်လာရာ တစ်နေရာအရောက်တွင် ကျောက်ဖျာတစ်ချပ်ပေါ်တွင် ထိုင်နေသောလူဝကြီးတစ်ယောက်ကို အံ့ဩစွာတွေ့လိုက်ရသည်။ ဤအချိန်၊ ဤမြေ၊ ဤနေရာ၌ထိုကဲ့သို့ လူသားတစ်ယောက်ကိုတွေ့လိုက် ရ၍ မအံ့ဩပဲ မနေနိုင်။

ထိုလူဝကြီးသည် ကြေးနီရောင်သမ်းနေပြီး ဝါးခမောက်ကြီးဆောင်းထား၍ ၎င်း၏မျက်နှာကိုသဲကွဲစွာမမြင်ရ။ ထူခြားမှု တစ်ခုကား သူ့ညာလက်မောင်း၌ ဓားဒင်္ဂါးရာ ကြီးတစ်ခု၊ ဒင်္ဂါးရာမှာ လောလောလတ်လတ် ရထားဟန်ရှိပြီးသွေးများ စီးကျနေဆဲ ဖြစ်သည်။

ကျွန်ုပ်စိတ်ထဲတွင် စောစောကတွေ့ခဲ့သော တောကြီးမြွေ ဟောက်ကို ပြေးမြင်ယောင်သွားမိသည်။ ထိုမြွေကြီးနှင့် ဤလူဝကြီးသည် မည်သို့ပတ်သတ်နေပါသနည်း။ ထို့ပြင် ကျွန်ုပ်တို့အတွက် ရန်သူလား၊ မိတ်ဆွေလား။ ကျွန်ုပ်ကတော့ ကျွန်ုပ်သွားမည် လမ်းကို ပိတ်ပင်တားဆီးမှုမှန်သမျှကို ဖယ်ရှားရှင်းလင်း သွားမည်သာတည်း။

"ကိုနန်းဝေ . . . စိတ်လိုက်မာန်ပါ မလုပ်နဲ့နော်။ ထူးခြားနေတာ အမှန်ပဲ။သဘာဝ တရားနဲ့ ဆန့်ကျင်နေတယ်။ ခင်ဗျားအသာနေ၊ ကျုပ် ကြည့်လုပ်မယ်" ဟုဦးမင်းကျော်က လေသံတိုးတိုးဖြင့် သတိပေး၏။

"ဒီကမိတ်ဆွေက ဘယ်သူလဲခင်ဗျား။ ဘာအကြောင်း ကြောင့် ဒီနေရာရောက်လာပါသလဲခင်ဗျား"

ဟု ဦးမင်းကျော်က ရိုသေစွာမေးတော့ ထိုလူကြီးက ခေါင်းကို မမော့ပဲ အသံသြသြဖြင့်ဆို၏။

"ကျုပ်ဘယ်သူဆိုတာအရေးမကြီးပါဘူး။ ဒါပေမယ့် မင်းတို့ ဒီကနေပြန်လှည့်ကြပါ။ ရှေ့ဆက်မတိုးပါနဲ့"

"ဒီမှာ . . . ခင်ဗျားက ဘာမို့လို တားဆီးရတာလဲ။ခင်ဗျား နဲ့ ဘာဆိုင်လဲ..."

ကျွန်ုပ် စိတ်တိုစွာဖြင့် ဝင်မေးလိုက်၏။

"အိမ်း . . . ဘာလို့တားဆီးရတာလဲဆိုရင် အားလုံးသေကုန် မှာစိုးလို့ပဲ။ ဘာဆိုင်သလဲဆိုရင် ကျုပ်ကဒီနေရာရဲ့တာဝန်ရှိသူဖြစ်နေ လို့ပဲ"

သည်တစ်ခါတော့ သူ့လေသံက တင်းမာခက်ထန်နေ၏။ ဤနေရာ၏တာဝန် ရှိသူဆို၍ ကျွန်ုပ်တို့လည်းအံ့သြသွားရ၏။

"ဒီမှာ . . . ကျုပ်ထပ်ပြောမယ်။ မင်းတို့ နှစ်ယောက်စလုံး ဒီက ပြန်လှည့်ကြပါ။ ရတနာပစ္စည်းတွေယူဖို့ လုံးဝမစဉ်းစားကြနဲ့။ ယူလို့လည်း မရနိုင်ဘူး။ ဒါကြောင့် အကောင်းဆုံးက ဒီကအခုပြန်လှည့်ကြပါ . . ." ဟုထိုလူကြီးကဆို၍ ကျောက်ဆောင်များ နောက်သို့လှစ်ကနဲတိုးဝင်ပျောက်ကွယ်သွားတော့၏။

ကျွန်ုပ်တို့လည်းချက်ချင်းပင် သူ့နောက်လိုက်ကြတော့လည်း အရိပ်ယောင်ပင်မမြင်လိုက်ရ။ လှုဝကြီးကားခန္ဓာကိုယ်နှင့်မလိုက်အောင် လျှင်မြန်သွက်လက်လွန်းလှ၏။ ထို့ပြင် ကျွန်ုပ်၏ရည် ရွယ်ချက်ဖြစ်သော ရတနာကိစ္စကိုလည်း သိနေသည်မှာ အံ့သြဖွယ် ရှိပေစွ။

"ထူးခြားတာအမှန်ပဲ ကိုနန်းဝေ။ ကျုပ်စိတ်အထင် ဒီလူကြီး ဟာ လူစင်စစ် လို့တောင် မထင်ဘူး . . ."

"ခင်ဗျား ဆိုလိုတာက"

"ဟုတ်တယ်ဗျာ။ ဒီလူကြီးဟာ အရိပ်လည်းမထွက်ဘူး။ အသက်ရှုဟန်လည်း မတွေ့ဘူး။ ကျုပ်အထင်ဒီအဂူကြီးရဲ့အစောင့်အ ရှောက်ပုဂ္ဂိုလ် ဖြစ်လိမ့်မယ်။ ကျုပ်တို့ကို လာသတိပေးတာပဲ။ သူ့စကား အတိုင်းလိုက်နာ ရင် ကောင်းမယ်ဗျာ"

သူ့စကားကို ကျွန်ုပ်လုံးဝသဘောမတူနိုင်ပါ။ ဤမျှအထိ စွန့်စားခဲ့ပြီးမှပြန်လှည့်ရန် ဆန္ဒ လုံးဝ မရှိပါ။

"ကျုပ်ကတော့ပြတ်တယ်။ လုံးဝနောက်မဆုတ်ဘူး။ အောင်မြင် လိုသူတိုင်းဟာ အနည်းနဲ့ အများစွန့်စားကြရမှာပဲ။ ကျန်တာက တော့ခင်ဗျားသဘော။ ခင်ဗျားကြိုက်သလို ဆုံးဖြတ်ရွေးချယ်ပါ." ဟုခပ်ပြတ်ပြတ်ဆိုရင် ရှေ့ကိုဆက်ထွက်လာခဲ့၏။ ကျောက်ဂူလမ်း သည်

တစ်စထက် တစ်စအောက်သို့နိမ့်ဆင်းသွားကြောင်း သတိထားလိုက်မိသည်။ ဓာတ်မီးအလင်း ရောင်အားကိုးဖြင့် လျှောက်လာရာ တစ်နေရာအရောက်တွင်..

"ကိုနန်းဝေ ... နေဦး" ဟုအသံနှင့်အံ့တူ ကျွန်ုပ်လက် မောင်း ကို ဦးမင်းကျော်လှမ်းဆွဲလိုက်၍ ရှေ့သို့ကြည့်လိုက်ရာ ... များ ပြားလှစွာသော ကင်းမလက်မည်းကြီးများကို အသည်းယားစဖွယ် တွေ့လိုက်ကြရသည်။ကျောက်ဂူအမိုး၌ရော၊ ကျောက်သား နံရံ၌ရော ကင်းမ လက်မည်းကြီး တွေက တဖြည်းဖြည်းများ ပြားလာ ခဲ့သည်။

"ဘုရားဘုရား နည်းတဲ့အကောင်တွေ မဟုတ်ဘူး"

"ဟုတ်တယ် . . . သိပ်အဆိပ်ပြင်းတာ။ ထိတာနဲ့ ဗုန်းကနဲ ပစ်လဲကျသွားစေ နိုင်တယ်။ အကောင်တွေက ရာချီရှိနေတော့ နေဦး ... ခင်ဗျားဘာမှမလုပ်နဲ့။ ဒီအတိုင်းပဲနေ" ဟု ဦးမင်းကျော် ကဆို၍ ဒူးထောက်ထိုင်ချလိုက်ပြီး လက်ညှိုးညွှန်ကား တစ်စုံတစ်ခုကို တတွတ်တွတ် ရွတ်ဆို နေပါသည်။

သူရွတ်ဆိုနေသည်မှာ အခြားမဟုတ်။ ဗုဒ္ဓဘာသာဝင်တို့ သိထားကြသော "ပရိမိတ္တဇာလသုတ်" ပင်ဖြစ်တော့၏။ အသံပြင်းပြင်း ရွတ်နေ၍ သူ့အသံမှာဂူထဲ၌ ဟိန်းထွက်နေ လေသည်။

"ယတ္ထယတ္ထအပါဒကာ၊ ယတ္ထယတ္ထဒွေပါဒါ၊ ယတ္ထယတ္ထစတုပ္ပဒါ၊ ယတ္ထယတ္ထ ဗဟုပ္ပဒါ ပါဒအန္ဓိ၊ ဦးရှအန္ဓိ၊ စက္ခုအန္ဓိ၊ မုခံအန္ဓိ၊ ဇိဝှာအန္ဓိ ..."

(အကြင်အရပ်၌ အန္တာရာယ်ပြုတတ်ကုန်သော ခြေမရှိသော သတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေလေးချောင်း ရှိသော သတ္တဝါ၊ ခြေများစွာရှိသော သတ္တဝါတို့သည်ရှိကုန်၏။ ထိုသတ္တဝါတို့ သည် လူတို့

အား အန္တာရာယ်မပြုနိုင်ရန် ခြေမကြွနိုင်အောင်၊ ပေါင်မလှုပ်နိုင်ရန် မျက်စိမမြင်နိုင်အောင်၊ ခံတွင်းမဟာနိုင်အောင်၊ လျှာမလှုပ် နိုင်အောင် စောင့်ရှောက်တော်မူကြနိုင်အောင် ပေါင်မလှုပ်နိုင်ရန်၊ မျက်စိမမြင်နိုင်အောင်၊ ခံတွင်းမဟာနိုင်အောင်၊ လျှာမလှုပ်နိုင်အောင် စောင့်ရှောက်တော်မူကြပါစေကုန် သတည်း)

ဟုအနက်ရသော "ပရိမိတ္တဇာလသုတ်" ကို မာန်ပါပါ ရွတ်ဆိုနေပါသည်။ သိပ်မကြာ လိုက်ပါ။ အံ့ဩစရာကောင်း လောက် အောင်ပင် ကင်းမလက်မည်းကြီးများသည် တရွေ့ရွေ့ဖြင့် ပြန်လည်ထွက်ခွာ ကုန်ကျသည်။ ၎င်းတို့ထွက်လာရာ ကျောက်ကြိုကျောက်ကြား များအထဲ ပြန်လည် ဝင်ရောင်ကုန်၏။ဆယ်မိနစ်ခန့် အချိန်အတွင်းမှာပင် တစ်ကောင်မျှ မတွေ့ရတော့။

ပရိမိတ္တဇာလသုတ်၏ အစွမ်းကို ယခုမှမျက်ဝါးထင်ထင် တွေ့ လိုက်ရတော့သည်။ ဗုဒ္ဓ၏တန်ခိုး ရှန်စော်အာနဘော် ကားကြီး မားလှပေစွ။ ထိုသို့ အန္တရာယ်ကင်းသွား၍ ကျွန်ုပ်တို့လည်း ရှေ့ဆက်နိုင်ကြတော့သည်။ ဟိုပတ်ဒီကွေ့ဖြင့် လျှောက်လာရင်း ခြောက်ထောင့်ကြယ်ပုံကျွန် အခန်းတစ်ခုသို့ ရောက်လာခဲ့သည်။

"ဟုတ်ပြီ။ ဒီနေရာပဲ။ မြေပုံထဲမှာ ကြယ်ပုံအခန်း အလယ် ဗဟို၌ အံဝှက်တည်ရှိ၏။ ထိုအံ ဝှက်သည် သော့ချက်ပင်တည်း . . . လို့ဆို ထားတယ် . . . "ဟုကျွန်ုပ်က အားတက်ရှင်မြူးစွာပြောနေချိန်၌ ဦးမင်းကျော်က အရပ်လေးမျက်နှာသို့ ရှိခိုး၍ ပါးစပ်မှလည်း တတွတ် တွတ်ရွတ်ဆိုနေ လေသည်။

ကျွန်ုပ်သည် အံ့ဖွယ်ကို သည်းသည်းမည်းမည်း လိုက်ရှာပါတော့သည်။ တစ်နေရာအရောက်တွင် နင်းထားသော ကျောက်ပြားသည် "ကျွီ" ကနဲ မြည်သံနှင့်အတူအောက်သို့ တစ်ပေ ခန့်နိမ့်ဆင်း သွား၏။ အံ့သြစွာဖြင့် ကြည့်လိုက်ရာ နိမ့်ဆင်းသွားသောနေရာတွင် မောင်းတံလေးတစ်ခုကို တွေ့၍ဆွဲလှည့်လိုက်ရာ...

"ကျွီ...ဝရော...ရော... ဝုန်း..." ဟူသော မြည်သံနှင့်အတူ ကျွန်ုပ်တို့ အရှေ့မှ ကျောက် ချပ်ကြီးကားတံခါးတစ်ချပ်ကဲ့သို့ ပွင့်ဟသွားတော့သည်။

"ဟာ...ဟား... အောင်ပြီ...၊ အောင်ပြီကွ။ ရတနာသေတ္တာကို တွေ့ပြီကွာ..."

"ကိုနန်းဝေ...သတိထားနော်..."

ထိုအခန်းရှိ ကျောက်တုံးထက်၌ ရတနာသေတ္တာကို တွေ့လိုက်ရပြီဖြစ်၏။ အနီးသို့တိုးကပ်သွားသော် စိုက်ထူထားသော ကျောက်ပြားတစ်ချပ်ကိုထပ်တွေ့၍ ဖုန်မှုန့်၊ သဲမှုန့်များကိုပွတ် တိုက်ချလိုက်သောအခါ ကျောက်ပြားတွင် ရေးထိုးထားသော လှပသေသပ် သော စာများကို တွေ့လိုက်ရတော့သည်။

ကျွန်ုပ်စဉ်းစားမိသလောက် ဂျပန်တွေမြှုပ်နှံစဉ်က အခြေ နေ နှင့်မတူ၊ တစ်စုံတစ်ဦးတစ်ယောက်က ပြုပြင်ထိန်းသိမ်းထားဟန်ရှိသည်။ နှစ်ယောက်သားစာကို ဂရုတစိုက် ဖတ်ကြည့်လိုက်မိကြသည်။ စာမှာ အောက်ပါအတိုင်းဖြစ်၏။

(သတိ။ ။ဤရတနာများကားလောကသားများနှင့် မသက်ဆိုင်။ အရိ မေတ္တယျဘုရားရှင်အား ရည်စူးပူဇော်ထားပြီးဖြစ်၍ အားထုတ်သူတို့ သည် ဆိုးရွားသောပြစ်ဒဏ်ကို ကြုံကြရမည်။ ဤစာကိုမြင်သူသည် အသိဝင်၍ပြန်ထွက်ခွာလေလော့။ ထိုသို့မဟုတ်က သင့်အား သတ်ဖြတ်ရန် မိစ္ဆာကောင်သည် သင်၏ အနောက်တွင် စောင့်ကြိုလျှက်ရှိပေမည်။)

ကျောက်စာတွင် ရေးထားသောစာများကို ဖတ်ရပြီးနောက် ကျွန်ုပ်လည်း ကြောက်လန့်စိတ်ဖြင့် နောက်သို့လှည့်ကြည့်လိုက်ရာ…

"ဟိုက် … မြတ်စွာဘုရား. . .ဘာကောင်ကြီးပါလိမ့်"

ကျွန်ုပ်မြင်လိုက်ရသည်ကား လူတစ်ယောက်၏ ခန္ဓာကိုယ် နှင့် မြွေဦးခေါင်းရှိသော သတ္တဝါကြီးပင်တည်း။ ကျန်ကျောက်ဂူကိုဝင် စကတွေ့ခဲ့သောမြွေဟောက်ဦးခေါင်းနှင့် လူ့ခန္ဓာကိုယ်တွဲဆက်နေ သောမိစ္ဆာကောင်ကြီးပင်ဖြစ်၏။ ထူးဆန်းတာက ထိုအကောင် ကြီးဝတ် ဆင်ထားသည်မှာ ကျွန်ုပ်မိတ်ဆွေ ဦးမင်းကျော်၏ အဝတ်အစားများ ဖြစ်နေ၏။

သို့ဆိုလျှင် ဦးမင်းကျော်သည်ပင် မိစ္ဆာကောင်ကြီးအဖြစ် ပြောင်းလဲသွားလေရော သလား။ အနီးအနားကိုရှာဖွေကြည့်သော်လည်း ဦးမင်းကျော်၏ အရိပ်အယောင်ကိုပင်မတွေ့။ ထိုသို့ ကြည့်နေစဉ် ထိုမိစ္ဆာအကောင်ကြီးသည် ရဲရဲနီသော မျက်လုံးများဖြင့် ကြည့်ရင်း ကျွန်ုပ်ရှိရာ ချဉ်းကပ်လာပါတော့သည်။

"လာခဲ့စမ်း…မိစ္ဆာကောင်"

မထူဇာတ်ခင်း၍ ကျွန်ုပ်ကဦးစွာ ဓားဖြင့်ဝင်ခုတ်၏။ မိစ္ဆာ ကောင်ကြီးကလည်း ကျွန်ုပ်ကို "ဝုန်း" ကနဲ့ ခုန်အုပ်လိုက်၍ နစ်ယောက် သားလုံးထွေးလဲကျသွားတော့သည်။ ယခုအချိန်တွင် ရတနာသေတ္တာ ထက် မိမိအသက်ရှင်သန်ရေးအတွက် ကြိုးစား နေရသည်။ ရှိသမျှခွန် အားကိုထုတ်သုံး၍ ကျားကုတ်ကျားခဲ တိုက်ခိုက်ရတော့၏။

လက်စွဲတော်ဓားမှာလည်း လွင့်စဉ်ကျသွားပြီဖြစ်၍ ကျွန်ုပ်မှာ လက်ဗလာဖြင့်သာ အား ထားတိုက်ခိုက်ရတော့၏။ နစ်ယောက်စလုံးတွင်လည်း ဒဏ်ရာကိုယ်စီရလျှက် သွေးချင်းချင်း နီလျှက်ရှိတော့၏။ ခြေကုန်လက်ပန်းလည်း ကျနေပြီ။ နောက်ဆုံးတွင် ကျွန်ုပ်ခန္ဓာကိုယ်ကို အပေါ်စီးမှခွလျက်သားရှိနေသော မိစ္ဆာကောင်ကြီးကို ခြေထောက်ဖြင့် အောက်မှ အားကုန်ပင် ကန် လိုက်၏။

"ဝုန်း"

"အူး"

ထိထိမိမိ ကန်ချက်မိသွား၍ မိစ္ဆာကောင်ကြီးမှာ ဝုန်းကနဲလွင့်စဉ်၍ပုံပျက်ပန်းပျက် ခွေကျသွားတော့၏။ ထိုအခြေအနေကိုလက်လွှတ်မခံလို၍ အပြီးပြတ်ရှင်းရန် ကြံရွယ်၍ ဓားကိုပြေးကောက်ကာ မိစ္ဆာကောင်ကြီး ရှိရာသို့ ဦးတည်လိုက်၏။ ထိုစဉ်...

"ကိုနန်းဝေ...မလုပ်နဲ့...မလုပ်နဲ့...မှားကုန်မယ်"

ဟု အော်လိုက် သော ဦးမင်းကျော်၏အသံကို ကြားလိုက်ရ၍ ရှေ့နောက်ဝဲယာလိုက် ကြည့်သော်လည်းမတွေ့။

"ကိုနန်းဝေ...ဒီမှာလေ"

အသံမှာ မိစ္ဆာကောင်ကြီးဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကျွန်ုပ်မှာ အံ့သြစွာဖြင့် မှင်သက်မိရင်းငေးကြည့်နေမိ၏။

"ကိုနန်းဝေ. . . ခင်ဗျား စိတ်ကိုငြိမ်အောင်ထိန်းလိုက်စမ်းပါ။ ကျုပ်ကို မိစ္ဆာကောင်လို့ ခင်ဗျားမြင်နေတာ ကျုပ်သိတယ်။ တကယ် တော့ ဒါတွေဟာ လမိုင်းတွေပဲ။ လမိုင်းတွေရဲ့လှည့်စားမှုကို ကျုပ်တို့ခံနေရတာ။ အချင်းချင်း အထင်မှားအမြင်မှားဖြစ် အောင်လုပ်လိုက် တာ။ ခင်ဗျားက စိတ်ဓာတ်ပြတ်သားသူပဲ။ အရှုံးမပေးနဲ့။ စိတ်ကိုလည်း စုစည်း၊ သတိ မလွှတ်စေနဲ့။"

ဦးကျောက်ထဲမှာ ချာချာလည်နေ၍ ဘာလုပ်ရမှန်းမသိ တော့။ ဦးမင်းကျော်ပြောသလို လုပ်ကြည့်လိုက်သည်။ ထွက်သက်၊ ဝင်သက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။ စိတ်အာရုံကို မပျံ့လွင့်အောင် သတိနဲ့ ထိန်းချုပ်လိုက်သည်။ သိပ်မကြာလိုက်။ လှုပ်ရှားနေသော စိတ်တို့တည်ငြိမ် လာခဲ့ပြီ။ နောက်ကျိနေသမျှ ကြည် လင်လာခဲ့ပြီ။

မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်တော့ ပထမဆုံးမြင်တွေ့လိုက် ရတာက ဦးမင်းကျော်။ ခုနကတွေ့ရသလို လူတစ်ပိုင်း၊ မြွေတစ်ပိုင်း မဟုတ်တော့။

"ကျုပ်လည်း ခင်ဗျားလိုပဲ ကိုနန်းဝေ။ ခင်ဗျားကို မိစ္ဆာကောင် ကြီးလို့မြင်လာတယ်။ စိတ်ကိုမနည်းထိန်းချုပ်ထားရတယ်။ ကျုပ်တို့တ တွေ တစ်ယောက်ကိုတစ်ယောက် အမြင်မှားတွေဝင်ပြီး တိုက်ခိုက်မိကြ တာ။ ကံကောင်းလို့မသေတယ်မှတ်"

သိပ္ပံဝါဒီသမားဖြစ်သော ကျွန်ုပ်မှာ အခုမှနာမ်လောက၏ ပရိယာယ်၊ လှည့်စား တတ်မှု တို့ကိုကိုယ်တွေ့မြင်သိလာရတော့လည်း ပြောမယုံ ကြုံဖူးမှသိဆိုသကဲ့သို့ အသက်နှင့် ရင်း၍ ရလိုက်သော အတွေ့ အကြုံဟစ်ခုပင်တည်း။

"အင်း . . . အံ့ဩစရာလည်းကောင်းပါလေရဲ့ဗျာ။ ခင်ဗျားကို သတ်မိတော့မလို့။ ကံကောင်းလို့ပေါ့ဗျာ။ ကျုပ်ကိုခွင့်လွှတ်ပါ ကိုမင်းကျော်"

ကျွန်ုပ်မှာသံဝေဂရစွာဖြင့် မိတ်ဆွေဖြစ်သူအပေါ် တောင်းပန်ရလေတော့သည်။ ကိုမင်းကျော်ကလည်းခွင့်လွှတ် နားလည်ခြင်းများစွာဖြင့် ကျွန်ုပ်ကို ပြုံးပြပါသည်။ ထိုစဉ်မှာပင်

"ဝရော... ဝုန်း...ဒုန်း"

"ဟာ . . .မြေငလျင် လှုပ်တာလား"

"ကျောက်တုံးတွေ ပဲ့ကြွေလာပြီ။ ဂူကြီးပြိုတော့မယ် ကိုနန်းဝေ။ အပြင်ထွက်။ မြန်မြန်အပြင်ထွက်"

ဦးမင်းကျော်၏ စကားမဆုံးခင်မှာပင် ဂူတစ်ခုလုံးသိမ့်သိမ့်ခါ မျှ တုန်ခါသွားပြီး မြေသားနံရံတစ်ချို့ပြိုဆင်းကျလာတော့၏။ ကျောက် တုံး၊ ကျောက်ခဲများဖုန်မှုန့်၊ သဲမှုန့်များကလည်းပျံ့နှံ့လာ၍ သဲကွဲစွာပင် မမြင်ရတော့။

"မြေငလျင်လှုပ်နေပြီ။ ဂူပြိုတော့မယ်။ ပြေး . . . ကိုနန်းဝေ အပြင် ထွက်ပြေး"

ဖုန်မှုန့်များကြားမှ ဦးမင်းကျော်၏ သတိပေးသံကြားမှ ကျွန်ုပ် လည်းစတင် လှုပ်ရှားရတော့သည်။ ကျွန်ုပ်ထိပ်တည့်တည့်မှ ကျောက်တုံး ကြီးတစ်လုံးကအရှိန်ဖြင့်ပြုတ်ကျလာ၏။ ကျွန်ုပ်သာ ခြေလှမ်း နောက်ကျခဲ့သော် အသက်ဇီဝိန်ချုပ်နေလောက်ပြီ။ သွက်သွက်ခါ အောင်

လှုပ်ယမ်းတုန်ခါနေသော ဂူကြီး၌ကျောက်တုံး၊ ကျောက်ချပ်များက တစ်ခုပြီးတစ် ခုပြိုကြလာရာ ဖုန်မှုန့်တထောင်းထောင်းထစု၍ ခင်ဗျား ထနိုင်လား။ ခင်ဗျားလည်းထွက်တော့လေ။"

"ကိုမင်းကျော် . . . ခင်ဗျားဘယ်မှာလဲ။ ခင်ဗျားထနိုင်လား။ ခင်ဗျားလည်း ထွက်တော့ လေ"

"သွား...သွား...ကိုမင်းကျော်...ခင်ဗျားလွတ်အောင်ထွက်တော့။ အချိန်မရှိတော့ဘူး။ ကျုပ်အတွက်မပူနဲ့၊ ဂူအပြင်ရောက် အောင် သာဖောက်ထွက်"

လူရုပ်မမြင်၊ အသံသာကြားလိုက်ရ၏။ ကျွန်ုပ်လည်း "တဝုန်း ဝုန်း" "တဝေါဝေါ" ပြိုကျ နေသောဂူကြီးမှ ဂမူးရှူးထိုးထွက် ပြေးရ တော့၏။ ရတနာသေတ္တာကိုလည်း လှည့်မကြည့်နိုင်တော့။ကြောက် မက်ဖွယ် ဂူပြိုသံများကြားမှ "အား" ကနဲ စူးစူးရှရှအော်လိုက်သော ဦးမင်းကျော်၏အသံကိုလည်း ခပ်သဲ့သဲ့ကြားလိုက်ရသည်။ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ချပ်ကြီး တစ်ခုခုသည် ဦးမင်းကျော်အပေါ်သို့ ပြုတ်ကျထိမှန် သွားပုံရသည်။ သို့သော် သူ့ကိုမကယ်နိုင်။

ကျွန်ုပ်သည် လက်ကျန်အားကလေးဖြင့် ဂူပေါက်ဝသို့ ဦးတည်ပြေးနေမိသည်။ ကျွန်ုပ် အနောက်ဘက်တွင် ရတနာသေတ္တာ ရှိရာဂူကြီးသည် ပြိုကျပျက်စီးသွားခဲ့လေပြီ။ ဦးမင်ကျော်၏ အသံကို လည်းမကြားရတော့။ လက်မတင်လေးလွတ် မြောက်လာခဲ့သော ကျွန်ုပ်သည်ကား သေမင်းခံတွင်းမှ လွတ်မြောက်နိုင်ခဲ့သော်လည်း မိတ်ဆွေကြီး ဦးမင်းကျော်ကားပါမလာခဲ့။ အတန်ကြာသည်အထိ စောင့်ကြည့်သော်လည်း ဂူပေါက်ဝပိတ်သွားသည့်တိုင် ဦးမင်းကျော် တစ်ယောက် ပေါ်မလာခဲ့ပါ။

"ဘုရား . ဘုရား . ကိုမင်းကျော်တစ်ယောက် ကံဆိုးလှချည်လားကွယ်"

ကျွန်ုပ်အခုမှယူကျုံးမရ ပူဆွေးမှုများစွာဖြင့် တမ်းတရင်း စိတ်မကောင်းခြင်း ကြီးစွာဖြစ်နေမိသည်။ မိမိအပေါ်သည်းခံ ခွင့်လွှတ်စိတ် ကြီးမားစွာထားခဲ့သူ၊ မိမိအပေါ်စေတနာ၊ မေတ္တာကြီးမားခဲ့သူ၊ အစစအရာရာ ကူညီစောင့်ရှောက်ခဲ့သော ကျွန်ုပ်၏မိတ်ဆွေကြီး ကိုမင်းကျော်ကား ဇာတ်သိမ်းမလှ ဖြစ်ခဲ့ရသည်။

တကယ်ဆိုဖြစ်မယ့်ဖြစ် ကျွန်ုပ်သာဖြစ်သင့်သည်။ လောဘကြီးမားခဲ့သူမှာ ဦးမင်းကျော်မဟုတ်၊ ကျွန်ုပ်သာလျှင်ဖြစ်သည်။ သေမယ့်သေ ကျွန်ုပ်သာလျှင်သေသင့်သည်။ သို့သော်လောကကြီးကား ဆန်းကျယ်စွ။နားလည်ရခက်လှသော ကံကြမ္မာလှည့်စားမှုမှာ ကျွန်ုပ်သည် အသက်ရှင်ကျန်ရစ်သူဖြစ်ခဲ့ရသည်။

ဗုဒ္ဓဘာသာအမြင်အရ ဦးမင်းကျော်ကားဝဋ်ကြွေးကို ခန္ဓာဖြင့်ဆပ်သွားရာ သူဖြစ် သည်။ လောဘသားကောင်ဖြစ်သော ကျွန်ုပ်၌ အတိတ်ဘဝက ကုသိုလ်ကောင်းမှု တစ်ခုခုရှိခဲ့မည်ထင်ပါသည်။ ထို့ကြောင့်လည်းလောကဝဋ်ကြွေးများကိုထပ်မံဆပ်နိုင်ရန် ကျွန်ုပ်သည် ရှင်သန်ကျန်ရစ် သူဖြစ်နေရခြင်းဖြစ်ပါလိမ့်မည်။ အသက်ရှင်သမျှ လက်ကျန်ဘဝ၌လည်း ဒုက္ခကိုတစ်လှည့်စီခံစားရင်း ပေးဆပ်ရပေဦးမည်။ အကြွေးဆပ်ရဦး မည်။

ဤအဖြစ်အပျက်များကို နောင်လာနောင်သားများ သတိပြု သံဝေဂရစေရန်၊ ဝဋ်ကြွေးကိုပိုရှည်အောင် မဆွဲဆန့်မိစေရန် ရည်ရွယ်ချက်ဖြင့် ကျန် "ရှမ်းအိမ်တောင်မှတ်တမ်း" ကိုအခါအခွင့်သင့်က ရေးသားမှတ်တမ်းတင်၍ သားစဉ်မြေးဆက် ဘိုးဘေးအမွေအဖြစ် ထားရှိခဲ့မည်ဟု တောင့်တဆန္ဒဖြစ်ရင်း လာရာလမ်းအတိုင်း တစ်ဦးတည်းပြန်ခဲ့ ပါတော့သတည်း။ ။

(NOV-2008)
(မနုစာရီမဂ္ဂဇင်း)
ကျေးဇူးတင်ပါသည်။
(ဝသုန်ဟိန်းထက်)
(oct:2011)

❖❖❖

# ၂။ နီးလာသော မှော်ဝင်ရုပ်တု အန္တရာယ်

**ဝသုန်ဟိန်းထက်**

## ၂။ နှီးထလာသော မော်ဝင်ရှစ်တု အနုရာယ်

## အခန်း(၁)

"စိတ်ဝင်စားမှုများ၏ နောက်ကွယ်တွင် စွန့်စားခြင်းများ ဖြစ်ပေါ်လာရ၏။"

ဤစကား၏ အဓိပ္ပါယ်သက်ရောက်မှုသည် ကျွန်တော့် အတွက် ပိုမှန်ပေလိမ့်မည်။ ကျွန်တော် "သူ့"ကို စိတ်ဝင်စားနေမိသည်။ သူက ဘာလဲ၊ ဘယ်လိုလူစားမျိုးလဲ။ သူဘာတွေလုပ်နေလဲ။ သူရဲ့လျှို့ဝှက် အကြံစည်က ဘာပါလဲ။ သူကဘာကြောင့် သူများတွေထက် ပိုထူးခြားနေရတာလဲ။

"သူ"... ဆိုတာက "ဦးသိုက်မင်း"၊ နေတာကသစ်ပင်ကြီးများ အုပ်ဆိုင်းနေသော ခြံဝန်းကျယ်ကြီးထဲမှာတော့တစ်ယောက်တည်း။ ဒီခြံကြီးသို့ပြောင်းရွှေ့လာသည်မှာလည်းမကြာသေး။ကြားရတာကတော့ ဘယ်သူမှ မနေရဲတဲ့ သရဲခြောက်တယ်လို့ နာမည်ကြီးနေတဲ့ ခြံကြီးကို ဈေးပေါပေါဖြင့်ဝယ်ယူခဲ့သူ။ ပတ်ဝန်းကျင်နဲ့လည်း အဆက် သွယ်မပြု။

ဒီတော့ ကျွန်တော်စိတ်ဝင်စားမိလာသည်။ ပိုဆိုးတာက ကျွန်တော်တို့က ခြံချင်းကပ်။ ဒီအိမ်ကြီးမှာတစ်ယောက်တည်းနေတာ ကို သူမကြောက်ဘူးလား။ ကျွန်တော်ရဲ့စတင်စိတ် ဝင်စားမှုက ဒီကာစ ခြင်း ဖြစ်၏။ သိုသိပ်စွာနေထိုင်သွားလာတတ်သော သူ့အပြုအမူတွေကို က ကျွန်တော့်အတွက် စိတ်ဝင်စားစရာ။ တစ်ချို့ကလည်းပြောကြ သည်။ ဒီလူကြီးက အောက်လမ်းဆရာကြီးတဲ့။ မှော်ဆရာကြီးတဲ့။ တစ်ချို့ အပြောက ဦးသိုက်မင်းက မျက်လှည့်ဆရာကြီးဆိုပဲ။

ဘာပဲဖြစ်ဖြစ်အရာရာသည်သူနှင့်ပတ်သတ်လျှင် ကျွန်တော် အတွက် စိတ်ဝင်စားစရာချည်းပင်၊ ဒီနေ့ညတော့ ကျွန်တော် ဆုံးဖြတ် လိုက် သည်။ သူ့ခြံထဲခိုးဝင်မည်။ လက်ကနာရီကို ကြည့်လိုက်တော့ နေ့ လည်နှစ်နာရီခွဲ။ ကျွန်တော်ရဲ့တစ်ဦးတည်းသော ညီလေးက အခု လောက်ဆို နှစ်ခြိုက်စွာ အိပ်မောကျနေလောက်ပြီ။ ဖေဖေနဲ့ မေမေညနေ ငါးနာရီရုံးဖယ်ရီနဲ့ ပြန်လာမှာဆိုတော့ အိမ်ကိုခြောက်နာရီ မတိုင်မီ ရောက်ပေလိမ့်မည်။

ဒီအချိန်သည် ကျွန်တော့်အတွက် အချိန်ကောင်းပင်။ အရာရာ သည်တိတ်ဆိတ်နေပါသည်။ ကျွန်တော်တို့ရပ်ကွက်လေးက ဆိတ်ငြိမ်ရပ် ကွက်လေးဖြစ်၏။ ဟိုဘက်ခြံကို ကြည့်လိုက်တော့လည်း ဘာအသံမှ မကြားရ။ လူရိပ်လူယောင်လည်းမမြင်။ သူခြံတံခါးကိုတော့ အထဲ ကပိတ် ထားပုံပေါ် သည်။ ကိစ္စမရှိပါ။

ကျွန်တော်၏ လမ်းကြောင်းကို ကျွန်တော်ကိုယ်တိုင် ရွေး ချယ်ခဲ့ပြီးဖြစ်၏။ အိမ်နောက် ဘက်ခြံစည်းနံဘေးမှ မာလကာပင်ပေါ်သို့ အခက်အခဲမရှိ တက်ရောက်နိုင်ခဲ့သည်။ ဦးသိုက်မင်းတို့ခြံထဲ ထိုးထွက် နေသောမာလကာကိုင်းမှတဆင့်ကျွမ်းကျင်စွာဖြင့်ကျွန်တော်ဆင်းလိုက် နိုင်ခဲ့ပြီ။ ချက်ချင်းပင် ပိန်းပန်းအိုးကြီးနောက်သို့ ပြေးဝင်ကပ် လိုက်သည်။ ပိန်းရွက်ဖားဖားကြီးများက ကျွန်တော့်အတွက် အကောင်း ဆုံးမျက်ကွယ် တွေတည်း။ ကျွန်တော်သည် ဦးသိုက်မင်း တို့အိမ်၏ အနောက်ဘက် တည့်တည့်မှာ နေရာယူပြီးဖြစ်သည်။

ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်၏။ တစ်စုံတစ်ရာ ပြဿနာမရှိ။ သူ့အိမ်က R.C တစ်ထပ်တိုက်လေးဖြစ်သည်။ သေချာတာက အိမ်တံခါးတွေကို လုံခြုံစွာ သူပိတ်ထား ပေလိမ့်မည်။ ကိစ္စမရှိပါ။ ထို့အတွက် ကြိုတင်ရွေးချယ်ပြင်ဆင်ပြီးဖြစ်သည်။ ကျွန်တော်၏ကြိုတင်လေ့လာစူးစမ်းမှုက ကျွန်တော့်ကို ကောင်းစွာအကျိုးပြုနေပါ သည်။ ထိုမျှသာမက ကျွန်တော်နှစ်သက်စွာ ကြည့်တတ်သော ကွန်မန် ဒိုစစ်ကားများ၊ စုံထောက်ကားများသည် ကျွန်တော်၏ မြင်ဆရာ များပင် ဖြစ်နေပါတော့၏။

အိမ်အနောက်တံခါးမကြီးအနီးတွင် စားပွဲအဟောင်းကြီး တစ်လုံး ရှိနေသည်။ ထိုစားပွဲပေါ်တွင် မီးသွေးခြင်းတစ်ခြင်တင်ထားပါသည်။ ကြိုတင်စဉ်းစားထားသည့်အတိုင်း ကျွန်တော်က ပန်းအိုး အလွတ်တစ်လုံးကိုယူ၍ စားပွဲပေါ်မှောက်တင်လိုက်သည်။ လျှင်လျှင်မြန်မြန်နှင့် အသံမထွက်အောင် လုပ်နိုင်ခဲ့သော ကျွန်တော့်ကိုယ်ကျွန်တော် ချီးကျူးမိသည်။ ထိုပန်းအိုး ပေါ်တက်လိုက်တဲ့ အခါမှာတော့ လေဝင်ပေါက်ကို ကောင်းစွာမှီ သွားပါသည်။

ထိုနေရာတွင် လေဝင်ပေါက်နှစ်ပေါက်ထားရှိပြီး လူမဝင်နိုင်ရန်အတွက် အလျားလိုက် သံချောင်းနှစ်ချောင်းစီ ထည့်ထားသည်၊ သို့သော်လည်း တစ်ပေါက်တွင်တော့ သံချောင်းတစ် ချောင်းသာရှိ၏။ တစ်ချောင်းမရှိရုံနှင့် လူကြီးတစ်ဦးဝင်ရန် မဖြစ်နိုင်သော်လည်း ခုနှစ်တန်းကျောင်းသား၊ အကောင်သေးသေး ကျွန်တော့်အတွက်တော့ ကွက်တိ ဖြစ်နေပါသည်။

ထိုလေဝင်ပေါက်မှပင် ကျွန်တော်ဝင်၍ အတွင်းဘက်မှဆင့် တန်းများကို နင်းကာ ဆင်းသက်နိုင်ခဲ့သည်။ ကျွန်တော်ရောက်နေ သည်ကား ဦးသိုက်မင်း၏ မီးဖိုချောင်ဖြစ်ပါသည်။ အိမ်တစ်အိမ်ထဲသို့ ပိုင်ရှင်မသိပဲ ခိုးဝင်ရောက်ခြင်းသည် ဥပဒေနှင့် ညီစွန်းနိုင်သည်၊ မနိုင် သည်ကို ကျွန်တော်သေချာစွာမဝေခွဲတတ်ပါ။ ကျွန်တော်ပြောနိုင်တာက "ကျွန်တော်ခိုးရန်လာခြင်း မဟုတ်၊ ထို့ကြောင့် အပြစ်မရှိ။"

အိမ်ကြီးသည် ထင်ထားတာထက် ပိုမိုရှည်လျား ကျယ်ဝန်း ရုံမျှ မက အခန်းများလည်း ထင်တာထက် ပိုမိုများပြားနေတာတွေ့ရ၏။ ထူးခြားတာက ဦးသိုက်မင်း၏ အရိပ်ယောင်ကိုမျှမတွေ့ရ၊ အသံက လည်းတိတ်ဆိတ်နေ၏။ ခြေကိုဖော့နင်း၍ ဟိုကြည့်ဒီကြည့်ဖြင့် လျှောက်လာခဲ့သည်။အခန်းတစ်ခုထဲတွင်တော့ သစ်သားစင်များဖြင့် တင်ထားသောရုပ်တုကြီး၊ သေးများစွာကို တွေ့လိုက်ရသည်။

ရုပ်တုတွေက မျိုးစုံလှသည်။ အရွယ်အစားကလည်းစုံ၊ အရောင်အသွေးကလည်းစုံသည်။ ထူးဆန်းသော ဒီဇိုင်းရုပ်တုများကို အများဆုံးတွေ့ရသည်။ ဝံပုလွေဦးခေါင်း၊ လူခန္ဓာကိုယ် တွဲဆက်ထား သောရုပ်တု၊ ပုတ်သင်ညိုဦးခေါင်းနှင့် လူခန္ဓာကိုယ် တွဲဆက်ထားသော ရုပ်တု၊ နွားခေါင်း၊ ကျွဲခေါင်း၊ မိကျောင်းခေါင်းနှင့် လူခန္ဓာကိုယ် တွဲဆက် ထားသော ရုပ်တုများကို အံ့သြစွာတွေ့လိုက်ရသည်။ ကျွန်တော်စိတ် ဝင်စားမိသည် က ဝံပုလွေဦးခေါင်းနှင့် လူခန္ဓာကိုယ် တွဲဆက် ထားသော ရုပ်တု။

ရုပ်တုမှာ ခြောက်လက္ခခန့်ရှိသည်။ ဦးခေါင်းကို ဝံပုလွေဦး ခေါင်းပုံ ထုဆစ်ထားသည်။ သွားဆွယ်ဖွေးဖွေးနှင့် မာန်ဖီနေသော ဝံပုလွေတစ်ကောင်၏ ကြမ်းကြုတ်မှုဟန်ပေါ်လွင်နေသည်။ အောက် ပိုင်းကတော့ လူတစ်ယောက်ရပ်နေသည့်ပုံ၊ ထူးခြားတာက လူခန္ဓာကိုယ် တစ်ခုလုံးကို မမ်မီကဲ့သို့ စည်းနှောင်ထား၏။

အထွေအထူးမစဉ်းစားတော့ဘဲ ထိုအရုပ်လေးကို ဆတ်ကနဲ ကောက်ကိုင်၍ ကျွန်တော့် ဘောက်ဘီအိတ်ထဲထည့်လိုက်သည်။ ကျွန်တော်ကိုယ်တိုင် မရည်ရွယ်ထားသော လုပ်ရပ်၊ ဘာကိုမှ ခိုးယူရန် မဟုတ်ဟု ဝင်လာခဲ့သော ကျွန်တော်သည် ထိုအရုပ်ကိုမှ ဘာကြောင့် မတ်မော သွားရပါသနည်းဆိုတာ ကျွန်တော် ကိုယ်တိုင်ပင် သေချာစွာ မသိ၊ မမြင်ရသောဆွဲအားတစ်တခု၊ ပတ်သက်မှုတစ်ခုခုသည် ထိုအရုပ်နှင့် ကျွန်တော့်အကြားမှာ သေချာစွာရှိနေပါလိမ့်မည်။ သို့သော် ထိုပတ်သက်မှု၏နောက်ကွယ်၌ လွန်စွာကြောက်စရာ ကောင်းသော ဖြစ်ရပ်ဆန်းကြီးတစ်ခု ရှိနေမည်ကိုတော့ ထိုစဉ်က စဉ်းစား မိခြင်းပင်မရှိ။

အခြားနေရာများ၌တော့ ဖန်ပုလင်းနှင့် ထည့်ထားသော အ ကောင်ငယ်လေးများ၊ စိမ်းရွှေရွှေအရည်များ၊ မည်သည့်အကောင်၏ အရိုးမှန်းမသိရသော အရိုးဖြူဖြူများ၊ တစ်နေရာ တွင်တော့ လူသား ငယ် တစ်ဦး၏ ဦးခေါင်းတစ်ခု၊ နံရံတွင် ဆွဲထားသော အင်းကွက်နှင့် အက္ခရာ များ...။

သေချာပါသည်။ ဦးသိုက်မင်းဆိုတဲ့လူကြီးသည်အောက် လမ်းဆရာ၊ မှော်ဆရာကြီး တစ်ဦးဖြစ်မည်မှာ သေချာနေပါ သည်။ ပိုထင်ရှားတဲ့ တစ်ချက်က အနက်ရောင် ခေါင်းတလား ကြီးတစ်လုံး အတွင်းဝယ် ငြိမ်သက်စွာ အိပ်နေသူကားအခြားသူမဟုတ်။ "ဦးသိုက်မင်း" ကိုယ်တိုင်ပင် ဖြစ်နေပါတော့သည်။

ကျွန်တော်သည် အခြေနေကိုကောင်းစွာ ရိပ်စားမိပြီဖြစ်၍ ထိုနေရာမှ အမြန်ဆုံး ပြန်ထွက်ခွာလာခဲ့သည်။ ထိုစဉ်ကလိုပင် ပြဿနာမရှိ။ အဆင်ပြေစွာပင် ကျော်လွှားနိုင်ခဲ့သည်။ ကျွန်တော်၏ လျှို့ဝှက်စွန့်စားမှု ကို မည်သူမျှမသိပဲအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့၍ သော်လည်း ကျွန်တော် ကိုယ်ကျွန်တော် ဂုဏ်ယူစွာဖြင့် ကျေနပ်နေမိသည်။

❖❖❖

# အခန်း(၂)

"သားကြီး . . . ညနေသုံးနာရီထိုးရင် ညီလေးကို ကျူရှင်မှာသွားကြို နော်၊ စက်ဘိန်းကို တအားမနင်းနဲ့နော်၊ ရေနွေးလည်းကျိုထား၊ အပြင်လျှောက်၊ လျှောက်မသွားနဲ့ . . . သိလား . ."

"ဟုတ်"

မှာနေကျအပ်ကြောင်းထပ်စကားတွေ မှာကြားပြီး ဖေဖေနဲ့ မေမေက ထွက်သွားပြီး။ ညီလေးကိုပါ ခေါ်သွား၍ အခုဆို အိမ်မှာတစ်ယောက်တည်း။ နွေရာသီကျောင်းပိတ်ရက်သည် ကျွန်တော်အတွက် တော့ပျင်းရိဖွယ်ရာကောင်းလှ၏။ သူငယ်ချင်းတွေကလည်း တစ်ခါတစ်ရံမှသာလာကြသည်။ ကျွန်တော်တို့အိမ်ကမြို့ပြင်အစွန် တွင် ဖြစ်၍လည်း အခုလိုအဆက်သွယ်ဖြတ်ရခြင်းဟု ကျွန်တော်ထင်သည်။

ဒါပေမယ့် ဒီနေ့တော့ ကျွန်တော် မပျင်းပါ။ အလုပ်သစ် တစ်ခု က အသင့်ရှိနေပါသည်။ ဦးသိုက်မင်းဆီက ခိုးလာသောရုပ်တုကို စစ်ဆေးကြည့်မည်။ တကယ်တော့ ဘာမှသိနားလည်လို့တော့ မဟုတ်။ စူးစမ်းရုံ သက်သက်သာဖြစ်၏။ အပိုင်လည်းမယူလိုပါ။ ကျေနပ်စွာ စစ်ဆေးကြည့်ရှုပြီးက ယူလာတုန်းကလိုပဲ ပြန်သွားထားလိုက်ပေမည်။

အံဆွဲထဲက အရုပ်ကို တယုတယထုတ်ယူ၍ စားပွဲပေါ်ထောင်လိုက်သည်။ ဝံပုလွေမျက် လုံးအစုံက ကျွန်တော်ကို စူးစူးရဲရဲစိုက်ကြည့်နေသလို။ မမ်မီလို စည်းနှောင်ထားသောလူ ခန္ဓာကိုယ်ကမူ မာကျောခြင်းမရှိ။ ဘာကြောင့် စည်းနှောင်ထားတာကိုက စိတ်ဝင်စားကောင်းနေမှန်းမသိ။ ခဲတံချွန်ဓားဖြင့် ဗင်းဝမ်းဗိုက်နေရာကို ခွဲချကြည့်လိုက် သည်။

အဝတ်ဖြူစများအောက်မှ သားရေတစ်ခုခုဖြင့် ပြုလုပ်ထားသော အရုပ်က ပေါ်ထွက် လာသည်။ အထဲမှာဘာ တွေဆက်ရှိဦးမလဲ ဟူသော စိတ်ဖြင့် ဓားကို ထပ်ဆွဲချလိုက်စဉ်…"အား"

ဓားက ကျွန်တော်လက်ညိုးကို ရှပ်ထိသွားပြီ။ နီရဲရဲသွေး တွေ က ချက်ချင်းစီးကျလာ၏။

သွေးတွေက မမ်မီအရုပ်ကိုပါ စွန်းထင်းသွားစေခဲ့ပြီ။ ကျွန်တော်က အံကြိတ်၍ လက်ကိုဖိညှစ်ကာ ပလာစတာကပ်ရန် အထဲမှာပဲ တံတောင်ဆစ်နှင့် တိုက်မိ၍ ဝံပုလွေအရုပ်က ကြမ်းပေါ်ပြုတ်ကျသွားတော့သည်။

အရုပ်ကို မကောက်အားပဲ အိမ်နောက်ဘက်ပြေး၍ လက်ကို ရေဆေးသည်။ ဝါဂွမ်း နည်းနည်း ယူ၍ဒဏ်ရာပေါ်ဖိကာ အပေါ်မှပလာစတာကပ်ချလိုက် သည်။ ဒဏ်ရာမများပေမယ့် တစစ်စစ်နာကျင်နေ၏။ ရင်မောမောဖြင့် သောက် ရေတစ်ခွက်ခပ်သောက်ကာ အိမ်ရှေ့အခန်း ထဲ ပြန်ဝင်လာခဲ့သည်။

"ဟင်…"

ကျွန်တော် အံ့ဩသွားရပြီ။ ကြမ်းပေါ်မှ လဲကျနေသော အရုပ် က အခုမတ်တပ်ရပ်လျှက် …။

"ဒါ…ဒါ…ဘယ်လိုဖြစ်တာလဲ…"

ဝံပုလွေ၏မျက်လုံးအစုံသည် ပို၍နီရဲလာသလို…။ ပိုထူဆန်းတာက ရုပ်နံ့ဘေးတွင် အဝါရောင်မီးခိုးတစ်ချို့ လူပ်ရှားပိုင်း ပတ်လျှက် ။

"ဘုရား …ဘုရား…၊ အရုပ်က အသက်ဝင်လာတာလား"

ကျွန်တော်လက်မှ သွေးတွေက အရုပ်အပေါ်စီးကျခဲ့သည်။ ထိုသွေးကြောင့် ရုပ်ထုက အသက်ဝင်လာခဲ့လေသလား။ အရုပ်အရွယ်အစားကပိုကြီးလာသလို။ အခုဆို တစ်ပေခန့် ရှိနေပြီ။ အပေါ်က ဝံပုလွေဦးခေါင်း၊ အောက်က လူခန္ဓာကိုယ်နှင့် လွန်စွာအကြည့်ရဆိုးသော ထိုအရုပ်သည် မျက်တောင်တစ်ချက်ခတ်သွားသည်ကို ကျွန်တော်အသေအချာ တွေ့လိုက်ရသည်။

"သေချာပြီ...တကယ်သေချာတယ်။ ဒီရုပ်တုအသက်ဝင်လာပြီ။ လက်...လက်ချောင်းတွေက လှုပ်ရှားနေသလိုပဲ...ခေါင်းကလည်းလှုပ်ခါနေတယ်။ ငါမျက်စိမမှားပါဘူး။ သေချာပါတယ်။"

အဝါရောင်အခိုးအငွေ့တွေက ပိုထူထပ်လာသည်။ ရုပ်ထုကလည်း တစထက်တစ ပိုကြီးထွားလာပြီ။ အသက်ရှူသံနှင့် မာန်ဖီသံမပီမသကိုပါ ကြားလာရပြီ။ မှော်ဝင်ရုပ်ကား ထင်ရှားစွာပင် အသက်ဝင်ရှင်သန်လာခဲ့ပါပြီ။ ၎င်း၏ လှုပ်ရှားမှုများကိုလည်း ပိုထင်ရှားစွာတွေ့နေရပါပြီ။

အခုဆို ကျွန်တော်ခါးစောင်းထက်ပင် ကျော်လွန်နေပြီ။ ထိုမျှမကတစ် လှမ်းချင်းလည်း ရှေ့တိုးလာ၏။

"သွား...မလာနဲ့။ ရှူး...ဟဲ့ ...ရှူး... ရှူး...မလာနဲ့...မိစ္ဆာကောင်"

ကြက်မွေးတစ်ချောင်းဖြင့် ကျွန်တော်ခြောက်လှန့်ရင်း ထွက်ပေါက်ရှာသည်။ ရုပ်ထုက "ဂီး" ကနဲ လည်ချောင်းသံပေးပြီး ကျွန်တော့်ကို ခုန်အုပ်ရန်ဟန်ပြင်စဉ်မှာပင် လျှင်မြန်သော အဟုန်ဖြင့် ကျွန်တော် ခုန်ကျော်ထွက် ပြေးခဲ့ သည်။

"လုပ်ကြပါဦး...ကယ်ကြပါဦး...မိစ္ဆာကောင်ကြီး လိုက်လာလို့"

ဖိနပ်တောင်မပါပဲ ခြံဝင်းတံခါးအထိ ထွက်ပြေးလာခဲ့၏။ ခြောက်ခြားဖွယ် ဖြစ်ရပ်ဆိုးကြီးက အိပ်မက်တစ်ခုပမာ။ ထိုစဉ်မှာပင်...

"ဟေ့ကောင်...မင်းနောင်... ဘာဖြစ်နေတာလဲ"

BMX စက်ဘီးတစ်စီးဖြင့် ရောက်လာသော ကျွန်တော့် သူငယ်ချင်း ကျော်ကျော်ကို တွေ့လိုက်ရလို့ အားတက်သွားပြီး... "ဟာ.. ကျော်ကျော် . . . အတော်ပဲ ၊ငါ့ကို ကယ်ပါဦး ၊ မိစ္ဆာကောင်ကြီး အသက်ဝင်လာလို့..." ဟုပြောရာ ကျော်ကျော်က ခွက်ထိုးခွက်လန် ရယ်ပါတော့၏။

"မင်းနောင်...မင်းဟာလေ၊ အခုထိ ဒီအကျင့်တွေ မပျောက် သေးဘူး၊ သရဲကား တွေ ကြည့်၊ ကြောင်တောင်တောင် တွေစဉ်းစား၊ ပေါက်ကရ တွေလျှောက်လုပ်..."

"မဟုတ် . . . မဟုတ်ဘူး ကျော်ကျော်၊ ငါ ပြောတာယုံပါ။ ငါတကယ်ပြောတာပါ။ ငါ့ အိမ်ထဲမှာ မကောင်းဆိုးဝါးကောင်ကြီး ရှိနေတယ်။ တကယ်ပါ။ ဒီတစ်ခါ ယုံပေးပါ့..."

"နေပါဦး . . . ဘယ်ကမကောင်းဆိုးဝါးကောင်လဲကွာ၊ ဘယ်လိုပုံမျိုးလဲ"

"လူတစ်ပိုင်း၊ ဝံပုလွေတစ်ပိုင်း၊ အရမ်းကြောက်စရာကောင်း တယ် လက်သည်းချွန်နဲ့"

"ဟီး...ဟီး...ဟီး...ဒါဆို သမန်းဝံပုလွေပေါ့၊ စိတ်ဝင်စားစရာပဲ၊ ကဲ...ငါလိုက်ကြည့်မယ်"

"မသွားနဲ့...မင်း...မသွားနဲ့"

"နေစမ်းပါ မင်းနောင်ရာ၊ မင်းဘာတွေ ပေါတောတောလုပ် ထားသလဲဆိုတာသိရအောင်"

သွားပြီ။ ကျွန်တော်စကားအှရာမထင်တော့။ မင်းနောင်က လေတချွန်ချွန်ဖြင့် အိမ်ထဲဝင်သွားပြီ။ ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ရုတ်တရက် မစဉ်းစားတတ်တော့။ နောက်ဆုံး ဖြစ်လိုရာဖြစ်၊ သူတောင် ဝင်ရဲသေးတာပဲ ဆိုပြီးပဲ ဆိုပြီး ကျွန်တော်လိုက်ဝင်ခဲ့၏။

"ကျော်ကျော်...ဟေ့ကောင် ...ပြန်ထူးလေကွာ ...မင်းဘယ်ရောက်သွားပြီလဲ..."

ကျော်ကျော့်အသံကို မကြားရ။ အိမ်ထဲမှာတိတ်ဆိတ်နေ သည်။ ကျွန်တော့်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ကျွန်တော့် အခန်းဝသို့အရောက်မှာတော့ ကျော်ကျော့်ကို တွေ့လိုက်ရ သည်။ မျက်လုံးပြူး၍ ပက်လက်လဲနေသည်။ မကောင်းဆိုးဝါးကောင် ကိုတော့ မတွေ့။

"ဟင်...ကျော်ကျော်...မင်း...ဘာတွေဖြစ်..."

စကားမဆုံးခင်မှာပင် ဘီဒိုထောင့်မှထွက်လာသော ဝံပုလွေ လူသားမိစ္ဆာကောင်ကြီး။ဝင်းဝင်းတောက်မျက်လုံးအစုံဖြင့် ကျွန်တော် ကို ကြည့်နေရင်းမှ အဝါရောင်အမိုးငွေ့တွေအဖြစ် ချက်ချင်းပြောင်းလဲ သွား၏။ ဝဲကတော့ တစ်ခုပမာ အဝါရောင်မီးခိုး အမျှင်တန်းတွေက အရှိန်ပြင်းစွာ လှည့်ပတ်မွှေ့ယမ်းနေရင်းမှ တစုတဝေးတည်းဖြစ်ကာ လေတန်းရှည်ကြီး တစ်ခုအသွင်ဖြင့် ကျော်ကျော်၏ ပွင့်နေသော ပါးစပ် မှ "ဝေါ့"ကနဲ့ တိုးဝင်သွားတော့သည်။

"ဟာ…ကျော်ကျော်…"

တဒင်္ဂအတွင်းမှာတော့ ကျော်ကျော့်ခန္ဓာကိုယ်၌အဝါရောင်အမှိုးတွေ ဖုံးလွှမ်းသွား၏။ မိစ္ဆာဝိဉာဉ်တို့သည် ကျော်ကျော်၏ ခန္ဓာကိုယ် ထဲပြောင်းလဲဝင်ရောက်သွားချေပြီ။ ငြိမ်သက်နေသော ကျော်ကျော့်မျက်လုံးတွေပွင့်လာ၏။ငေါက်ကနဲ ထထိုင်လိုက်၍ ကျွန်တော်က…

"ကျော်ကျော်…မင်း…မင်း…ဘာဖြစ်သွားတာလဲ…"

ဟုမေးတော့ သူက ပြုံးသည်။

"ဘာမှမဖြစ်ပါဘူးကွာ၊ အခုမှ နေရာမှန်ရောက်သွားတာပဲ … အခုမှ ငါ့ကမ္ဘာကို စတင်တော့မယ်။ မင်းကိုလည်းပေးမယ်။ ပေးလို့ရပါတယ်။ ဘာမှမဖြစ်ပါဘူး။ ဒီမှာတွေ့လား၊ မာလကာသီးတစ်လုံး၊ ရော့..ဒါကိုစားလိုက် .. အထဲမှာ မင်းကမ္ဘာကို တွေ့လိမ့်မယ်။ ငါ့မျိုးဆက်တွေ အခုကစပြီး ပျံ့ပွားရှင်သန်ကြတာပေါ့ ငါတို့ကမ္ဘာသစ်စမယ်လေး။"

အသံက ခပ်ဩဩကြီး။ ကျော်ကျော့်အသံမဟုတ်။ မိစ္ဆာကောင်သည် ကျော်ကျော် ခန္ဓာကို အပိုင်စီးသွားချေပြီ။ ၎င်းပေးသော မာလကာ သီးကိုမယူရဲ။ ကျန်မာလကာသီး စားမိ သူသည်လည်း သူ့ကိုယ်ပွား မိစ္ဆာ ကောင်ဖြစ်ချေလိမ့်မည်။

"သွား…သွား..မစားဘူး"

"စားလိုက်ပါကွာ၊ ဒါကပိုအဓိပ္ပါယ်ရှိမှာပါ။ ပိုပြည့်စုံသွားမှာပါ"

"ဟင့်အင်း…မစားဘူး…မစားဘူး…မင်းထွက်သွားတော့… အခုထွက်သွားတော့…"

ကျော်ကျော်က နေးကွေးစွာ ထရပ်လိုက်သည်။ သူမာလကာသီး ကိုလည်းပြန် သိမ်းထားလိုက်ပြီ...

"ကျေနပ်ပါတယ်...ငါ့ဘဝသစ်ကို မင်းပေးလို့ရတာ။ ဒီအတွက် မင်းကို အခုဘာမှ မလုပ်သေးဘူး။ အခုငါသွားတော့မယ်။ ငါ့သူငယ်ချင်း အသစ်တွေ ငါဖန်တည်းရဦးမှာ..."

ကျော်ကျော်က တစ်လှမ်းချင်းထွက်သွားပြီး ဟန်မပျက်ပင် စက်ဘီးနင်း၍ ထွက်သွားလေပြီ။ ကျွန်တော်သူငယ်ချင်း ကျော်ကျော် သည် မကောင်းဆိုးဝါးမိစ္ဆာကောင် ဖြစ်နေပြီဆိုတာ ဘယ်သူယုံနိုင် အံ့နည်း။

❖❖❖

## အခန်း(၃)

ထိုနေ့က ကျွန်တော်သည် စက်ဘီးတစ်စီးဖြင့် ထွက်လာခဲ့သည်။ ဦးတည်ရာကား ကျွန်တော်အားလွန်စွာ ချစ်ခင်သောဒေါက်တာဦးဝင်းမြင့်ထံဖြစ်သည်။ ကျွန်တော်ကြုံခဲ့ရသော အဖြစ်ဆိုးကို လက်ခံနားလည်ပေးနိုင်သူမှာဦးဝင်းမြင့် ပင်ဖြစ်ပေလိမ့်မည်။ သို့သော် လမ်းခုလတ်မှာပင် "သော်သော်" နှင့်တွေ့ခဲ့၏။

"ဟဲ့ ... အမောတကောနဲ့ ဘာဖြစ်လာတာလဲ မင်းနောင်"

"နေဦးသော်သော်၊ ငါပြောမယ်၊ နင်တို့ဆီကို ဟိုကောင် ကျော်ကျော် မလာဘူးလား"

"စောစောကပဲ လာသွားတယ်။ ဘာဖြစ်လို့လည်း"

"ဘယ်သူပါသေးလဲ"

"သူရိန်စိုးလည်းပါတယ်၊ ဘောလုံးကန်သွားကြမလို့တဲ့။ ဘာဖြစ်လို့လဲ"

ကျွန်တော်သက်ပြင်းကိုသာချမိသည်။ သော်သော်ကို အကြောင်းစုံရှင်းပြဖို့မလွယ်။ အချိန်လည်းမရတော့။

"နေဦး ... နင့်ဆီဘာလာလုပ်တာလဲ .."

"ဩော် . . . လမ်းကြုံရင်ဝင်လာတာပါဟယ်။ ကျော်ကျော်က ငါ့ကိုမာလကာသီးကျွေး သေးတယ်"

"ဘာ...မာလကာသီး...ဟုတ်လား...စားလိုက်လာသော်သော်"

"ဟဲ့ . . . ဘာဖြစ်လို့လဲ၊ ငါက ဗိုက်အောင့်နေလို့ငြင်းလိုက် တယ်။ ကျော်ကျော်က ပြောသေးတယ်။ ဒါရိုးရိုး မာလကာသီး မဟုတ် ဘူးတဲ့။ မှော်ပညာနဲ့ ဖန်တီးထားတာဆိုပဲ။ ဟိုကောင်သူရိန် အစားပုတ် က ငါစားမယ် . . . ဆိုပြီး ဆတ်ကနဲ လုစားလိုက်တာ။ ဟုတ်တယ်ဟဲ့။ ကိုက်လိုက်တာနဲ့ အဝါရောင်အငွေ့လေးတွေ ထွက်လာတယ်။ သူရိန် တောင်တွန့်ကနဲ ဖြစ်သွားသေးတယ်။ ပြီးတော့ တဟားဟား ရီရင်းတဂွပ် ဂွပ်နဲ့ တစ်လုံးလုံးကုန် အောင် စားပစ်လိုက်တာပဲ"

"ဘာ . . . အဝါရောင်မီးခိုးတွေ ဟုတ်လား သော်သော်"

"အိမ်း . . ဟုတ်တယ် . . စားပြီးတော့ သူရိန်နားနစ်ဖက်က အဝါရောင်အခိုးလေးတွေတောင်ထွက်လို့ငါတောင်တအံ့တသြကြည့်နေ ...ဟဲ့ဟဲ့...နင်ဘယ်သွားမလို့လဲ..."

သူ့စကားမဆုံးခင်မှာပင် ကျွန်တော်က စက်ဘီးကို "ဝုန်း" ကနဲ ဆွဲ၍နင်းထွက်ခဲ့သည်။ ဘောလုံးကစားကွင်းထက် တောက်လျှောက် နင်းလာခဲ့သည်။ သူရိန်စိုးမတော့သွားရှာပြီ။ ကျော်ကျော့်လိုပင် မိစ္ဆာ ဓာတ်ကူး စက်ခံရပြီ။ မိစ္ဆာဝိညာဉ်တွေ သူ့ခန္ဓာထဲ ဝင်သွားခဲ့ချေပြီ။

ဘောလုံးကစားကွင်းရောင်တော့ ကျွန်တော်ထင်တားသလို သူငယ်ချင်းများစွာကို မတွေ့ရတော့။ မဆိုစလောက် နောက်ကျခဲ့ပြီ။ ပြန်သွားကြပြီဟုသိရသည်။ ထွန်းထွန်းဦးနှင့် အာကာမြင့်မောင်တို့သာ ကျန်ရစ်သည်။

"ဟော့ကောင်တွေ ...မင်းတို့ဆီကျော်ကျော် လာသွားလား"

"လာတာပေါ့။ ကျေးဇူးရှင်က ငါတို့အားလုံးကို မာလကာ သီးတစ်ယောက်တစ်လုံး လာကျွေးတာ။"

"ဟုတ်တယ်၊ ထူးဆန်းတဲ့ မာလကာသီးတွေပေါ့"

"ဘာ...မင်းတို့ ဘယ်နှစ်ယောက်တောင်စားလိုက်သလဲ.."

"အားလုံး..အားလုံးပဲ၊ ငါ့တို့ ဆယ့်သုံးယောက်စလုံးပဲ"

"ဘာ...ဒါ...ဒါဆို မင်းတို့ပါ စားလိုက်တယ်ပေါ့"

"ဒါပေါ့..သူငယ်ချင်းရယ်.."

ထွန်းထွန်းဦး၏ နားရွက်မှ အဝါရောင်အခိုးအငွေ့တစ်ချို့ထွက်လာတာကို တွေ့လိုက်ရသည်။

"ဟာ ...သွားပြီ။ ကျွန်တော်အများကြီး နောက်ကျခဲ့ပြီ။ ကူးစက်မှုက လျှင်မြန်စွာ ပျံ့နှံ့ ကုန်ပြီ ..."

"သူငယ်ချင်း ...မင်းအတွက်လည်း ဒီမှာ မာလကာသီးတစ်လုံးရှိတယ်"

အာကာမြင့်မောင်၏ လက်ထဲတွင် မှည့်ဝင်းနေသော မာလကာသီးတစ်လုံး။

"မစားဘူး ...မစားဘူး၊ မင်းတို့ ငါ့အနားမလာကြနဲ့"

"စားပါ...သူငယ်ချင်းရယ် ...ဒါစားကောင်းတဲ့ အသီးပါ.."

"ဟုတ်တယ်...ငါတို့ကလည်း..မင်းကို ကျွေးချင်နေကြတာ"

ကျွန်တော်ကလျှင်မြန်စွာပင် စက်ဘီးကိုယူ၍ တအားနင်း ထွက်လာခဲ့သည်။ ကြောက်စရာကောင်းသော မိစ္ဆာဝိညာဉ်ပျံ့နှံ့နှုန်းကို

ကျွန်တော် မည်သို့တားဆီးရပါမည်နည်း။ အိမ်ကိုပဲပြန်လာခဲ့သည်။ ဒီကိစ္စကို ဦးသိုက်မင်းနှင့် ရှင်းရမည်။ ပြဿနာမြစ်ဖျားခံရာသည် သူ့ဆီမှ စတင်ခဲ့ခြင်းဖြစ်သည်။

"စာဖို့...စာ...လာတယ်"

လမ်းတွင် စာပို့သမားတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့နားရွက်မှ အဝါရောင်အခိုးအငွေ့တချို့ထွက်လာတာကိုလည်း တွေ့လိုက်ရသည်။ ဖရဲသီးရောင်းသော ကောင်မလေးလည်းသူ့လို မိစ္ဆာကူး စက်ခံနေ ရပြီ။

"ဦးသိုက်မင်း...ဖို့...ဦးသိုက်မင်း ...တံခါးဖွင့်စမ်းပါဦး"

"ဒုန်း...ဒုန်း...ဒုန်း"

ကျွန်တော်က ပါးစပ်အော်ခေါ်သလို လက်ကလည်း တံခါးကို တအားထုရိုက်၏။ထိုတော့မှတံခါးပွင့်လာခဲ့သည်။

"ဘာဖြစ်လာတာလဲ...ကောင်လေး၊ လာ...လာ...အထဲဝင်"

ရှုပ်ပွနေသော သူ့ဧည့်ခန်းထဲမှာ ထိုင်ရင်း စကားပြောကြ သည်။

"မင်း...ငါ့ဆီက အရုပ်တစ်ရုပ် ခိုးသွားတာ ငါသိတယ်"

"ဟုတ်တယ် ...ဒီ...အရုပ်ကဖြိုလ်မွှေနေပြီ။ တစ်မြို့လုံးပျံ့နှံ့ နေပြီ"

"ငါသိပါတယ်၊ ဒီလိုပဲဖြစ်မှာပဲ..."

အမူအရာက အေးတိအေးစက်၊ သူ့မှာ တာဝန်မရှိသလိုမျိုး။

"ဒါဆို ...ဒီကိစ္စ ခင်ဗျား ဘယ်လို ဖြေရှင်းမလဲ။ မိစ္ဆာတွေ အကြီး အကျယ် ပွားများနေပြီ။ ဒီကိစ္စရဲ့တရားခံဟာ ခင်ဗျားပဲ။ ခင်ဗျားမှာ အဓိက တာဝန်ရှိတယ်"

"ခက်တယ်ကောင်လေးရ၊ သူ့ဟာသူနေတာ၊ မင်းကဒီဇာတ် ကို ဖြိုး အသက်သွင်းတာ။ ဒါပေမယ့်လဲ မျက်နှာလွှဲခဲပစ်ငါမလုပ်ပါဘူး။ ငါပဲဖြေရှင်းရမှာပါ။ငါဖြေရှင်းပေးပါ့မယ်။ဒါပေမယ့်နှစ်ရက်တော့စောင့်"

"နှစ်ရက်ဆိုတဲ့ အချိန်အတွင်းမှာ မရေမတွက်နိုင်အောင်ပွားများ နေပြီကွာ...တစ်ယောက်ချင်းလိုက်သတ်ရင်တောင် မကုန်နိုင် ဘူး"

"စောင့်ပါ...ငါပြောသလို နှစ်ရက်စောင့်ပါ။ ချက်ချင်းထလုပ် လို့ ရတာမဟုတ်ဘူး။ ငါ အချိန်ယူလုပ်ရမယ် ... နားလည်လား။ ဒီကိစ္စက ငါကလွဲပြီး ဘယ်သူမှ မဖြေရှင်းပေးနိုင်ဘူး"

"ကောင်းပြီလေ...နှစ်ရက်အတွင်းတော့ ကြိုးစားပေးပါ"

ကျွန်တော်နှင့် မရှေးမနှောင်းမှာပင် အမေတို့ ပြန်ရောက်လာ သည်။ ကျွန်တော်က ဒီကိစ္စကိုမိဘတွေကိုဖွင့်ပြောပြချင်ပေမယ့်သူတို့က ယုံကြည်မယ့်သူတွေ မဟုတ်။ အထူးသဖြင့် အဖေကပိုဆိုးမည်။ ဒီတော့နှုတ်ဆိတ်ငြိမ်နေတာပဲကောင်းမည်။

ညစာကို စိတ်ပါလက်ပါပဲ စားလိုက်သည်။ အမေက သတိ ထားမိပုံရသည်။

"သားကြီး ... .ထမင်းစားနည်းလှချည်းလား၊ နေမကောင်းဘူး လား"

"ကောင်းပါတယ်အမေ"

"ရေခဲသေတ္တာထဲမှာမာလကာသီးတွေဝယ်လာတယ်။ယူစား ချေ"

"ဟုတ်တယ်ကိုကြီး၊ ညီလေးတောင် တစ်လုံးစားပြီးပြီ။ မာလကာသီး ကသိပ်ထူးဆန်းတယ်သိလား။ ကိုက်လိုက်တာနဲ့ အထဲကမီးခိုဝါဝါတွေ ထွက်လာတယ်"

ကျွန်တော်ထိုင်ခုံမှထခုန်လုမတတ် ထိတ်လန့်သွားသည်။

"ဘာ ...မီးခိုးဝါဝါတွေဟုတ်လား။ အဲဒီမ

"အမေ ... အမေ ... အဲဒီမာလကာသီးတွေအကုန်လွှင့်ပစ်လိုက်။ မစားနဲ့ ... လုံးဝမစားနဲ့"

"ဟဲ့ ... ဘာလို့လွှင့်ပစ်ရမှာလဲ့ ပိုက်ဆံပေးဝယ်လာတာ၊ တို့တတွေလည်းစားပြီးပြီ"

"ဗျာ..."

"ဟုတ်တယ် ... သားကြီး၊ ငါ့သားတစ် ယောက်ပဲစားဖို့ ကျန်နေတာ။ ဒါကြောင့် အမေက ကျွေးနေတာပေါ့"

"ဟေ့ကောင် ... ဘာမှပြောမနေနဲ့၊ စားလိုက်၊ ငါတို့မိသားစုမှာမင်းပဲကျန်တာ။ သီခြား လုပ်မနေနဲ့"

သွားပြီ။ အမေရာအဖေပါ၊ ပြီးတော့ကျွန်တော့်ညီလေး။ အားလုံး . . . အားလုံး ဓာတ်တွေဝင်သွားကြပြီ။ကျွန်တော်အားထားရသောမိဘတွေပါ ကူးစက်ခံနေရပြီဆိုတော့ ကျွန်တော်ဘာဆက်လုပ်ရမည်နည်း။ မိစ္ဆာဓာတ်တွေပြည့်နေသော ဤအိမ်ကြီးမှာ ကျွန်တော်မနေရဲတော့။ သူတို့ကိုတုန့်ပြန်ဖို့ စကားလုံးပင် မရှိတော့။

စိတ်ပျက်ချောက်ခြားစွာဖြင့် ကျွန်တော် အိမ်ပေါ်မှပြေးဆင်းလာခဲ့သည်။ အားကိုးစရာ၊ ဤဒုက္ခဆိုးကြီးကိုကယ်တင်နိုင်ရန် တစ်ဦးတည်းသော ကယ်တင်ရှင်မှာ ဦးသိုက်မင်းသာရှိ တော့သည်။

"ဘယ်လိုဖြစ်လာပြန်ပြီလဲငါ့တူရယ် . . ."

ဦးသိုက်မင်းက ကျွန်တော့်ကိုစိတ်ပျက်စွာ ကြည့်ရင်းပြောသည်

"သွားပြီဦးလေး၊ အိမ်မှာအကုန်လုံးကူးစက်ခံရပြီ။ အဖေရော အမေရော၊ ပြီးတော့ ညီလေးပါကူးစက်ခံရပြီ။ဘယ်လိုလုပ်ရမလဲ . . ဘာလုပ်ရမလဲ . . . တစ်ခုခုပြောပါဦး"

"ဟာ . . . မင်းကိုနှစ်ရက်စောင့်ဖို့ပြောထားတယ်လေကွာ . . ."

"မစောင့်နိုင်ဘူး . . . နှစ်မိနစ်တောင်မစောင့်နိုင်တော့ဘူးဗျ၊ သိ လား"

"အိမ်း . . . ဒါဆိုလည်းရော့ . . . ဒီမာလကာသီးကိုစားလိုက်"

ဦးသိုက်မင်းလက်ထဲမှာ မာလကာသီးတစ်လုံး။ ကျွန်တော်က ဒေါသကို ထိန်းချုပ်ခြင်းမပြုနိုင်တော့။ ဦးသိုက်မင်းလက်ထဲက မာလကာသီးကို လွှဲရိုက်ထုတ်ပစ်လိုက်သည်။မာလကာသီးက လွင့်စဉ် သွားပြီး ကြမ်းပေါ်သို့ "ဘုတ်" ကနဲ့ကျသွား၏။၎င်းမှအဝါရောင် အခိုးအငွေ့တွေက ထောင်းကနဲ ထွက် လာတော့၏။

ဦးသိုက်မင်းက မဲ့ပြုံးတစ်ချက်ပြုံး၍တံခါးမကြီးရှိရာသွားကာ ဂျက်ထိုးပိတ်လိုက်၏

"ခင်ဗျား . . . ဘာလုပ်တာလဲ . . . ဘာလို့တံခါးပိတ်လိုက်တာ လဲ"

ကျွန်တော်အမေးကိုမဖြေပဲ သူကဟားတိုက်ရီမောနေပါ သည်။ ခန္ဓာကိုယ်တစ်ခုလုံး သွက်သွက်ခါလှုပ်ယမ်း၍ အားပါတရ ရယ်နေ၏။ အားပါးတရရယ်မောနေသော သူ့ခန္ဓာကိုယ်မှ ကြမ်းတမ်းသော အမွေး

ရှည်တွေထူးဆန်းစွာထိုးထွက်လာ၏လက်သည်း၊ ခြေ သည်းများက ငေါကနဲ ရှည်ထွက်လာသလို မျက်နှာအမူအရာသည် လည်းတမူထူးခြားစွာပြောင်း လဲနေ၏။

"ခင်ဗျား....ခင်ဗျား... ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ"

ကျွန်တော်သိသောဦးသိုက်မင်းမဟုတ်တော့။ လူမျက်နှာမှ ဝံပုလွေ ဦးခေါင်းဖြစ်သွားပြီ။ အဝါရောင်အနီအငွေ့များကဝေါကနဲ ပန်းထွက်လာ၏။ပင်ရင်းဇစ်မြစ် ကိုယ်နှိုက်က မိစ္ဆာကြီးဖြစ်နေပြီပကော။ ထွက်ပေါက်လည်းမရှိတော့ ။ ကျွန်တော်ပိတ်မိသွားသည်။

ခုခံရန် တစ်စုံတစ်ရာ လက်နက်ရှာရန် ကြည့်လိုက်စဉ်မှာပင် မိစ္ဆာကောင်ကြီးက ကျွန်တော့အနားသို့ရိပ်ကနဲရောက်ရှိလာပြီး အမွေးအမှင်များ ပြည့်လွှမ်းသော ၎င်း၏လက်ကြီးဖြင့် ကျွန်တော့်လည်ပင်းကိုညှစ်၏။

"အစ်...အစ်...မလုပ်...မလုပ်...အီး"

ခွန်အားခြင်းကများစွာ ကွာခြားနေပြီ။ ကျွန်တော်သေရပေတော့မည်။ သို့မဟုတ် ကျွန်တော်သည်လည်းမိစ္ဆာဝိညာဉ် ကူးစက်ခံရတော့မည်။ထိုအခိုက်မှာပင် မိစ္ဆာကောင်ကြီး၏ ချွန်ထက်သောလက်သည်းများ က ကျွန်တော့်ဝမ်းဗိုက်ကို ထိုးခွဲလိုက်ပါတော့သည်။

"အား ... အား... ကယ် ... ကယ်ကြပါဦးအား..."

"အား... အူး...လုပ်ကြပါဦး၊ ကယ်ကြပါဦး ...မိစ္ဆာကောင်ကြီး ကျွန်တော့ကို သတ်နေပြီ"

"ဟဲ့...သားကြီး၊ ထစမ်း၊ ဘာတွေအော်နေတာလဲ ..."

"ခစ်..ခစ်..ခစ် ..ကိုကြီးက အိပ်မက်မက်ပြီးအော်နေတာ"

"ဟဲ့...သားကြီး၊နိုးပြီလား၊ထ...ထစမ်း...မျက်နှာသွားသစ်ရေ

ကျွန်တော် အိပ်မက်မက်နေခဲ့သည်ကို။ နိုင်ငံခြားဗီဒီယို ဇာ ကားကို ကြည့်ရင်း ကျွန်တော်အိပ်ပျော်သွားခဲ့သည်။ဗီဒီယိုဇာတ်ကာ ကလည်း အခုလိုပဲ မိစ္ဆာဇာတ်လမ်း။

"ဒါကြောင့်ပြောတာ၊ဒီအခွေတွေမကြည့်ပါနဲ့ဆို၊ နေ့လယ်စ စားပြီး အိပ်ပျော်သွား တော့ အစာမကြေတာကတစ်ပိုင်၊ ဒီပေါက်က ဇာတ်လမ်းတွေကို စွဲလန်းတာကတစ်ပိုင်း၊ အခုလို ခြောက်အိပ်မက် တွေ့ မက်တော့တာပေါ့"

ကျွန်တော်က မျက်နှာသစ်ပြီး ရေတစ်ခွက်သောက် လိုက်ပြီး သည့်တိုင် အကြောက်မပြေသေး။ဦးသိုက်မင်းမိစ္ဆာကောင်ကြီးကို ကြောက်လန့်နေဆဲ။

"သားကြီး...မင်းစားဖို့ဆိုပြီးဟိုဘက်ခြံကအန်ကယ်ဦးသိုက်မင်း ကမာလကာသီးတွေလာပေးသွားတယ်။အစေ့တွေ မစားမိစေနဲ့နော်။အူ အတက်ပေါက်တတ်တယ်သိလား။"

စားပွဲပေါ်မှာတော့ ဝင်းမှည့်နေသော မာလကာသီးများ။

ကျွန်တော့် မျက်လုံးထဲမှာတော့ မာလကာသီးအထဲမှာ ထွက်လာသော အဝါရောင် အခိုးငွေ့များကိုမြင်ယောင်လာမိသည်။ ထိုအတွေးကြောင့် မာလကာသီးကိုမထိရဲပဲ စိုက်ကြည့် နေမိသည်။

"စားလေသား၊ သားပဲ မာလကာသီးကြိုက်တယ်ဆို"

အမေကပြော၍ ကျွန်တော်သည် မာလကာသီးတစ်လုံးကို ယူ၍ "ရှပ်"ကနဲ ကိုက်ချလိုက်သည်။ ဝင်းမှည့်ချိုမြသော အရသာကို ခံစားလိုက်ရသည်။ မည်သည့်အခိုးငွေ့မှမထွက်။

သို့တိုင်အောင် မိစ္ဆာကောင်၏ ခြောက်အိပ်မက်ကတော့ အခုထိ ကျွန်တော့်ကို ခြောက်လှန့်နေဆဲ။ "မော်ဝင်ရုပ်တုအန္တရယ်" ဟူ သော အမည်ဖြင့် တစ်နေ့တစ်ချိန်တွင် ထိုအကြောင်းအရာတို့ကို ဇာတ် လမ်းဖွဲ့ ရေးဖွဲ့မည်ဟု စိတ်ကူးအားခဲလျှက်...။ ။

(ဝသုန်ဟိန်းထက်)

❖❖❖

# ၃။ မာယာများနှင့် တစ်ညတာ

ဝသုန်ဟိန်းထက်

## ၂။မာယာများနှင့် တစ်ညတာ

## အခန်း(၁)

သူ့စကားကို ဘယ်သူမှ ယုံကြည်ဟန်မပြ။ မည်မျှလောက်ပင် ကြိုးစားရှင်းပြသော် လည်း အရာမထင်။ "ငါ့ခြေရာ နင်းမယ်သား"...ဟု အမြဲဂုဏ်ယူစွာပြောတတ်သော ဖခင်ဖြစ်သူပင်သူ့ကိုမယုံခဲ့ပါ။

"အဖေ...သားပြောပြတာတွေအားလုံးအမှန်တွေပါ။ အင်မတန် ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တစ်ခုကို သားကြုံတွေ့ခဲ့ရတာပါ အဖေ"

သူ့ရဲ့ အကြောက်အကန်ရှင်းပြခဲ့သော စကားတွေကို ဖခင်ဖြစ်သူက ပြုံးစိစိအမူအရာနှင့် နားထောင်ရင်းပြော၏။

"ငါသား...သက်နိုင်ဦး၊ ဒါတွေပြောမနေနဲ့တော့ကွာ၊ စဉ်းလည်း စဉ်းစားမနေနဲ့။ အခုငါ့သားလုပ်ရမှာက ကောင်းကောင်းအနား ယူဖို့ပဲ။ ဒီတော့ အိပ်ရေးဝအောင်အိပ်၊ ဝအောင်များများစား၊ ဒါပဲ။ ကျန် တာဘာမှ တွေးလည်းမတွေးနဲ့။ သူများကိုလည်း ဒီအကြောင်းတွေသွား မပြောနဲ့။ ကြားလား"

သက်နိုင်ဦး တစ်ယောက်ကောင်းစွာ နားလည်လိုက်ပါပြီ။ ဖခင် ကိုယ်တိုင်ကသူ့အဖြစ်ကို အယုံအကြည်မဲ့နေပြီပဲ။ မိခင်ဖြစ်သူက လည်း ညမအိပ်ခင် စားသောက်ရန်ဆိုပြီး နွားနို့တစ်ခွက် ပေါင်မုန့် ထောပတ် သုတ် နှစ်ချပ်နှင့်အတူ ဒိုင်ယာဇီပင်ဆေးတစ်ပြားပါ ယူလာပေးသည်။

"ဒီဆေးက ဘာလုပ်မလို့လဲအမေ၊ သား . . . အိပ်ပျော်ပါတယ် အမေရာ"

"ဩော် . . . သားရယ်၊ ခရီးကပြန်လာတာပဲ အိပ်ရေးဝအောင် လို့ပါ။ ပြီးတော့ ဒိုင်ယာဇီပင်က တကယ်တော့ အိပ်ဆေးမဟုတ်ပါဘူး။ စိတ်ငြိမ်ဆေးပါ။"

"ဗျာ . . . ဟာအမေကလည်းသားစိတ်ငြိမ်ပါတယ်။ ဘာလည်း သားကို စိတ်နောက်နေတယ် ထင်လို့လား"

သူ့အသံက မဆိုစလောက် လေးကျယ်သွား၍ မိခင်ဖြစ်သူက သူပုခုံးကို ချော့သပ်ရင်း

"သားကလည်းကွယ်ဒီသဘောမဟုတ်ပါဘူး။ ခရီးပန်းလာတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်အောင်လို့ပါကွယ်"ဟု လေပြည်ထိုး လေ၏။ နောက်ဆုံးတော့လည်း ဘာမှမတုန့်ပြန်ပဲ အိပ်ယာဝင်ခဲ့ပါ တော့သည်။ ကြိုးစားအိပ်သော်လည်း တော်တော်အိပ်မပျော် "မတွေးပါနဲ့" ဆိုမှ တွေးဖြစ်အောင်တွေးနေမိသည်။ ထိုဖြစ်ရပ်များသည် "သက်နိုင်ဦး" ဆိုတဲ့ သူ့ဘဝထဲက သိမ်မွေ့နက်ရှိုင်းစွာနဲ့ တိုးဝင်လာခဲ့သော တစ်ယောက် ယောက်ကိုပြန်ပြောပြရန်ခက်ခဲသော ပဟေဠိဖြစ်ရပ်များဖြင့် ဆက်လက် တည်ရှိနေဦးမည်။ ဖြစ်ပါတော့ သည်။

❖❖❖

# အခန်း(၂)

သက်နိုင်ဦးသည် Cosmetic ကုမ္ပဏီတစ်ခု၌ "Marketing Supervisor " အဖြစ်တာဝန် ထမ်းဆောင်စဉ်က ဖြစ်သည်။ Market Survey အတွက်မြိတ်မြို့သို့တစ်ဦးတည်းထွက်လာရပြီးနောက် ထားဝယ်မြို့ရှိ ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံညှိနှိုင်းရန် ကုမ္ပဏီ၏ ညွှန်ကြားချက်အရ ဆက်လက်ထွက်လာခဲ့ရသည်။

လုပ်ငန်းတာဝန်အားလုံးပြီးဆုံး၍ ထားဝယ်မြို့မှ အဝေး ပြေးကားဖြင့် ရန်ကုန်သို့ ပြန်လာစဉ် လမ်းခရီးတစ်နေရာ၌ အထက်ပါ အဖြစ်ဆန်းနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ထားဝယ်အဝေးပြေးဂိတ်ရှိ "ကောင်းသစ်စံ" မှန်လုံအမြန်ယာဉ်ပေါ်တက်ရန် ဂိတ်မှထွက် စဉ်မှာပင်

"ညီလေး...ဒီမှာညီလေး"

ခေါ်သံကြောင့်လှည့်ကြည့်လိုက်တော့ အသက်လေးဆယ် ခန့် အမျိုးသားတစ်ဦးနှင့် အသက်ရှစ်ဆယ်အရွယ် အမေအိုကြီး တစ်ယောက်ကိုတွေ့လိုက်ရသည်။

"ဗျာ... ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်ပါတယ် ညီလေး၊ အကူအညီတစ်ခု တောင်းချင်လို့ပါကွာ"

"ဗျာ...ဘယ်လို ...ဘယ်လိုအကူအညီမျိုးလဲခင်ဗျာ"

၎င်းတို့၏ ရုပ်ရည်များမှာ မာယာကင်း၍ အရိုးခံစိတ် ထားရှိသူမှန်း ဖြစ်ကြောင်းကိုတော့ သက်နိုင်ဦး အကဲခတ်မိသည်။ သို့သော်လည်း နယ်မြေစိမ်း၌ လူစိမ်းများဖြစ်နေ၍ သတိတော့ထားမိသည်။

"ဒီလိုပါ . . . ဒါအစ်ကို့အမေပါ ။ အမေက ရေးမြို့အနားက ရွာတစ်ရွာကို သွားမှာပါ။ အစ်ကို့အစ်မက အဲ့ဒီမှာ မီးဖွားနေလို့ပါ။ ခက်တာက အစ်ကိုကလည်း အစိုးရတာဝန်နဲ့ ဒီနေ့ညပဲ ခရီးထွက်ရမှာရှိနေတယ်။ အစ်ကိုတို့က သားအမိနှစ်ယောက်တည်းရှိတော့ အစ်ကိုမရှိတဲ့ အတူတူ အမေက သမီးကြီးအိမ် သွားနေချင်တာပါ။ ဟိုမှာကမီးဖွားတဲ့အချိန်လည်း ဖြစ်နေတော့ လာမကြိုနိုင်ကြဘူး"

"ဩော် . . . သဘောပေါက်ပါပြီ။ ကျွန်တော်က ဒီကအဖွားကို အဲ့ဒီကိုလိုက်ပို့ပေးရမယ်လို့ အကူအညီတောင်းချင်လို့လား။ ကျွန်တော် ကူညီချင်ပါတယ်အစ်ကို။ ခက်တာက ကျွန်တော်လည်း တာဝန်နဲ့ သွားနေရသူပါ။ ပြီးတော့ လက်မှက်က ရန်ကုန်အထိ ဝယ်ပြီးသား ခင်ဗျား"

"မဟုတ်ပါဘူး၊ ရွာကို ပို့ခိုင်းတာမဟုတ်ပါဘူး ။ အခုကား ပေါ်ပါစဉ်မှာပဲ အစ်ကို့ကိုယ်စား နည်းနည်းလောက် ဂရုစိုက်ပေးဖို့ပါ။"

"ဩော် . . . ဒါများအစ်ကိုရယ်၊ ကဲ . . . ဘာမှမပူနဲ့ ၊ ခရီးသွားအချင်းချင်းလည်းဖြစ် ကိုယ့်အဖွားအရွယ်လည်းဖြစ်နေတော့ ကျွန် တော် အဖော်ကောင်းကောင်း လုပ်ပေးပါ့မယ်။ ဒီအတွက် ဘာမှမပူပါနဲ့ ခင်ဗျား"

"ကျေးဇူးတင်လိုက်တာ ငါ့ညီရယ်"

မည်သို့မျှ အပန်းကြီးသည်မဟုတ်ပဲ ကုသိုလ်ပင်ရနိုင်သော ကိစ္စမို့ သက်နိုင်ဦးလက်ခံ လိုက်ပါသည်။ အဖွားကြီးမှာ ကျန်းမာရေး ကောင်းပြီး သန့်သန့်ပြန့်ပြန့် နေသူဖြစ်ပုံရ၍ သက်နိုင်ဦး အတွက် စိတ် အနှောင့်အယှက် တစ်စုံတစ်ရာ မရခဲ့ပါ။

ကားပေါ်တွင်ထိုင်ရင်း အဖွားကြီး၏ ခပ်ဝဲဝဲ စကားသံကို နားထောင်ရင်းလိုက်ပါ လာခဲ့ပါ သည်။ အချို့စကားတွေကို နားမလည်၊ သို့သော်လည်း ချော်လဲရောထိုင်လုပ်ရင်း အလိုက်သင့် လိုက်လာခဲ့၏။ အပြင်ဘက်မှာတော့ အမှောင်ထုက စတင်နေပါပြီ။ နာရီကို ကြည့်လိုက်တော့ ညနေခြောက်နာရီခွဲ ။

ထားဝယ်နှင့် ရေးမှာများစွာဝေးလှသည် မဟုတ်ပေ။ ရေးမြို့ အရောက်တွင် အဖွားကြီး ကဆင်း၍ သက်နိုင်ဦးကပင်တွဲထူ၍ ကားပေါ် မှချပေးခဲ့သည်။ အဖွားကြီးအား လာကြိုသူများရှိနေ၍ စိတ်ပူရန်မရှိပဲ စိတ်ချလက်ချ ကားပေါ်ပြန်တက်လာခဲ့သည်။ ကားထွက်သွားတော့မှ သတိရသည်။ အဖွားကြီး၏ နာမည်ကိုပင် မမေးလိုက်မိ ။

ကားကဆက်ထွက်လာခဲ့သည်။ ဘေးဝဲယာတစ် လျှောက်မှာ တော့မှောင်နှင့်မည်းမည်း။ တစ်နာရီလောက်မောင်းပြီးမှတော့ ပြဿနာကား စခဲ့ပါပြီ။ ကားက ယိမ်းထိုးခါရမ်း၍ လမ်း ဘေးထိုးရပ်သွားသည်။ ကားလေးကျိုးသွားခြင်းဖြစ်၏။ လူတွေအကုန်လုံး ယိမ်းထိုး အော်ဟစ် သံများညံသွား၏။ ကလေးငယ်များ၏ အော်ဟစ်ငိုကြွေးသံများကို လည်း ကြားလိုက်ရ၏။

ဆယ်မိနစ်ခန့်ကြာတော့ စပယ်ယာက အားလုံးကို ကြော်ငြာ ပါတော့သည် ။

"အားလုံးပဲ . . . အရမ်းလည်းအားနာပါတယ်။ ဒီညတော့ ကား ထွက်နိုင်မယ်မထင်ဘူး။ ကားချင်းချိန်းပေးလို့ လည်းမရဘူး။ နောက် ကားတွေလည်းလူအပြည့်ပါကြတယ်လေ။ဒီညအတွက်တော့ သည်းခံ

ပေးကြပါလို့ အထူးမေတ္တာရပ်ခံပါတယ်ဗျာ။ အားလုံးစိတ်ညစ် ကြမယ် ဆိုတာသိပါတယ်။ ကျေးဇူးပြုပြီး နားလည်ပေးကြပါခင်ဗျား"

အားလုံးစိတ်ညစ်ကြရလေပြီ။ အပြစ်တင်ပြော ကြားသံများ လည်း ဟိုတစ်ကွက်၊ဒီတစ်ကွက် ထွက်ပေါ်လာသည်။ သက်နိုင်ဦးကတော့ တစ်ကိုယ်တည်းသမားဖြစ်၍ သိပ်တော့ ပြဿနာမရှိ။ ဟိုး ... ခပ်ဝေး ဝေးမှာတော့ ရွာလေးတစ်ရွာရှိဟန်တူသည်။ မီးရောင်လက်လက်တွေ့ နေရသည်။ သို့သော် ရှည်လျားကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးတွေကို ကျော်ဖြတ်သွား ရပေလိမ့်မည်။

လဆန်း (၈)ရက်မို့ အလင်းရောင်လေးကတော့ ရှိနေလေရဲ့။ သက်နိုင်ဦး၏ လောလောဆယ် ဆန္ဒက ရေချိုးချင်သည်။ တစ်ကိုယ်လုံး ယားယံနေလေပြီ။ ပြီးတော့ သူ့ဗိုက်အကြောင်း သူကောင်းကောင်း သိ သည်။ ခဏခဏစားနေရမှ နေသာထိုင်သာရှိသူဖြစ်၏။

ထို့ကြောင့်ကားစပယ်ယာကို သေချာအောင်သွားမေးသည်။ ကားကမနက်မှထွက်မည်။ အစောဆုံးထွက်နိုင်ချိန်က မနက်ကိုးနာရီတဲ့။ ပုလောင်အိုက်စပ်သော ကားပေါ်မှာတော့ ဒုက္ခခံမနေလို။ ထို့ ကြောင့် ဆုံးဖြတ်ချက်နှင့်အတူ လက်ဆွဲအိတ်ကိုဆွဲ၍ လယ်ကွင်းထဲ စတင်ဆင်း လိုက်ပါတော့သည်။

တစ်ယောက်ယောက်က တွေ့ရင်တော့ အပေါ့အပါး သွား သည်လို့ ထင်ကြမှာ။ အားလုံးကလည်း ဒီလိုခြုံတိုးခဲ့ကြရတာကိုး။ သက်နိုင်ဦးကတော့ရွာကို ရောက်အောင်သွားမည်။ သင့်တော်ရာ အိမ် တစ်အိမ်မှာ အကူအညီတောင်းပြီး တစ်ညတာအိပ်မည်။ ကားပေါ်က နံမှာ အိပ်တာထက်တော့ ပိုအဆင်ပြေပါလိမ့်မည်။

ဓာတ်မီးအသေးတစ်လက်ပါ၍ များစွာအဆင်ပြေပါသည်။ သို့တိုင်အောင် ကားပေါ်ကလူတွေမြင်မှာစိုး၍မထွန်းရဲ။ လရောင်ကို အားပြု၍ လယ်ကွင်းကန်ဘောင်အတိုင်း ခပ်သွက်သွက်လျှောက်လာခဲ့ သည်။ မေတ္တာသုတ်ကိုလည်း ခပ်တိုးတိုးရွတ်လာ၏။ သို့တိုင်အောင် မြွေတွေကိုတော့ အကြောက်သား။

"တစ္ဆေသရဲနဲ့များ တွေ့ရင်တော့ ..." ဒီအတွေးကြောင့် သူမှာပို၍ လိပ်ပြာငယ် သွားရသည်။ နောက်ပြန်လှည့်လို့ကလည်း မဖြစ် နိုင်တော့။ "လာမိတာမှားပြီလား" လို့လည်း နောင်တရချင်သလိုလို။ မှောင်နှင့်မည်း မည်းထဲမှာ သူတစ်ယောက်တည်း။ ခရီးကလည်း ထင် တာထက် ပိုဝေးနေသည်။ ကားလမ်းမပေါ်ကကြည့်တော့ ဤမျှဝေး မည်မထင်။ အခုတော့ အမြင်နီးပေမယ့် ခရီးဝေးနေချေပြီ။

လယ်ကွင်းတစ်လျှောက်ပုဇဉ်းရင်ကွဲကောင်များ၏ "တကျီ ကျီ" အော်သံများက ညံစီနေ၏။ တစ်ချက်တစ်ချက် ရွှတ်ကနဲ ဖြတ် ဖြတ်ပြေးသော လယ်ကြွက်များကြောင့် ခြေလှမ်းအမှားမှားဖြစ်ရသေး သည်။ တခါတရံ နောက်ကတစ်ယောက်ယောက်လိုက်ပါနေသလို ခံ စားရ၏။ ကျောက မလုံ။

ကွင်းပိုင်၊ ရွာပိုင်၊ ဆိုင်ရာ အစောင့် အရှောက်များကို တတ်သ လောက်၊ မှတ်သလောက် တိုင်တည်မေတ္တာပို့ရင်း နဂိုထက် ပိုသွက် သွက် လျှောက်လာခဲ့၏။ နောက်ဆုံးတော့ မီးရောင် မှိတ်တုပ်မှိတ်တုပ် ဖြင့် အိမ်တန်းလေးတစ်ခုသို့ ရောက်လာခဲ့သည်။

အလွန်ဆုံးရှိမှ အိမ်ခြေ (၂၀)ခန့်သာရှိမည်။ ကလေးငိုသံ၊ ေ
ဟောင်သံများကို ကြား နေရ၍နည်းနည်းအားတက်လာရသည်။ အပ
အုပ်အုပ်တွေကြားမှ ပထမဆုံး တွေ့ရသော အိမ်ကုတ်ကုတ် လေးရှေ့
သို့ရပ်၍အကဲခတ်လိုက်သည်။ အတွေးတစ်ခုကလည်း ဝင်လာပြန်သည်

"လူနေရွာစစ်စစ်မှ ဟုတ်ပါလေစ၊ ကြားဖူးနားဝရှိထားသ
ကြပ်တွေဖန်တည်းထား တဲ့ ရွာများလား..."

ဒီအတွေးကြောင့် ခေါင်းနပန်းကြီးသွားရပြန်သည်။ အတွေ
တွေက ဟိုရောက်ဒီ ရောက်ရှိနေစဉ် "မောင်ရင်လေးက ဘယ်သူ့ကို
ရှာနေတာလဲ" ဟု အနီးကပ်ပေါ်ထွက် လာသောအသံကြောင့် သက်နိုင်ဦ
တစ်ယောက် "အောင်မယ်လေးဗျာ" ဟု လန့်ဖြန့် ထခုန် မိတော့၏။

ကြည့်လိုက်တော့ အသက် (၆၀)ကျော်ခန့် အဖိုးကြီးတစ်
ယောက်၊ လက်ထဲမှာလည်း တုတ်ကောက်တစ်ချောင်းကိုင်ထား၏။
ကြောက်လန့်ဖွယ် ရုပ်ဆင်းအင်္ဂါတော့မဟုတ်။ သျှောင်တစောင်းထုံးပြီး
ပိတ်ဖြူစင်ကြယ်ဝတ်ကာ ပုတီးတစ်ကုံးလည်မှာစွပ်ထား၍ အကြောက်
အလန့် ဖြေခဲ့ရ၏။

"မောင်ရင်လေးက ဘယ်သူ့ကို ရှာနေတာလဲကွယ်"

ဒုတိယအကြိမ် မေးသံထွက်ပေါ်လာမှ သက်နိုင်ဦး တစ် ယောက်
အသက်ဝင်လာရသည်။

"ဗျာ...ဩော်...ဒီလိုပါခင်ဗျာ...ကားပျက်လို့ ဒုက္ခရောက်ပြီ
အိပ်ဖို့နေရာရှာရင်းနဲ့ ရောက်လာတာပါ အဘ။"

"အင်း . . .ဟုတ်ပြီ၊ ဒီအတွက်ဖြင့် မပူနဲ့ကွယ်။ အဘတို့အိမ်မှာပဲအိပ်ပါ။အိမ်ကစုတ်ပေမယ့် လူလေးအတွက် တစ်ညတာတော့ ကောင်းကောင်းအိပ်ရမှာပါ။ ပြီးတော့ ထမင်းစားပေါ့။ အဘတို့ကတော့ သတ်သတ်လွတ်သမားတွေဆိုတော့အဆင်ပြေပါ့မလားမသိဘူး"

"ဟာ . . . ရပါတယ်ခင်ဗျား။ ဒီအတွက် ပြဿနာမရှိပါဘူး။ အဆင်ပြေပါတယ်။ အဘတို့အိမ်ကဒီအိမ်လား"

"ဟုတ်တယ်လူလေး၊ ကဲ...လာ.လာ"

ပထမဆုံးတွေ့သောအိမ်ကလေးမှာပဲ တည်းခိုဖြစ်ခဲ့ပါသည်။ ငွေကြေးချို့တဲ့ နွမ်းပါးသော်လည်း စိတ္တသုခနှင့် ပြည့်စုံနေသည်ဟု သက်နိုင်ဦး သိနားလည်လိုက်၏။ အိမ်ကလေးပေါ်တက် အုံ့ဩမှုတစ်ခုကို တွေ့လိုက်ရသည်။ ထားဝယ်ဂိတ်မှ စထွက်လာကတည်းက အဖော်လုပ်ပေးခဲ့ရသော အဖွားကြီးကို တွေ့လိုက်ရသည်။

"ဟင်...အဖွားပါလား"

အဖွားကြီးက သူ့ကိုမြင်ဟန်မတူ။ ထိုနည်းအတူ ကြားဟန် လည်း မတူ။ အဖွားကြီး၏ နံဘေးတွင်တော့ အသက် ဆယ့်ရှစ်နှစ်ခန့် အရွယ်ရှိ မိန်းကလေးတစ်ယောက်။ ခရေပန်းများကို ကြိုးနှင့် သီကုံး နေ ၏။

"အဘနာမည်က ဦးဒိဗ္ဗတဲ့။ တစ်ချိန်တုန်းက တိုင်းရင်းဆေး ဆရာတစ်ယောက်ပေါ့ ။ ဒါက အဘမိန်းမ ဒေါ်ညိုပြာ၊ ပြီးတော့ သူက မြေးကလေး စံပယ်တဲ့ ။ အင်း ... ပြောရရင်တော့ စံပယ်က မြေးအရင်း တော့ မဟုတ်ရှာဘူး။ ငယ်ငယ်ကတည်းက သူ့မိဘတွေဆုံးပါးသွားပြီး တစ်ကောင်ကြွက် ဖြစ်နေတဲ့ ကလေးမကို အဘတို့ကမွေးစားစောင့် ရှောက်ခဲ့တာပေါ့..."

"ဒါ . . . ဒါနဲ့ အဘ၊ အဘမိန်းမ အဖွားဒေါ်ညိုပြာက ဒီညပဲ ထားဝယ်က ရောက်လာတာ မဟုတ်လား။"

သက်နိုင်ဦးစကားကြောင့် အဖိုးကြီးက သူ့မျက်နှာကို တအံ့တသြစိုက်ကြည့်၏။ စံပယ်ကလည်း နားမလည်ဟန်ဖြင့် ငေးကြည့်နေ၏။

"ဘယ်လို...ဘယ်လိုကွယ့်။ အဘမိန်းမက ဒီမှာပဲ နေတာ လေ။ သူကမျက်စိတအား မှုန်နေပြီ။ နားကလည်းလေးတယ်လူလေး။ ဘယ်မှမသွားပါဘူး။ တနေ့တနေ့ ဒီအိမ်လေးမှာပဲ ပုတီးစိပ်ပြီး နေတာ ပါ။"

"ဗျာ..."

သက်နိုင်ဦးတွေဝေသွားသည်။ လူတူတာများလား။ လောကမှာ လူတူမရှားမဟုတ်လား။ သို့သော် သက်နိုင်ဦးရဲ့စိတ်ထဲမှာ တော့ ကားပေါ်မှာ စကားတွေ ဖောက်ဖွဲ့ပြောလာသော အဖွားကြီးမှ အဖွားကြီးအစစ်ဟု တထစ်ချ သိနားလည်နေသည်။ ခက်တာလက်ရှိမြင်နေရသည့် အခြေအနေကလည်း အမှန်တွေ။

ဘာပဲဖြစ်ဖြစ်လေ၊ တစ်ညတာတော့ နားခိုခွင့်ရခဲ့ပြီပဲ။ ထိုည စကိုဆန်ပြုတ် တစ်ပန်းကန်၊ ဖီးကြမ်းငှက်ပျောသီးနှစ်လုံးနှင့် ပြီးခဲ့ပါ သည်။

❖ ❖ ❖

## အခန်း(၃)

"ဟား....ဟား....ဟား...၊တော်ပြီသက်နိုင်ဦး၊မင်းဇာတ်လမ်းကို ငါမှန်းမိပြီ။ "

ကိုသီဟရဲ့စကားကြောင့် သက်နိုင်ဦးက မျက်မှောင်ကြုတ်ရင်း . ..

"သီဟ ... မင်းက ဘာသိလို့လည်း၊ ဇာတ်လမ်းကို ဆုံးအောင် နားမထောင်ဘူး"...ဟုပြောလိုက်သည်။

မင်းကလည်းကွာ . . . ပညာရှိများတွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်လေ။ မင်းဇာတ်လမ်းက ဘာမှမထူးဆန်းပါဘူး။ ဒါမျိုးတွေ ရိုးနေပြီ။ ဒါမှမဟုတ် မနက်အိပ်ယာကနိုးလို့ ကြည့် လိုက်တော့ အိမ်တစ်လုံး မှမရှိ။ လူတစ်ယောက်မှမရှိပဲ။ လယ်ကွင်းပြင်ကြီးထဲမှာ၊အဲ . . . ဒါမှမဟုတ် သင်္ချိုင်းကုန်းမှာ ရောက်နေမယ်။ ဒီမှာ မင်းက ကြောက်လန့်ပြီးထွက်ပြေးမယ်။ ဒါပဲမဟုတ်လား သက်နိုင်ဦး။"

"ဘာလဲ...မင်းက ကြပ်ကုန်းကို ဆိုလိုတာလား"

"ဟုတ်တယ်လေ၊ ကြပ်တွေဖန်ဆင်းထားတဲ့ ရွာမှာ တစ်ည အိပ်ခဲ့ရတဲ့ ဇာတ်လမ်းမျိုးပဲ မဟုတ်လား သက်နိုင်ဦး။" ကိုသီဟ စကားကြောင့် သက်နိုင်ဦးက ပြုံးရင်းခေါင်းကို ခါရမ်းပြ၏။

"မှားသွားပြီ ...သူငယ်ချင်း၊ပညာရှိကြီးတွေးတာ လုံးဝမှားတယ်၊ မင်းထင်သလို၊ ကြားဖူးနေကျ မဲပြာပုံဆိုး ဇာတ်လမ်းမဟုတ်ဘူး။ သူတို့က ကြပ်တွေ၊ တစ္ဆေတွေ မဟုတ်ဘူး၊ နာနာဘာဝတွေ မဟုတ်ဘူး။

"ထားပါတော့ သက်နိုင်ဦးရာ။ ဒါဆိုလည်းဖြစ်နိုင်ခြေက မကောင်းဆိုးဝါးတွေလည်းမဟုတ်တော့ ...အင်း...ဘယ်လိုပြောရမလဲ။ ကောင်းဆိုးဝါးတွေပေါ့။"

"ဟေ...ဘာလဲကွ၊ ကောင်းဆိုးဝါးဆိုတာ"

"ဟဲ...ဟဲ...ဒီလိုလေကွ၊ နာနာဘာဝတွေလို မကောင်းဆိုးဝါးတွေမဟုတ်ဘူးဆိုတော့ ကောင်းဆိုးဝါးတွေပေါ့ ။ အဖိုးကြီးက သတ်သတ်လွတ်စား၊ ဝတ်ဖြူစင်ကြယ်ဝတ်၊ စိပ်ပုတီးလည်ပင်းမှာဆွဲ ဆိုတော့ ... အင်း ... ရက္ခဆိုးတို့ ကွင်းပိုင်၊ ရွာပိုင်၊ တောပိုင်၊ ဒါမှမဟုတ် ဥစ္စာစောင့်တွေ၊ သိုက် ...သိုက်..."

"တော် ...တော် ..သူငယ်ချင်း၊ မဟုတ်ဘူး၊ မင်းပြောတာတွေ တစ်ခုမှ မဟုတ်ဘူး။ သူတို့ကလူတွေ ၊ လူစစ်စစ်တွေ။ မင်းထင်သလို မနက်ကျတော့ ရွာလည်း မပျောက်ဘူး၊ သင်္ချိုင်းကုန်းလည်းဖြစ် မသွားဘူး"

"အယ်...ဒါ...ဒါဆို၊ ဟာ...နေပါဦးသက်နိုင်ဦးရာ၊ ဒါဆို ဘာများထူးခြားဆန်းကြယ်လို့လည်း ၊ ရွာတစ်ရွာရောက်တယ်။ လူတွေနေတဲ့ရွာ၊ အဲ့ဒီမှာတစ်ညအိပ်ပြီး မနက်ကျတော့ ထပြန်လာမယ်။ ဒါ.ဘာထူးခြားလို့လဲကွ။"

"အဲ့ဒါကြောင့်ပြောတာ ။ ဆုံးအောင်နားထောင်ပါဦးလို့ ။ ငါဇာတ်ကကပ်ပြီးရှုပ်နေတာကွ ... ဒီလိုကွ ...ငါဆက်ပြောမယ်"

"..........."

❖❖❖

# အခန်း(၄)

စားသောက်ပြီးတော့ စံပယ်က ဖျာတစ်ချပ်နဲ့ ခေါင်းအုံးတစ် လုံး၊ စောင်အနွမ်းလေးတစ်ထည်ဖြင့် သူ့အတွက် အိပ်ယာပြင်ဆင် ပေး၏။

"ရပြီကိုကိုလေး။ ဒီမှာလာလှဲပါ။ ခရီးပန်းလာတော့ စောစော စီးစီးအိပ်ချင်မှာပဲ"

သက်နိုင်ဦးကတော့ သွက်လက်စွာ လုပ်ကိုင်ပေးနေသော စံပယ်ကို ကြည့်ရင်း ရင်ထဲမှာ မသိမသာ ကြည်နူးနေမိ၏။ ပြီးတော့ ... သူ့ကို ဘာတဲ့ ... "ကိုကိုလေး" တဲ့ ။ စံပယ့်အသံချိုချိုလေးကြောင့် လွမ်းမောဖွယ်ကောင်းလှသလို အရည်လဲ့နေသော စံပယ့်မျက်ဝန်း လေးက အိပ်မက်ထဲ အထိမြင်ယောက်ဆဲ၊ ကြားယောင်ဆဲ။

တစ်ညလုံးနှစ်ခြိုက်စွာ အိပ်ပျော်သွား၍ ခွန်အားတို့ ပြည့်နေ သည်။ နံနက်မိုးသောက် အလင်းရောက်တော့မှ သူနိုးထလာခဲ့သည်။

"ဟော ... မောင်ရင်လေးနိုးပြီကိုး ။ လန်းသွားအောင် ဟိုရေ တွင်းမှာရေချိုးလိုက်၊ ပြီးတော့မှ စံပယ့်လက်ရာ ကောက်ညှင်းပေါင်းနဲ့ ရေနွေး ကြမ်းလာသောက်ချည်ကွယ်။"

"ဟုတ်ကဲ့အဘ"

ညကတည်းက ရေချိုးချင်နေခဲ့သည်မို့ စံပယ်ယူလာပေး သော ပုဆိုးတပတ်နွမ်းလေးကို ယူ၍ရေချိုးပစ်လိုက်သည်။ ပြီးတော့ အငွေ့ တထောင်းထောင်းထနေသော ကောက်ညှင်းပေါင်းကို အားပါး တရစား နေမိသည်။ စံပယ်ကလည်း ရေနွေးကြမ်းကို အသင့်ငှဲ့ပေးရှာသည်။ နာရီကြည့် တော့ မနက် ၆ –နာရီထိုးပြီ။

"အဘရယ် . . . အဘတို့တစ်မိသားစုလုံးကို အရမ်းကျေးဇူးတင်ပါတယ်။ အဘတို့ စေတနာကိုလည်း လက်အုပ်ချီပြီး ရှစ်ခိုးကန်တော့ခဲ့ပါရစေခင်ဗျား။ ပြီးတော့ဒါက . . . အဘတို့ ဘယ်လိုမှ သဘောမထားပါနဲ့ ။ လှူလိုရာလှူနိုင်အောင် ဒီငွေငါးထောင်နဲ့ ကန်တော့တာကို လက်ခံပေးပါ။ ဒီငွေဟာ ဖြူစင်တဲ့ငွေတွေဖြစ်လို့ အဘတို့စိတ်သန့်သန့်နဲ့သုံးစွဲနိုင်ပါတယ် အဘ"

သက်နိုင်ဦးကန်တော့သောငွေကို အဖိုးကြီးကလက်မခံ။ အတင်းဇွတ်ပေးမှ ယူရှာ၏။ ပြန်ရန်နှုတ်ဆက်ချိန်မှာတော့ စံပယ်မျက်ဝန်းလေး ၌ နွမ်းလျရီဝေမှုလေးကို တွေ့ခဲ့ရ၏။

"ကံမကုန်ရင် ပြန်ဆုံကြတာပေါ့ ညီမလေး စံပယ်ရယ်"

❖❖❖

# အခန်း(၅)

လာလမ်းအတိုင်း ခပ်သုတ်သုတ်ပြန်ခဲ့ရာ လယ်ကွင်းအစပ် အရောက်တွင် နွားတစ် ကောင်ဆွဲ၍လာသော လယ်သမားတစ်ဦးကို တွေ့လိုက်ရသည်။ မျက်နှာချင်းဆိုင်တွေ့ ၍ လောကဝတ်အရနှုတ် ဆက်လိုက်မိသည်။

"လယ်ထဲဆင်းမလို့လား...ဦးလေး"

"ဟုတ်တယ်ကွယ့် ငါ့တူ၊ မိုးမကျခင် လယ်ပြင်ရဦးမယ်လေ။ ဒါနဲ့ငါ့တူက ဘယ်ကလာတာလဲ။"

"ဩော်... ဒီလိုပါခင်ဗျာ။...။ ....။ ....။"

သက်နိုင်ဦးက အဖြစ်အပျက်ကို အတိုချုံးရှင်းပြလိုက်တော့ လယ်သမားကြီး၏ မျက်နှာ မှာ အံ့ဩနားမလည်နိုင်မှုတွေ ဖြစ်သွား၏။

"နေပါဦးငါ့တူ ၊ ငါ့တူက ညက ဆေးဆရာကြီးဦးဒိဗ္ဗအိမ်မှာ အိပ်ခဲ့တယ်ပေါ့။"

"ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲဗျာ"

လယ်သမားကြီးက သူ့အမေးကို မဖြေသေးပဲ ထပ်မေးမြန် သည်။

"ဦးဒိဗ္ဗမှာ ခြေနှစ်ဖက်စလုံး အကောင်းပတိပေါ့နော်။ သွားနိုင် လာနိုင်တယ်ပေါ့."

"ဗျာ ... ဟာ .. ဦးလေးကလည်း ခက်တာပဲ။ ခြေနှစ်ဖက်စလုံး အကောင်းပေါ့ဗျာ။ မနေ့ညကတောင် ကျွန်တော်ကို လမ်းပေါ်ကနေ အိမ်ပေါ်အထိခေါ်လာခဲ့တာပဲ။ နေပါဦး ... ဘာတွေဖြစ်လို့လဲဗျာ ...၊ ပွင့်ပွင့်လင်းလင်းပြောပြစမ်းပါဦး။ "

လယ်သမားကြီးက ခေါင်းကို တွင်တွင်ခါ၍ အခုလိုရှင်းပြ၏။

"အင်း ... အတော်ကို ဆန်းနေပြီကွ။ မင်းကပဲ မျက်စိအမြင်မှား တာလား၊ ဘာတွေက များလှည့်စားလို့ အထင်မှား အမြင်မှားတွေ ဖြစ်လာခဲ့တာလည်း ဆိုတာမသိတော့ပါဘူး။ ဒီလိုငါ့တူ။ ဦးဒိဗ္ဗဟာ လွန်ခဲ့တဲ့တစ် နှစ်ကပဲဆေးမြစ်တူးရင်း တောင်ပေါ်ပြုတ်ကျပြီး ပေါင်ရင်းမှာ ငုပ်စူး ခံရတယ်။ တိုတိုပြောရရင်ကွာ၊ ထားဝယ်ဆေးရုံကြီးမှာ ခြေ တစ်ဖက်ကို ပေါင်ရင်းက ဖြတ်လိုက်ရတယ်လေ။"

"ဗျာ..."

"ဟုတ်တယ်ပဲ့ါတူ၊ သူ့ခမျာ အသက်ကြီးမှ ဂျိုင်းထောက်ကို အားပြု ပြီးသွားနေရတာ လား။ ပိုထူးဆန်းတာက ဦးဒိဗ္ဗရဲ့မိန်းမ ဒေါ်ညိုပြာ ဆိုတာ ဆုံးသွားတာ တစ်နှစ်လောက်ရှိပြီငါ့တူ။ စံပယ်ကပဲ ဒီဒုက္ခိတ အဖိုးကြီးကို ပြုစုလုပ်ကျွေးနေတာ။ တို့ အိမ်နီးချင်းတွေကပဲ ဝိုင်းဝန်း စောင့် ရှောက်နေ လာခဲ့တာ။ အခု ငါ့တူပြောတော့ ဦးဒိဗ္ဗကလည်း ခြေအကောင်းပတိ၊ ဒေါ်ညိုပြာကိုလည်း တွေ့ခဲ့တယ်ဆိုတော့ မအံ့ဩပဲ နေမလားငါ့တူ"

သက်နိုင်ဦးတစ်ယောက် ရှုးချင်သွားမိသည်။ နေ့ခင်းကြောင် တောင် တစ္ဆေအခြောက်ခံ လိုက်ရသလို။ ဘာကို ဘယ်လိုနားလည်ရမှန်း လည်းမသိတော့။ ကြုံတွေ့ခဲ့ရတာတွေကလည်း အိပ်မက်မဟုတ်။

စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိစွာဖြင့် ပဟေဠိတစ်ပုဒ်ကို ရှာ ဖွေ အဖြေထုတ်ရန်အတွက် ချက်ချင်းပင် နောက်ကြောင်းပြန်လှည့် လိုက်သည်။ အဖိုးကြီးအိမ်ဘက်လျှောက်လာခဲ့သည်။ တစ်စုံတစ်ရာ ပြောင်းလဲမှုမရှိ။ ဦးဒိဗ္ဗ၏ အိမ်၊ တစ်နည်းအားဖြင့် ညကတစ်ညတာ အိပ်စက်ခဲ့သောအိမ်ကိုလည်းအလွယ်တကူတွေ့ပါသည်။

ခင်ငြိမ်း

သို့သော်အိမ်ထဲရောက်တော့ အခြေအနေက ထူးခြားအံ့ဩ စွာ ပြောင်းလဲနေပါသည်။ အဖိုးကြီးဦးဒိဗ္ဗသည် ပက်လက်ကုလားထိုင် တစ်လုံးတွင်ထိုင်၍ ကြေးဆုံလေးဖြင့် ကွမ်းတစ်စုံကို ထောင်းနေ၏။ စံပယ်က အနောက်ဘက်တွင် ထမင်းချက်နေရာမှ အိမ်ရှေ့ထွက်လာ ခဲ့ပြီး ..."ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင်" ...တဲ့။

သက်နိုင်ဦးအံ့ဩသွားရသည်။ အခုလေးတင် စံပယ်ပေါင်း ကျွေးသော ကောက်ညှင်းပေါင်းကိုစားပြီး ထွက်လာခဲ့သည်ပဲ။ နာရီဝက် ပင် မရှိသေး။ စံပယ်က သူ့ကို တစိမ်းတယောက်လို မေးနေပြီ။ "စံပယ်... အစ်ကိုလေ၊ မမှတ်မိတော့ဘူးလား။ အခုလေးတင်စံပယ်တို့ကို နှုတ်ဆက် ပြီးပြန် သွားတာလေ။ အဘ...ဘယ်လိုဖြစ်တာလဲ...အဘ၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား။ ညကပဲအဘကိုယ်တိုင် ကျွန်တော့်ကို ခေါ်လာလို့ ဒီအိမ်မှာပဲ တစ်ညအိပ်ခဲ့တယ်လေ။"

ခက်ချေပြီ။ အဖိုးကြီးရော စံပယ်ပါ သူ့ကိုမမှတ်မိ။ တစ်ခါမှ မတွေ့ဖူးသော တစိမ်းတစ်ယောက်လို ကြောင်တောင်တောင်ကြည့် နေကြသည်။

"မောင်ရင်ကဘယ်သူလဲ၊ ညက ဒီကိုဘယ်သူမှလာမအိပ် ပါဘူး ကွယ်"

အဖိုးကြီးစကားကြောင့် သက်နိုင်ဦး ကြောင်အမ်းအမ်းဖြစ် သွားရသည်။ ဒေါသလည်း ထွက်ချင်လာသည်။ ညကပင် ဆန်ပြုတ် တစ်ပွဲနှင့် ဖီးကြမ်းနှစ်လုံးစားခဲ့သေးသည်။ စံပယ်ကိုယ်တိုင်ပင် သူ့ အတွက်အိပ်ယာခင်းပေးခဲ့သည်။ အခုမနက်တောင်ရေမိုးချိုး၍ သူတို့ ကျွေးသော ကောက်ညှင်းပေါင်းကို တဝစားခဲ့သေးသည်။ အခုထိ ဗိုက် တင်းနေဆဲ။

စံပယ်ကလည်း "သူ့ကို မသိဘူးတဲ့။ ညကလည်း ဘယ်သူ့ လာဘူး" တဲ့

"တောက် ...ခင်ဗျားတို့ပိပိရိရိနဲ့ ကျုပ်ကိုအရူးလုပ်နေ တာလား

"မောင်ရင် . . . အဘတို့ကဆင်းရဲပေမယ့် ငါးပါးသီလမြဲတယ် မုသားမသုံးဘူး။ မောင်ရင် လေးလူမှားနေပြီထင်တယ်။ "

"လူမှားတယ် . . . ဟုတ်လား အဘ။ လူမမှားဘူး၊ အဲ . . . အိမ်မှား နေတာ"

"ဒါဆိုလည်း တခြားအိမ်သွားရှာပါလားကွယ်"

"မဟုတ်ဘူး၊ တခြားအိမ်လည်းမဟုတ်ဘူး၊ ဒီအိမ်မှ ဒီအိမ် အစစ်ပဲ၊ အိမ်ရှေ့မှာအုန်းပင်နှစ်ပင်ရှိတယ်။ ခြံထောင့်မှာ ပိန္နဲပင်ရှိတယ်။ နောက်ဘက်မှာ ရေတွင်းရှိတယ်။ ဘာမှမမှားဘူး။ အကုန်မှန်တယ်။ ဒါနဲ့ အဘ မိန်းမ အဖွားဒေါ်ညိုပြာ ကော"

"ဟေ."

အဖိုးကြီးရောစံပယ်ပါ မျက်လုံးတွေပြူးကျယ်ကုန်သည်။

"ငါ့မိန်းမဆုံးတာ တစ်နှစ်ခွဲ ရှိပါပြီပကောငါ့တူရယ်။ ငါတူလုပ် တာနဲ့ အဘတို့တတွေ ခေါင်းရှုပ်ကုန်ပြီ"

"ကျွန်တော်က ပိုရှုပ်တယ်အဘ။ ရှုပ်တာကမှ သွက်သွက်ခါ အောင်ရှုးသွပ်ချင်နေပြီ။ ညကပဲ အဖွားဒေါ်ညိုပြာကို တွေ့ခဲ့သေးတယ်။ ပြီးတော့အဘကလည်း အခုလို ဒုက္ခိတမဟုတ် ဘူး။ ခြေနှစ်ဖက်စလုံး အ ကောင်း အကောင်းဗျာ"

"ဟေ . . . ငါ့မိန်းမကိုတွေ့တယ်။ ဟုတ်လားတူမောင်၊ ပြီးတော့ အဘက ခြေထောက် အကောင်း ဟုတ်လား။"

"ဟုတ်တယ် . . .သိပ်ဟုတ်တယ် အဘ။ ဒီမနက်ပဲ ဟောဟိုက ရေတွင်းမှာ ကျွန်တော်ရေချိုးခဲ့တယ်။ ပြီးတော့စံပယ်ကျွေးတဲ့ ကောက်ညှင်းပေါင်းကိုစားတယ်။ အဘတို့ကို ငွေငါးထောင်နဲ့ ကန်တော့ခဲ့သေးတယ်။"

ပြောသူသာ အရူးတစ်ယောက်လို ဖြစ်နေသည်။ သူပြောတာတွေကို အဖိုး ကြီးရော စံပယ်ပါနားလည် ဟန်မတူပါးစပ် အဟောင်းသားဖြင့် နားထောင်နေကြသည်။

ဘာမှထပ်ရှင်းမပြလိုတော့။ အရူးတပိုင်းဖြစ်အောင်သူ အလှည့်စားခံခဲ့ရသည်။ အဘယ်အရာက သူ့ကိုလှည့်စားလေသနည်း ဆိုတာသူလည်းအဖြေရှာတတ်တော့။ လာရာလမ်းအတိုင်း ခေါင်းငိုက်စိုက်ဖြင့်သာ ပြန်လာခဲ့တော့သည်။

သက်နိုင်ဦးကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ပြန်ပြောပြတော့ မည်သူမျှမယုံ။ သူသာ အရူးဖြစ်ရတော့သည်။ ယုတ်စွအဆုံး ဖခင်ဖြစ်သူပင် မယုံ။ ရန်ကုန်ပြန်ရောက်တဲ့အထိ ထိုအဖြစ်ကမေ့မရ။ သူဘဝထဲ ဂယက်ရိုက်နေခဲ့သည်။ သူ့ကိုလည်း ယဉ်ယဉ်လေးနှင့် ရူးနေပြီဟုစွပ်စွဲ ခင်ကြသည်။ မိခင်ဖြစ်သူဆိုလျှင် ပယောဂဆရာတွေနှင့်ပင် တိုင်ပင် နေပြီတဲ့။

ခက်တာကသူ့အဖြစ်က သူကိုယ်တိုင်နားမလည်နိုင်တော့။ တပါးသူနားလည်ဖို့ နေနေ သာသာ ကာယကံရှင် ကိုယ်တိုင်ကပင် အဖြေမထွက်သောဘဝ။ သက်သေပြစရာလည်းမရှိ။ ယုံနိုင်စရာ လည်းမရှိ။

ထိုဖြစ်ရပ်များကိုတော့ သက်နိုင်ဦး၏ ဘဝတွင် မေ့ပျောက်ရန်ခက်သော "မာယာများနှင့်တစ်ညတာ" ပဟေဠိတစ်ပုဒ်အဖြစ် တစ်သက်လုံး စွဲမြဲထင်ကျန်နေမည်ကား အသေအချာပင် ဖြစ်ပေတော့သတည်း။

(လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း)
(ဝသုန်ဟိန်းထက်)
(Oct-2010)

❖ ❖ ❖

# ၄။ ကျွန်တော်နှင့် မိစ္ဆာရှမ်ကောင်

ဝသုန်ဟိန်းထက်

## ငှက်ကျွန်တော်နှင့် မိစ္ဆာရှစ်ကောင်

ပွက်ပွက်ဆူနေသော ရေတစ်ခွက်…။

အငွေ့တွေက တထောင်းထောင်းထွက်နေ၏ "ဦးအေး" သည် ကွမ်းတယာကို ပါးစပ် ထဲသွပ်သွင်းလိုက်ပြီးနောက် ဂုဏ်ယူဝင့်ကြွားပြီး သောမျက်လုံးများဖြင့် ကျွန်တော်တို့ အဖွဲ့ကို ခြုံကြည့်လိုက်၏။ အသက် ခြောက်ဆယ်ကျော်ပြီဖြစ်သော ဦးအေး၏တစ်ကိုယ်လုံးတွင် အင်း ကွက်များ၊ စမများကို ထိုးနှံထားသည်ကို တွေ့ရ၏။

"ဟာ" "ဟာ"

ကျွန်တော့်သူငယ်ချင်းများက ထိတ်လန့်တကြားဖြစ်သွားကြ၏။ အငွေ့တထောင်းထောင်းထပြီး ပွက်ပွက်ဆူနေသောရေကို ဦးအေး က လက်ပေါ် လောင်းချလိုက်သည်။ သူ့ကြည့်ရ တာ အပြုံးပင်မပျက်။ ဘာမှမဖြစ်ခဲ့လိုပင်။ ကြည့်နေသူတွေသာ အထိတ်တလန့် ဖြစ်သွားရ သည်။

ဦးအေး၏လက်ကတော့ ရေစိုသွားရုံကလွဲ၍ ဘာဆိုဘာမှ မဖြစ်။ အပူလောင်ခံရသည့် လက္ခဏာမတွေ့ရ။

"ဟဲ… ဟဲ… ဟဲ… မင်းတို့ သိပ်အံ့ဩသွားသလား။ ဒါတွေက အကင်းပဲရှိသေးတယ်။ ထပ်ကြည့်အုံး"

ဦးအေးက ပြောပြောဆိုဆို ဖယောင်းတိုင်တစ်တိုင်ကို မီးထွန်း ညှိလိုက်ပြီး ဖယောင်းတိုင်မီးကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။ ဦးအေး၏ မျက်လုံးအစုံက အရောင်တဖျပ်ဖျပ် ထွက်လာသည်ဟုထင်ရ၏။ မျက်

တောင်ခတ်ခြင်းအလျဉ်းမရှိ၊ သံလိုက်နှင့်ဆွဲညှိကပ်ထားသလို သူ့မျက်လုံး အစုံက မီးညှိန့်လေး၌စွဲကပ်နေတော့သည်။ သိပ်မကြာ လိုက်။ တစ်မိနစ် - နှစ်မိနစ် လောက်ပဲကြာမည်။ ဖယောင်းတိုင်က "ဟုတ်" ကနဲငြိမ်သွားရ၏။

"ဟာ...ထူးဆန်းလိုက်တာ"

အားလုံးတအံ့တသြဖြစ်သွားရပြီ။ ဦးအေး၏ထူးခြားသော အစွမ်း အစကို အံ့သြသွားကြရ၏။

"ဟဲ ...ဟဲ ...ဘယ်လိုလဲ ...သိပ်အံ့သြသွားကြသလား။ မင်းတို့ စိတ်ထဲမှာ မျက်လှည့်ပြတယ်လို့ ထင်မှာပဲ။ ဒါဟာ မျက်လှည့်မဟုတ် ဘူးကွ။ သမထကွ။ သိလား ...သမထရဲ့တန်ခိုး သတ္တိ အင်အားတွေပေါ့။ တစ်နည်း အားဖြင့်ပြောရရင် ကသိုဏ်းစွမ်းအားတွေပေါ့ကွာ"

"အံ့သြစရာပဲဗျာ ...သမထရဲ့အစွမ်းက သိပ်စွမ်းတာပဲနော်"

"ဟုတ်တယ်ကွဲ့ ... သမထရဲ့တန်ခိုးသတ္တိဟာ လောကီမှာ ပြိုင်ဘက်ကင်းတာပေါ့ကွာ။ စူဠဂန္ဓီအတတ်ဟာ ရသေ့ရှစ်သောင်း ဆရာကောင်းတွေရဲ့လောကီဝိဇ္ဇာအတတ်ပေါ့ကွယ်။ ဒီသတ္တိတန်ခိုး ဟာ မြေ လျှိုးမိုးပျံ ရှိန်းဆာယာတို့ကအစ ဈာန်အဘိညဉ်တန်ခိုးအရာမှာ ထိပ်ဆုံး အထိ ခရီးရောက်ခဲ့တဲ့ပညာပေါ့"

ကိုအေးကား ... ဂုဏ်ယူဝင့်ကြွားစွာဖြင့် ကျွန်တော်တို့ကို စိတ်လိုလက်ရ ရှင်းပြနေ လေသည်။ ဦးအေးသည် ယခုအခါ၌ ဗေဒင်၊ လက္ခဏာ၊ ဆန်း၊ အင်္ဂဝိဇ္ဇာ ဓါတ်ရိုက်ဓါတ်ဆင်၊ အင်းအိုင်လက်ဖွဲ့ ခလှဲ့ စသော လောကီကိစ္စအဝဝ၌ ဆရာတစ်ဆူအဖြစ်ခံယူ၍ အသက် မွေးဝမ်း ကြောင်းပြုနေသူဖြစ်၏။

ဆေးကုခြင်း၊ ပရောဂကုခြင်းတို့၌ ဦးအေး၏ ဂုဏ်သတင်းဟာ ကျော်ကြားလှသူဖြစ်၏။ သို့သော်ဤနေရာတွင် ပြောစရာတစ်ခုတော့ ရှိ၏။ ဦးအေးဆီသွားမည်ဆိုလျှင် ငွေထုပ်နှင့် သွားနိုင်မှတော်ရုံကျ၏။ ဦးအေးသည် အသပြာတစ်ယောက်ပင်တည်း။ တစ်ဆယ်ကျလျှင် တစ်ရာတောင်းတတ်သော ဦးအေး၏အကျင့်။

အခုလည်းဦးအေးသည် သူ၏ အစွမ်းသတ္တိများကို အခွင့်သာတုန်း ကျွန်တော်တို့အဖွဲ့အားကြွားလုံးထုတ်နေခြင်းဖြစ်၏။

"အခုလို ရေနွေးပူပူလေးတွေလောင်းချတာ ပါးပါးလေးပဲ ရှိသေးတယ်။ ဦးငယ်ငယ်က ဆိုရင် ဆီပူလောင်းချနိုင်တယ်။ သမထရဲ့ တန်ခိုးသတ္တိတွေပေါ့။ ပြောရင်ယုံမလားမသိဘူး။ အရင်ကဆို စာရွက်တစ်ရွက်ကို စိုက်ကြည့်တာနဲ့ မီးထလောင်တယ်လို့ ပြောရင်ယုံမလား။ မယုံမရှိနဲ့ပေါ့ ဒါတွေဟာ ကသိဏ်းရဲ့အစွမ်းတွေ၊ တေဇောကသိဏ်းရဲ့ အစွမ်းသတ္တိတွေ ပဲ"

ဦးအေးရှင်းပြသည်ကို ကျွန်တော်တို့တစ်ဖွဲ့လုံး ရင်သပ်ရှုမောစွာ ဖြင့်နားဆင်နေကြ ရ၏။

"ဦးလူ့ရှယ်ဘဝကဆိုရင် စိတ်သိပ်ကြမ်းတာ၊ ထစ်ကနဲဆို ဂုန်းကနဲပဲ။ ပညာအစွမ်းလေးတွေကလည်းရှိတော့ မခံချင်စိတ်ဝင်တာ နဲ့ ပညာနဲ့ကိုင်လိုက်တော့တာပဲ။ ဘယ်သူစော်ကားမလဲ၊ စော်ကားတာ နဲ့ ရှာလယ် နတ်စင်မှာမီးထွန်းတာနဲ့ ကိစ္စပြတ်ရော။ ဒီကောင်တော့ ဆေးရုံရောက် ပြီမှတ်တော့။ ဆေးရုံကတောင် ရောဂါရှာလို့မတွေ့ဘူး၊ လူးလိမ့်အောင် အော်ဟစ်ခံနေရပြီ သာမှတ်။ အမှုခင်းဖြစ်စေချင်လား လင်မယားကွဲစေချင်လား၊ အိမ်မှာနေလို့မရအောင်လုပ်မလား၊ အိပ်ယာ

ထဲလဲနေစေချင်သလား၊ ကုန်ကုန်ပြောမယ်ကွာ သေစေချင်လား။ ရှူးစေချင်လား...အားလုံးလုပ်နိုင်တယ်။ ဘယ်သူ့မှမော်မကြည့်ရဲဘူးကွာ ဟား...ဟာ..ဟား"

ဦးအေးက သဘောကျစွာဖြင့် ရီမောရင်းပြောပါသည်၊ ကျွန်တော့်အတွက်တော့ ပူလောင်စွာခံစားနေရ၏။ အထင်မကြီးတဲ့အပြင် ရင်ထဲမှာ ရွံရှာသလိုလို၊ မနှစ်မြို့သလိုလိုခံစားနေမိသည်။ တတ်ထားသော ပညာအားကိုးဖြင့် ခုနှစ်ရက်သားသမီးကို ကယ်တင်သည်ထက် ပညာဖြင့် နှိပ်ကွပ်လိုက်သည်။ ဒုက္ခပေးလိုက်သည်ဆိုတာတွေပဲကြားနေရသည်။ ဦးအေးက ထိုမျှနှင့်မပြီး။

"မင်းတို့ဗဟုသုတရအောင် တစ်လက်စတည်း ပြောပြလိုက်မယ်။ ဟော ဟိုမှာပြူတင်း ပေါက် အပြင်ဘက်ကို ကြည့်လိုက်ကြစမ်း၊ ညောင်ပင် ကြီးကိုတွေ့လား"

ဦးအေးညွှန်ပြရာသို့ ကြည့်မိကြသည်။ ဦးအေးနေသောခြံ၏အနောက်ဘက်ယွန်း ယွန်းတွင် ကျူချောင်သချိုင်းကုန်းတည်ရှိ၏။ ထိုနေရာမှ ညောင်ပင်ကြီးကို ညွှန်ပြနေခြင်း ဖြစ်သည်။

"ဘာဖြစ်လို့လဲအဘ၊ ဒီအပင်ကြီးက ဘာဖြစ်လို့လဲ"

ကိုဌေးနိုင်ကနားမလည်စွာဖြင့်မေးတော့ ဦးအေးက ခပ်ပြုံးပြုံးဖြင့်...

"ဟဲ...ဟဲမင်းတို့သာမန်မျက်စိနဲ့တော့ဘယ်မြင်မလဲ...မှတ်ထားငါပြောပြမယ်၊ ဒီအပင်ကြီးမှာ သုံးကောင်ရှိတယ်။ ပြီးတော့ ဒီညောင်ပင်ကြီးရဲ့ဘယ်ဘက်ပိန္နဲပင်ကိုတွေ့လား။ အိမ်း...အဲဒီမှာတော့ နှစ်ကောင်ရှိ

...တယ်ဟော့။ ဒီကနေ မြင်ရသမျှပြောရရင် အားလုံးစုစုပေါင်း ခုနစ်ကောင် ...ကိုတွေ့နေရတယ်..."ဟုဆို၏။

"ဗျာ ... ဘာတွေလဲဗျာ ... ဘာကောင်တွေလဲ၊ ငှက်တွေလား၊ ...မြွေတွေလား"

အားလုံးက နားမလည်စွာဖြင့် မေးလိုက်မိ၏။

"တယ်ခက်တဲ့ကောင်တွေပဲ။ မိစ္ဆာကောင်တွေကို ပြောတာ ကွ၊ ...တဲ...ရှင်းပလား"

"ဗျာ...မိစ္ဆာကောင်တွေ"

"ဟုတ်တယ်၊ မကောင်းဆိုးဝါး။ မိစ္ဆာကောင်တွေဟာ ဒီလိုပဲ ...ဆင်းဆင်းရဲရဲ ဒုက္ခကြီးစွာနဲ့ အခုလိုအပင်တွေကို အိမ်လုပ်ပြီနေရတာ၊ ...ဒီအကောင်တွေကို မင်းတို့သာမန်လူတွေ ဘယ်မြင်ရလိမ့်မတုန်း၊ ဒါပေမဲ့ ...ယုံမရှိနဲ့ဟော့။ ငါ့မျက်လုံးကိုတော့ ဖုံးကွယ်ထားလို့ မရဘူးကွ။"

ကျွန်တော့်သူငယ်ချင်းများမှာတော့ ဦးအေးကို အထင်ကြီးပြီး ...ရင်းကြီးနေကြလေသည်။ ဦးအေးကို သူတို့မျက်လုံးထဲတွင် မှော်ဆရာ ...ကြီးလိုလို၊ သိုက်ချုပ်ဘိုးတော်ကြီးလိုလို မြင်နေကြပုံရသည်။

ကျွန်တော်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကစ၍ ...ဟန်းသံဃာများနှင့် နီးနီး ကပ်ကပ်ထိတွေ့ခဲ့ရသလို၊ လူမှန်းသိတက်စ ...အရွယ်မှစ၍ ဝိပဿနာတရားတော်ကို ရှိသေမြတ် နိုးစွာဖြင့် ဆည်းကပ် ...အားထုတ်လာခဲ့သူဖြစ်၏။ ဆရာကောင်း သမားကောင်းများ၏ ကျေးဇူး ...ကြောင့် "ဝိပဿနာ"ဟူသော လောကုတ္တရာ ရတနာမြတ်၏ ဂုဏ် ...ကျေးဇူးအထူးထူးကို သိနားလည်ရင်းနှီးခဲ့ပြီး ဖြစ်လေသည်။

သမထကားလောကီ၌ပြိုင်ဖက်ကင်းသော်လည်းနိဗ္ဗာန် အမြိုက် အရသာကိုမခံစားနိုင်။ သစ္စာလေးပါး တရားကိုခွဲခြား သိမြင်နိုင် ပြီး နိဝရ ဏဘေးရန်ငါးဖြာကိုပယ်ခွါ၍ နိဗ္ဗာန်နန်းသို့ ပို့ဆောင်နိုင်သည် မှာ ဝိပဿနာ တရားတော်သာဖြစ်ပေ၏။

ထိုကြောင့်လည်း ဒေါက်တာမင်းတင်မွန်ရေး သားပူဇော် သော "ဝိပဿနာဂုဏ်ထူးဆောင်၊ ထူးခြားသောတော်ကူး ဆရာတော် နှင့် ထူးဆန်းစွာရောဂါပျောက်ခြင်းများ" ဟူသော စာအုပ်တွင် ဝိပဿနာ၏ ကျေးဇူးကိုအောက်ပါအတိုင် တင်ပြထားပါသည်။

"ညည်းငြူမရှိ...သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်ကြော ဆွဲ၊ မရှိပဲနှင့်၊ သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း" ဟု ဖွဲ့ဆိုထားပါသည်။

ဦးအေးသည်ကား ထိုသို့မဟုတ်၊ ဝိပဿနာကိုဘေးဖယ်ထား၍ သမထစွမ်းအားကိုပရဟိတအကျိုးထက်အသပြာအကျိုးကိုသာ မျှော်ကိုး ၍လွဲမှားစွာအသုံးချနေသူဖြစ်၏။

ကျွန်တော့်သူငယ်ချင်းတွေကတော့ ဦးအေးကို ဆရာတင် နေကြပေပြီ။ ထို့အတွက် ကျွန်တော်ရင်မောနေသည်။ ဒေဝဒတ်ကို ဆရာအတင်မှား၍ မကျူးလွန်သင့်သော ပြစ်မှုများကို ကျူးလွန်ခဲ့သူ အဇာတသတ် လိုမဖြစ်စေချင်။

ကျွန်တော်က ဦးအေး၏ မျက်လုံးကို စူးစူးရဲရဲစိုက်ကြည့်၍ မေးခွန်းထုတ်လိုက်မိသည်။

"နေပါဦးဗျာ ကျွန်တော် တစ်ခုလောက်မေးပါရစေ။ ဒီအ ကောင်တွေကို ဘာဘာကတကယ်မြင်ရလို့လား"

ကျွန်တော့်အမေးကြောင့် ဦးအေးစိတ်ဆိုးသွားပုံရသည်။

"ဘာလဲ…မင်းကမယုံလို့လား၊ ငါ့ပညာကိုစော်ကားတာ လား"

"မဟုတ်ပါဘူးဗျာ မယုံလို့မဟုတ်ပါဘူး သေချာအောင်မေး တာပါ အဘပြောတာ မိစ္ဆာခုနစ်ကောင်နော်၊ ဒါပေမယ့် ကျွန်တော်ရေ တွက်ကြည့်တော့ခုနစ်ကောင်မဟုတ်ပဲ ရှစ်ကောင်ဖြစ် နေလို့မေးရတာ ပါ"

ကျွန်တော့်စကားကြောင့် ဦးအေးသာမက နားထောင်နေသူ အားလုံး မျက်လုံးပြူး သွားကြလေသည်။

"ဟေ…ဘယ်လို…ဘယ်လို၊ ရှစ်ကောင်ဟုတ်လား"

"ဟုတ်တယ် ရှစ်ကောင်ပါ။ မိစ္ဆာရှစ်ကောင်ကို ကျွန်တော် မြင်နေရတယ်၊ အဘကြည့်တာခုနစ်ကောင်ပဲ မြင်ရတယ်ဆိုတော့ နောက်တစ် ကြိမ်လောက်ထပ်ကြည့်ပါဦး"

ဦးအေး၏ မျက်နှာပေါ်တွင် အံ့ဩခြင်း၊ နားမလည်ခြင်း၊ အလိုမ ကျခြင်းတို့ရောပြွန်းနေ၏။ မကျေမနပ်ဖြင့် ထပ်ပြီးရေတွက် ကြည့်နေပြန် သည်။

"တစ်…နှစ်…သုံး…ခြောက်…ခုနစ်…။ သေချာပါတယ်ကွာ ရှစ်ကောင်မဟုတ်ဘူး။ ခုနစ်ကောင်တည်းပါ။ ငါသေသေချာချာရေ တွက် ပြီးပါပြီ။ မမှားနိုင်ပါဘူး"

"မဟုတ်ဘူးနော် ရှစ်ကောင်တိတိပဲ။ နေပါဦးကွာ မင်းကဘာ ကြောင့်ရှစ်ကောင်လို့ပြောရတာလဲ၊ မင်းကဘာပညာတွေတက်ထား လို့ လဲ"

ဒေါသအသံဖြင့် မေးလိုက်သော ဦးအေး၏မေးခွန်းကို အပြုံးဖြင့်သာ ကျွန်တော်တုံ့ပြန် လိုက်ပါသည်။ သူငယ်ချင်းဖြစ်သူ ကိုဌေးနိုင် က ကျွန်တော့်ကိုမသိမသာလက်ကုတ်၍လေသံတိုးတိုးဖြင့်...

"မင်းကတော့ကွာ...လူဌစာလုပ်ပြန်ပြီ။ မင်းကဘာသိလို့ရှစ်ကောင်လို့ပြောရတာလဲ" ...ဟုပြော၏။ ကျွန်တော်ကတော့ပြုံးမြဲပြုံးနေလိုက်ပါသည်။

"ပြောလေကွာ၊ မင်းကဘာအထောက်အထားနဲ့ ဒီလိုပြောနိုင်ရတာလဲ"

"ဒီကိစ္စကို အခုမဖြေချင်သေးပါဘူး။ ဒါပေမယ့် သိပ်မကြာပါဘူး ဒီညတစ်ညလုံး အဘသေသေချာချာ စဉ်းစားကြည့်ပါ။ မနက်ဖြန်မနက်ကျသော အဖြေတစ်ခုကို ဦးလေးရပါလိမ့်မယ်။ ကျွန်တော် မဖြေပဲနဲ့ အဖြေတစ်ခုအလိုလို ထွက်လာပါလိမ့်မယ်။ ကဲ . . .ကျွန်တော်ကိုခွင့်ပြုပါဦးဗျာ.."

ပါးစပ်အဟောင်းသားဖြင့် ငေးကျန်ခဲ့သော သူတို့အဖွဲ့ကိုကျောခိုင်း၍ ကျွန်တော်လှည့် ထွက်ခဲ့ပါသည်။

နောက်တစ်နေ့မနက်ရောက်တော့ ကျွန်တော်တို့အဖွဲ့ပြန်ဆုံမိကြသည်။

ကျွန်တော့်ကိုတွေ့တွေ့ချင်းဦးအေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးပြပါသည်။ သည်တစ်ခါပြုံးပြတဲ့အပြုံးက ခါတိုင်းနှင့်မတူ အဓိပ္ပာယ် များစွာ ကွဲပြားနေပါသည်။

ကျွန်တော့်သူငယ်ချင်းတွေကတော့ စိတ်ဝင်တစားဖြင့် စောင့်စားနားဆင်နေကြ၏။

"အင်း...ဘာမဟုတ်တဲ့ ဖြစ်ရပ်လေးတစ်ခုကနေ နက်ရှိုင်းတဲ့ အသိတရားတစ်ခု ရလိုက်တယ်ကွာ။ မင်းဟာ ငါ့ရင်ထဲက အမှောင်တိုက်ကိုအလင်းရောင်ထွန်းညှိလိုက်တဲ့ ဆီမီးခွက်လေးပါပဲလားကွာ။ ငါ့ရဲ့ အနှစ်နှစ်အလလ စွဲထင်နေတဲ့ဝါဒများကို ခဝါချစေနိုင်ခဲ့တာလည်း မင်းကြောင့်ပဲ။ ငါတစ်ညလုံးစဉ်းစားနေမိတယ်ကွာ။ ဘယ်နယ့်ကြောင့် မိစ္ဆာကခုနစ် ကောင်မဟုတ်ပဲရှစ်ကောင်ဖြစ်ရတာလဲလို့၊ တစ်ကောင် က ဘယ်ကဘယ် လိုပိုလာတာလဲလို့၊ တော်တော်နဲ့အဖြေမရဘူးကွာ။ ဒါပေမယ့် အခုတော့ ငါရှင်းသွားပါပြီ။ မိစ္ဆာကခုနစ်ကောင် မဟုတ်ပဲ ရှစ်ကောင်ဆိုတာငါသိသွားပါပြီကွာ..."

ဦးအေးကတလေးတစားဖြင့် ကျွန်တော့်ကို ပြောရင်းထပြန်သွားပါတော့သည်။ သူငယ် ချင်းတွေက နားမလည်။

"ဘာလဲကွာ...ဘာတွေလဲ၊ အဓိပ္ပာယ်ရှင်းစမ်းပါဦး ကိုညီရာ"

"ဒီလိုလေ...ပြတင်းပေါက်က သူမြင်ရတဲ့မိစ္ဆာက ခုနစ် ကောင်မဟုတ်လား။ အမှန်ပြောရရင် သူပြောတာမမှားပါဘူး။ ငါလည်း ဘာမှမြင်တာမဟုတ်ပါဘူး။ ဒါပေမယ့် ငါသိတာတစ်ခုတော့ရှိတယ်။ ဘာလဲဆိုတော့ ငါကသူ့ကိုပါ မိစ္ဆာစာရင်းထဲထည့်ပြီး မိစ္ဆာရှစ်ကောင်လို့ပြောလိုက်တာလေ။ အခုတော့ သူကောင်းကောင်းကြီး သဘောပေါက်သွားပါပြီ သူငယ်ချင်းတို့..."

(ဝသုန်ဟိန်းထက်)

❖❖❖

# ၆။ ရေသယ်ပြမ်ဇက်

## ဝသုန်တိန်းထက်

## ၆။ ရေဘယ်ပြန်ဇာတ်

ကန္တီမြို့မှာ "မှတ်ကြီး" ဆိုလျှင် မသိသူမရှိ။ အသက်ကသုံးဆယ်၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်။ စရိုက်ကခပ်ကြမ်းကြမ်း၊ အလုပ် ကတော့ တံငါအလုပ်၊ ရေကူးရေငုပ်အရာမှာတော့ ဖျံတစ်ကောင် အရှုံးပေး၊ ရလိမ့်မည်။ ရေနဲ့ ပတ်သက်လို့ "ရေဝိဇ္ဇာ" လို့ပင်ခေါ် နိုင်သူ ဖြစ်၏။

ကန္တီမြို့ရှေးမြန်မာမင်းများလက်ထက်ကပင် သာယာစည် ကား ခဲ့ပါသည်။ သလာဝတီမြစ်သည် ကန္တီမြို့၏ကျက်သရေဆောင်မြစ်တစ်စင်း ပင်တည်း။ ဤမြစ်လေးကိုမှီ၍ မှတ်ကြီးတို့တတွေတံငါလုပ် စားကြရ သည်။ ဤမြစ်သည် သူတို့၏ထမင်းရှင်၊ သူတို့၏ကျေးဇူး ရှင်ပင် တည်း။

တံငါသည် ဘဝကားကြမ်းတမ်းပင်ပန်းလှ၏။ ထင်သ လောက် တိုးတက်မှုမရှိ။ ပင်ပန်းသလောက် အကျိုးမခံစားကြရ၊ ဝမ်းဝရုံ၊ စားနိုင်၊ သောက်နိုင်ရုံဘဝဖြင့် တင်းတိမ်ကြရသည်။ လုံးလည် လိုက်နေသော မိမိဘဝကိုလည်း မှတ်ကြီးစိတ်ကုန်စပြုလာခဲ့သည်။

သားလေးကို ရှင်ပြုပေးချင်သည်။ ယိုင်နဲ့နေသော အိမ်လေး ကိုလည်း ပြန်ပြုပြင်ချင်သည်။ ဇနီးဖြစ်သူကိုလည်း ခေါင်းရွက်ဗျပ်ထိုး ဘဝက လွတ်စေချင်ပြီ။ ကြီးပွားချင်သည် ကံဆိုးတာမှကံကမလိုက်။ ငါးတွေက ခါတိုင်းလောက်ပင်မရ။

ဒီနေ့မှာတော့ မှတ်ကြီးတစ်ယောက်စိတ်ညစ်ညစ်ဖြင့် ဘကြီးဖြိုးတို့ ခြံဝင်းဘက်ကို လျှောက်လာခဲ့သည်။ ဘကြီးဖြိုးက ဘာသာရေးသမား၊ အဂ္ဂိရတ်သမား၊ မှတ်ကြီးကိုလည်း တူအရင်းလို ချစ်၏။ မှတ်ကြီးကလည်း အားလပ်ချိန် ဘကြီးဖြိုးဆီသွား၍ တတ်နိုင် သမျှ ကူညီ

လုပ်ကိုင်ပေးတတ်၏။ ရေခပ်ထင်းခွဲ၊ အမှိုက်လှည်းမှအစ ဘကြီးဖြိုး အဂ္ဂိရတ်ထိုးလျှင် အနားမှနေ၍ တောက်တိုမယ်ရ မှန်သမျှ အကုန်လုပ်ပေးနေကျဖြစ်သည်။

"မှတ်ကြီးလာလေကွယ် ထမင်းရော စားပြီးပလား၊ မစားရသေးရင်စားသွား"

ဘကြီးဖြိုးကတော့ သဘောမနောဖြူစင်စွာဖြင့် သူ့အပေါ် စေတနာထားတတ်၏။

"စားပြီးပါပြီးဘကြီး၊ ပျင်းလို့ထွက်လာတာပါ။ ဘာလုပ်ပေးရဦးမလဲ ဘကြီးဖြိုး"

"ဟေ့ .မရှိပါဘူးကွယ်၊ နားနားနေနေသာနေပါငါ့တူရာ၊ ဒါနဲ့ ဒီနေ့ ငါးဖမ်းမထွက် ဘူးလား"

"ဟူး... ကြုံတုန်းငါ့တူကို ဘကြီးပြစရာတစ်ခုရှိတယ်ကွဲ့၊ ဘကြီးရဲ့ မိတ်ဆွေတစ်ယောက် ဆီကရထားတဲ့ အလွန်ရှားပါးပြီးသိပ် အဖိုးတန်တဲ့ အဂ္ဂိရတ်ပစ္စည်းတစ်ခုရထားတယ်။ ဒီမိတ်ဆွေက အဂ္ဂိရတ် ကို စွန့်ပြီးတရားဘာဝနာ အားထုတ်ဖို့ ပုပ္ပါးကိုထွက်သွားတော့ မသွားခင် မှာ ဘကြီးကို ချီးမြှင့်ခဲ့တဲ့ ပစ္စည်းလေးပဲ။"

"ဘာများတုန်း...ဘကြီးရဲ့"

အမှန်တော့ ထိုပစ္စည်းကို မှတ်ကြီး စိတ်မဝင်စားပါ။ အဂ္ဂိရတ်သမားဆီလာမှတော့ အဂ္ဂိရတ်စကားပဲကြားရမည်ကို သိပြီးသား။ စိတ်မဝင်စားသော်လည်း လောကွတ်သဘောဖြင့် မေးလိုက်ခြင်းသာ ဖြစ်သည်။

"ဗဟုသုတအဖြစ် မှတ်ထားပေါ့ မှတ်ကြီး၊ ဒီပစ္စည်းကတစ် သက်နဲ့ တစ်ကိုယ်ရခဲတဲ့ ရှားပါးတဲ့ဂန္ဓီရဝင်ပစ္စည်းကွဲ၊ "ရေသယံသံ" လို့ခေါ်တယ်။ အင်္ဂလိပ်ရတ်မှာအသုံးဝင်တဲ့ခြသံတို့ဆိုတာကို မှတ်ကြီးကြားဖူးမှာပေါ့"

"ဟုတ်ကဲ့၊ ကြားတော့ကြားဖူးပါတယ်။ ဘာရယ်လို့တော့ တိတိကျကျမြင်လည်း မမြင်ဖူးပါဘူး ရေသံပုတီးတို့ ဘာတို့တော့ ကျွန်တော်ကြားဖူးတယ်အဘ"

"မတူဘူးကွဲ့ . .ဒီရေဘာယံသံဆိုတာ အင်မတန် ရှားပါးတဲ့ သိုက်ဝင်ပစ္စည်း၊ ရေထဲမှာသဘာဝအလျှောက်ဖြစ်နေတဲ့ ရေရဲ့သဘာဝ သယံဇာ တတစ်မျိုးဆိုပါတော့၊ ရေမျက်နှာပြင်အောက်မှာပဲရှိလို့ အလွယ်တကူရဖို့ဘယ်လွယ်မလဲ။ ရေအောက်ရေလွှာကြားမှာ အချမ်းလိုက်၊ အချောင်းလိုက်ရှိနေတတ်သလို တခါတရံကြာစေ့လို၊ ဂေါ်လီလုံးလိုလည်း ရှိတတ်တယ်။ ထူးခြားတာက သံလိုက်ဟာမကပ်ဘူး၊ တခြားသံတွေဆို သံလိုက်မှာကပ်တယ်မဟုတ်လား၊ ပြီးတော့ ရေသယံဟာ ကျောက်တုံး၊ တမံတလင်းတွေပေါ်ကို လွှတ်ချလိုက်ရင် ရွှေသံ၊ ငွေသံ လို တချွင်ချွင်မြည်သည်။ သံတစ်ချောင်းကို လွှတ်ချလိုက်တဲ့အသံနဲ့ မတူဘူး"

ဘကြီးဖြိုးက အသင့်ငှဲ့ထားသော ရေနွေးကြမ်းကို တစ်ငုံမျှ မော့သောက်ပြီး ထပ်ရှင်း ပြ၏။

"အင်းဝခေတ် ဘကြီးတော်မင်းတရားကြီးရဲ့နားတောင်းကို ရေသယံသံနဲ့ ရွှေရောပြီးအင်္ဂလိပ်နည်းနဲ့ စီမံဆက်သခဲ့တာကိုမင်းကြီးက နှစ်သက်စွာ ဝတ်ဆင်ခဲ့ဘူး၏။ ရွှေကို ရေသယံသံရောရင် ပိုအရောင်တောက်ပေမယ့် နည်းနည်းတော့ ဆက်သွားတတ်တယ်"။

မှတ်ကြီးကတော့ ဘကြီးဖြိုးပြောသမျှကို ခေါင်းညိတ်၍ နား ထောင်ပေးနေ၏။ တဆက်တည်းအနီးမှ ကြေးကွမ်းအစ်ကြီးထဲမှ ကွမ်း တယာကိုစိတ်ရှည်လက်ရှည်ယာစားလိုက်သေးသည်။

"ဒီရေသယံသံဟာ အဂ္ဂိရတ်ပညာမှာ သိပ်အဖိုးတန် အသုံး ဝင်တာကလား။ အဂ္ဂိရတ်ရဲ့နောက်ဆုံး ပန်းတိုင်ဟာ ထွက်ရပ်လမ်း မဟုတ်လားကွဲ့။ ဒီရေသယံသံ ဓာတ်လုံးကို အသက်သွင်းနိုင်ရင် သံဝိဇ္ဇာ ဖြစ်တော့တာပဲ။ တကယ်တော့ ဒီရေသယံကို ဝိဇ္ဇာအခေါ်အရ "ရှင်းသံ" လို့ခေါ်တယ်။ အရှုပ်အရှင်းမှန်သမျှကို ရှင်းလင်းနိုင်လို့ ကင်းပြတ်အောင် ဆောင်ရွက်နိုင်တဲ့ အခြေခံသံလို့ဆိုလိုတာပေါ့။ ဒီသံကိုဖိုထဲထည့် ထိုးရင်အရည်ပျော်တယ် ပြီးတော့ စိန်နီ၊ မြင်းသွားကျောက်တစ်မူး ထပ်ကျွေး၊ လက်ချား ချော် လုပ်ပြီးလည်း ထိုးနိုင်တယ်။ ဒီရှင်းသံကို စိန်နီမြင်းသွားနဲ့ ဆေးဒန်းသတ္တု ကျွေးပြီး ထိုးတဲ့အခါမှာ လုံခုနစ်လုံးပြည့် အောင်ထိုးရတယ်။ ဒါဆို ဓာတ်လုံးဖြစ်ပြီ။ ဒီဓာတ်လုံးက လုံပေါ်ကို ဝဲပျံပြီး ပတ္တမြားလုံးလို မီးဖိုပေါ် တက်လာ တော့တာပဲ။ သံဝိဇ္ဇာဖြစ်ဖို့ကတော့ ဒီအဆင့် မရသေးဘူး။ စရဏပိုင်းဆိုင် ရာကျင့်ကြံအားထုတ်မှုတွေ တသီကြီးကျန်သေးတယ်"

"အံ့သြစရာ၊ မှတ်သားစရာပါပဲ ဘကြီး၊ ကျွန်တော်ကတော့ စာမတတ်ပေမတတ် တောသားမို့ နားမလည်ပါဘူးအဘရာ"

"အေးပေါ့ . . . ဘယ်သိလိမ့်မတုန်း။ အဲ . . . မှတ်သားစရာတစ်ခု ပြောရဦးမယ်။ ဒီရေ သယံသံကို ရှင်းသံလို့ခေါ်သလို နောက်ထပ်ခေါ်တာ တွေလည်း ရှိသေးသကွဲ့။ ဒီသံကို "ငလိုင်းသံ" (ငါးလိုက်သံ) ကိုလည်း

ခေါ်တယ်။ ဘာလို့လဲဆိုတော့ ဒီသံကိုရရင် ရေထဲကငါးတွေအတွက်တော့ အန္တရာယ်ပဲ။ ဒီသံကို ငါးမြှားချိတ်လုပ်ပြီးမျှားရင် ဘာငါးစာမှ တပ်စရာ မလိုဘူး။ ငါးမှန်သမျှ လာဟပ်တော့တာပဲ။ တွေ့သမျှငါးတွေ မနေနိုင်ဘူး။ အလုအယက်ကို ဟပ်တော့တာပဲ။"

ဘကြီးဖြိုး၏စကားကြောင့် အိပ်ချင်နေသော မှတ်ကြီးတစ်ယောက် မျက်လုံးတွေ ကျယ်သွားရသည်။

"ဗျာ...ဒါ...ဒါဆို ငါ့ကို အလွယ်တကူရနိုင်တာပေါ့နော်။"

မှတ်ကြီး၏ မျက်လုံးက အရောင်တလက်လက်ဖြစ်လာပြီ။ မမျှော်လင့်ပဲနှင့် သူစိတ်ဝင် စားသော သတင်းကို ရလိုက်ပြီ။

"အိမ်း...ဒါကြောင့် ငါးလိုက်သံလို့ဆိုတာပေါ့။ မိတာကတော့ ငါးသေး...ငါးကြီးအကုန်ပဲ။ ငါးကြီးလာဆွဲလို့ အသက်တောင် အန္တာရာယ် ရှိတယ်။ ပင်လယ်ထဲမှာလောဘ မသတ်နိုင်တဲ့တစ်နေ့မှာ ဒဏ်ခတ်ခံရ တတ်တယ်။"

"ဗျာ...ဘယ်လိုဒဏ်ခတ်တာလဲ ဘကြီး"

"အင်မတန်ကြီးမားတဲ့ ရောမငါးကြီးလာဟပ်ပြီး ထိန်းမနိုင် ဖြစ်ရတော့တာပဲပေါ့ကွယ်။ ဒီသံကိုလည်း ဆုံးရှုံးလိုက်ရတာပေါ့။ ဆိုင်ရာအစောင့်က ပြန်သိမ်းတယ်ဆိုရမှာပဲ။"

"ဒီလိုသံမျိုးကို ဘယ်မှာတွေ့ရတတ်လဲ ဘကြီး"

"လေ့လာမိသလောက်ပြောရရင်တော့ ချင်းတွင်းမြစ်ထဲစီးဝင်နေတဲ့ ချောင်းတွေ၊ သံလွင်မြစ်ဘက်မှာဆို မြစ်လက်တက်တစ်ခု ဖြစ်တဲ့ ဒုံသမိမြစ်မှာ တွေ့ရများတယ်ငါတူ"

"ဒုံသမိမြစ်ဆိုတာ သထုံကနေ ဘားအံ့သွားရင် ဒုံသမိမြစ်ကူး တံတားကြီးကို ဖြတ်ကူးရတယ် မဟုတ်လား"

ဟုတ်တယ်မှတ်ကြီး။ ဒီဒုံသမိမြစ်က ရေသယံသံတစ်ခုတည်း မဟုတ်ဘူး။ တခြားရေ အောက် သယံဇာတ တွေပေါကြွယ်ဝတဲ့မြစ်ပေါ့။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေဆိုတာ မြစ်ကြမ်းပြင်အောက်မှာ သူ့အုပ်စုနဲ့သူ ရှိနေကြတာ။ သိသူဖော်စား၊ မသိသူကျော်သွားပေါ့ကွာ။ ဒီရေသယံသံတို့ အလွယ်လည်း မရနိုင်ပေဘူး။ ဆိုင်ရာပိုင်ရာရေစောင့် နတ်တွေကို ကျကျနန ပူဇော်ပြီးမှရတာ။ ဒါတောင်နည်းနည်းပဲရတာ။"

ဟုဆို၍ သံထည့်ထားသော ကတ္တီပါအိပ်လေးကို ဘုရားစင် ပေါ်မှယူပြ၏။ မြင့်မြတ်ရာမှာထားရကြောင်းကိုလည်း ရှင်းပြနေသေး သည်။ တော်လောက်ပြီ။ ဤမျှသိရလျှင် မှတ်ကြီးအဖို့တော့ လုံလောက် ပါပြီ။ ဘကြီးဖြိုးကို နှုတ်ဆက်ရင်း ပြန်လာခဲ့သည်။ အပြန်လမ်းမှာတော့ မှတ်ကြီး၏ခေါင်းထဲတွင် "ရေသယံသံ" ကို စွဲမြင်ယောင်နေတော့သည်။

"ဒီသံကိုရလိုက်ရင်..."

ဟူသောအတွေးလည်းတဆက်တည်းဝင်လာခဲ့သည်။

ထိုအတွေးနှင့်အတူ လောဘရိပ်၊ ဒေါသရိပ်၊ မောဟရိပ်များ က မှတ်ကြီး၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားပါတော့သည်။ မိမိတို့၏ချို့တဲ့ လွန်းသောဘဝ၊ နိမ့်ကျနွမ်းပါးလှသော ဘဝကိုလည်း စက်ဆုပ် ငြီးငွေ့လွန်းလှပြီ။ သားလေးရှင်ပြုရန် အရေးကလည်း ခေါင်းထဲတိုးဝင် လာပြန်သည်။ ထိုအတွေးတွေက သူ့အားတစ်စုံတစ်ခုသော တွန်းအား ကိုအမြင့်ဆုံးအထိ တွန်းပို့လိုက်ပါတော့သည်။

❖ ❖ ❖

ကန္တီမြို့လေးမှာ ဆောင်းဦးည၏ ထွေးဖက်မှုအောက်၌ နှစ်ခြိုက်စွာအိပ်မောကျနေပေပြီ။ အချိန်က ည (၁၂) နာရီတိတိ ...။

လကမသာ၊ ကြယ်ကမထွက်တော့ အမှောင်ပိန်းချထား သလိုပင်။ သစ်ပင်ကြီးများကို လေထိုး၍ "တရှဲရှဲ" မြည်သံမှအပ တိတ် ဆိတ်ငြိမ်သက်နေ၏။ လူတကာတို့ နှစ်နှစ်ခြိုက်ခြိုက် အနားယူနေ သော်လည်း အနားမယူနိုင်သူတစ်ယောက် ကတော့ တံငါသည် "မှတ်ကြီး" ပင်တည်း။

မှတ်ကြီး တစ်ယောက် အမှောင်ထဲတွင်တိတ်တဆိတ်လှုပ်ရှားနေ၏။ တစ်ကိုယ်လုံး၊ အနက်ရောင် ဝတ်ထား၍လည်း အမှောင်ထဲမှာကွယ်ပျောက် နေလေသည်။ မှတ်ကြီး တစ်ယောက်ကတော့ ဘကြိုးဖြိုး၏ ခြံဝန်းထဲခြေချမိပြီ။ အပေါက်အပြဲများဖြစ်နေသော ထရံပေါက်မှာ လက်နှိုက်၍တံခါးမင်းတုံးကို အောင်မြင်စွာဖြုတ်နိုင်ခဲ့ပြီ။

ဘကြီးဖြိုးကတော့ နှစ်ခြိုက်စွာအိပ်ပျော်နေဆဲ။ မျက်လုံးကို အတင်း အားစိုက်ကြည့်နေရသည်။ မှတ်ကြီးကခြေကိုဖွနင်း၍ ဘုရားစင်ရှိရာသို့ ဖြည်းဖြည်းချင်းလျှောက်လာခဲ့သည်။ အကြိမ်ကြိမ်အခါခါ ရင်းနှီးသွား လာနေကြဖြစ်၍ သိပ်အခက်အခဲမရှိ။

ဘုရားစင်ပေါ်သို့ အသာစမ်းလိုက်တော့ သူအလိုချင်ဆုံး သောကတ္တီပါရှုံ့အိတ်လေးကိုစမ်းမိ၏။ အင်မတန်အဖိုးတန်ပြီး ထိုက်မှရ သည်ဆိုသောရေသယံသံ။ အခုတော့သူနှင့် ထိုက်လေပြီ။ ကတ္တီပါ အိတ်ကို ရင်ဘတ်ထဲ အသာထည့်ပြီး လာတုန်းကလိုပင်ခြေဖွနင်း၍ ထွက်လာခဲ့သည်။

နှစ်လှမ်း ...သုံးလှမ်း...လေးလှမ်း...

“ဒုန်း..” “ဂလွမ်း”

သွားပြီ။ ကံဆိုးသည်ဟုပြောရမည်။ ကုတင်နံဘေးကထွေးခံ ကို သွားတိုက်မိခြင်း ဖြစ်သည်။

“ဟော့...ဘယ်သူလဲ...သူခိုး...သူခိုး...”

ချက်ချင်း နိုးလာသော ဘကြီးဖြိုးကနိုးလာတော့သည်။ ဒီအခြေအနေရောက်မှတော့ အပျက်မခံနိုင် ဖြစ်ချင်ရာဖြစ်သဘော ထား၍ ခါးကြားတွင် ထိုးထားသောသံတုတ်ဖြင့် လွှဲရိုက်ထည့်လိုက်၏။

“ဒုတ်”

“အား”

သွားပြီ။ တုပ်တုပ်မျှပင်မလှုပ်တော့။ ဘကြီးဖြိုးဆီက ဘာအသံမှ ပင် ထပ်မံထွက် ပေါ်မလာတော့။ ခွင့်လွှတ်ပါဗျာ။ ဒီလိုလုပ်ဖို့ မရည်ရွယ်ပေမယ့် အခြေအနေအရဖြစ်သွားတာပါ။ မှတ်ကြီးလည်း အထွေအထူး မစဉ်းစားအားတော့ပဲ ဆင်းပြေးတော့သည်။ စိတ်ထဲမှ လည်းမကောင်း ။ သူလေးစားရှိသေရသူကိုမှ စော်ကားမိလေခြင်းလို့ ။

(လှည်းဘီးသည် နွားခြေရာနောက်သို့ ထပ်ကြပ်မကွာ လိုက်သကဲ့သို့ မကောင်းမှုပြုသူနောက်သို့ အပြစ်ဒဏ်သည်လည်း ထပ်ကြပ်မကွာ လိုက်မည်မလွဲ။)

(ဓမ္မပဒ)

❖ ❖ ❖

မောဟနှင့် လောဘကြောင့် ဒေါသဖြစ်သွားရသော မုတ်ကြီး တစ်ယောက် သူ၏အပြစ်ဒဏ်ကို သူကိုယ်တိုင်ပင် ဖန်တီးမိခဲ့လေပြီ တကား။

ပြဿနာက ထင်ထားသည်ထက် ဆိုးရွားခဲ့ပါသည်။ ဘကြီးဖြိုး တစ်ယောက် သေဆုံးသွားရပြီဆိုသောသတင်းက တရွာလုံးကို တောမီး ပမာပျံ့နှံ့စေခဲ့၏။ သွေးလွှန်၍ သေဆုံးရကြောင်း မုတ်ကြီးသိ လိုက်ပါပြီ။ တရွာလုံးလည်း အုတ်အုတ်ကျက်ကျက်ဖြစ်ကြရသည်။ ဈာပနာပွဲတွင် သည်းအူလှိုက်မျှ လူးလိမ့်ငိုကြွေးနေသော မုတ်ကြီးကို ကြည့်၍ တရွာလုံး ကပင် ဂရုဏာသက်ကြရသည်။ တရားခံကို စုံစမ်းနေ ပြီဟုကြားတော့ မုတ်ကြီးတစ်ယောက် ထပ်မံတုန်လှုပ်ရပြန်သည်။ သူ့ဘဝကား ကျီးလန့် ကျီးစားဖြစ်နေရပြီ။ မုတ်ကြီးအပေါ်မည်သူမျှ သံသယမဝင်၍ တော်သေး သည်ဟုဆိုရမည်။

ခက်ခက်ခဲခဲ ဖြင့်ရခဲ့သော ရေသယံသံ ၊ လူ့အသက်တစ် ချောင်းရင်းပြီးမှ ရခဲ့သော ရေသယံသံကို အချည်းနှီးမဖြစ်စေလို။ ပေါက် သည့်နဖူးမထူးတော့။ အကျိုးရှိစွာအသုံးချရပေမည်။ ဤစိတ်ဖြင့် မုတ်ကြီး တစ်ယောက် သူ့အိမ်မက်ကို အကောင်အထည် ဆက်ဖော် နိုင်ခဲ့ပါသည်။

ဘကြီးဖြိုးပြောခဲ့သလိုပင် ထိုငါးများချိတ်၌ မည်သည့်ငါးစာမျှ တပ်ရန်မလို။ ငါးတွေ ပုံအောရျှ်ရခဲ့သည်။ ထူးဆန်းအံ့ဩဖွယ် ကောင်း လောက်အောင် ငါးတွေက ဟောတစ်ကောင်၊ ဟောတစ်ကောင်နှင့် ရနေ ၏။ ငါးများချိတ်မှာ တဖျတ်ဖျတ်လူးလွန့်၍ပါလာသော ငါးကို ဖြုတ်၍ ပလိုင်းထဲကိုထည့်၊ ထို့နောက်ရေထဲပြန်ချ၊ ဘာမှမကြာလိုက်၊ ဖော့ ကွင်း လေးနစ်သွားပြန်ပြီ။

ဆွဲတင်လိုက်တော့ ရေစက်ရေမှုန်တဖွားဖွားနှင့် ရှန်းကန်နေသော ငါးတစ်ကောင် ပါလာတော့၏။ လွယ်လိုက်တဲ့ဖြစ်ခြင်း။ တခဏအတွင်းမှာပင် ပလိုင်းနှစ်လုံးစလုံး ငါးတွေအပြည့်။ အရှယ်စုံပါ၏။ ငါးလိုက်သံ ခေါ်ရေသယံသံ၏အစွမ်းကား အံ့သြဖွယ်ရာတည်း။

ရက်ပိုင်းအတွင်းမှာပင် မှတ်ကြီးတို့ ငွေရှင်လာခဲ့ပါပြီ။ ခါတိုင်း လိုနေပူထဲမှာ ပင်ပင်ပန်းပန်းဖြင့် လှေတစ်စီးနှင့်သွားပြီး ကွန်ပစ်ရန်မလိုတော့။ အေးအေးလူလူ သစ်ကြီးရိပ်မှာ ထိုင်ရင်း ငါးများနေရုံပင် ။

"ကိုမှတ်ကြီး ကွန်ပစ်မထွက်ဘူးလား"

ဘဝတူသာအေးရဲ့အမေးကို မှတ်ကြီးကတော့ ခပ်ပြုံးပြုံးဖြင့် ခေါင်းခါပြလိုက်သည်။ သာအေးက မှတ်ကြီးကို အံ့စွာကြည့်ရင်း "ဒီမှာငါးများနေတယ်။ ဒီမှာများလို့ ဘယ်ရပ့်မလဲ" ဟုပြောသည်။

"ရသလောက်ပေါ့ကွာ " ဟုခပ်ပေါ့ပေါ့ပြောရင်း တစ်ကိုယ်တည်းထိုင်များနေခဲ့သည်။ တကယ်တန်းကျတော့ လည်းအံ့သြဖွယ်ကောင်းလောက်အောင် ငါးကြီးများစွာကို အချိန်တိုအတွင်းရခဲ့ပါ သည်။ ရသမျှငါးတွေကို ငါးဒိုင်၌သွင်း၍ ငွေအထပ်လိုက်ကိုင်ကာ လေတချွန်ချွန်ဖြင့်အိမ် ပြန်လာခဲ့တော့၏။ ဇနီးဖြစ်သူမှာလည်း မျက်လုံးပြူး၍ အံ့သြစွာဖြင့် "အံ့ပါရဲ့တော်။ ကျေနတော့်ကို ရေနတ်မင်းက မစတာထင်တယ်" ဟုဆို၏။

ဘာပဲပြောပြော အချိန်တစ်လအတွင်းမှာ ပြောင်ပြောင်ရောင်ရောင်ဖြစ်လာတာတော့ အမှန်ပင်။ လူတန်းစေ့ဘဝကို ပိုင်ဆိုင်လာရပြီ။

ိုင်နဲ့နေသော အိမ်လည်း တည့်မတ်သွားရပြီ။ ဖနီးသည်လည်း
ါင်းရွက်ဖျက်ထိုးဘဝမှ ကုန်ခြောက်ဆိုင်လေးဘဝသို့ ရခဲ့ပြီ။ သားဖြစ်
ကိုလည်း ရှင်ပြုပေးနိုင်ခဲ့ပါပြီ။ လူတွေတအံ့တသြဖြစ်လာတော့

"အင်း . .ကျုပ်တို့ကုသိုလ်ကံပဲဗျာ ။ တလောကငါးများရင်း
းကြီးတစ်ကောင်ရဲ့ဗိုက်ထဲမှာ ကျောက်စိမ်းလက်စွပ် တစ်ကွင်းပါလာ
ယ်လေ။ နတ်ကောင်း နတ်မြတ်တွေမစတာ နေမှာပေါ့" ဟုဖြေခဲ့၏။
ရသယံသံအကြောင်းကို တော့ ယောင်၍ပင်မဟာခဲ့။

အခုတော့မှတ်ကြီးက အရင်မှတ်ကြီးမဟုတ်တော့။ ယမကာ
စ်ရွှေရည်များ မှီဝဲ၍ ဆက်ရက်မင်းစည်းစိမ် ခံစားတတ်နေလေပြီ။
နီးမယားကလည်း ကြည်ကြည်ဖြူဖြူ။ ငွေရှာပေးနိုင်ခဲ့ပြီမဟုတ်လား။

သို့သော် ယခုအချိန်၌ အရင်လိုမဟုတ်ပဲ ငါးအရနည်းလာခဲ့
သည်။ ရေသယံသံ ငါးများချိတ်က အစွမ်းပြယ်၍မဟုတ်ပါ။ ငါးကနည်း
ာ၍ ဖြစ်သည်။ အကောင်ကြီးတွေမပါတော့။ မှတ်ကြီးစိတ်ထဲမှာ
ိပ်ဘဝင်မကျ။ စားကျက်ပြောင်းရန်လိုလာပြီဟု သိလိုက်သည်။
ါင်းထဲမှာလည်း အတွေးတစ်ခုဝင်လာ၏။

ရောမငါးကြီးများစွာရှိသော ကန်တစ်ခုကို သတိရလိုက်မိသည်။
ိုကန်ကိုသူသာမဟုတ်၊ တစ်ရွာလုံးကသိကြပါသည်။ သို့သော်မည်သူမျှ
ါးမဖမ်းရ။ ရွာဦးကျောင်းဆရာတော် ကျောင်းဝင်းထဲ ရှိဘေးမဲ့ကန်
ဖြစ်နေ၍ဖြစ်၏။ "သဗ္ဗသိဒ္ဓိဆုတောင်းပြည့်စေတီ" အနီးရှိကျန် ဘေးမဲ့
ကန်ထဲ၌ နစ်ချို့ငါးကြီးများ မြောက်များစွာရှိနေ ပါသည်။ ဘုရားငါးများဟု
အားလုံးကသတ်မှတ်ထားကြ၏။

ထိုကန်ကြီးကို မှတ်ကြီးမျက်စိကျသွားသည်။ နဂိုစရိုက်ကြမ်း ဗီဇအခံမှာ အရက်ကထပ်ဆင့်စွဲကပ်နေသောမှတ်ကြီး၌ လုပ်သင့် မလုပ်သင့် ဟူသော ခွဲခြားနိုင်စွမ်းမရှိတော့။ "သတ္တဝါဆိုတာ လူချတ်မှ ကျွတ်တာကွ"ဟုတစ်ကိုယ်တည်းကြွေးကြော်ရင်းညဘက်တွင် ခိုး ကြောင်ခိုးဝှက်သွားခဲ့ပါသည်။

တိတ်ဆိတ်သောနေရာ၊ လူသွားလူလာမရှိသော နေရာဖြစ်၍ မှတ်ကြီးအတွက် ပိုအကွက်ဆိုက်ခဲ့၏။ သစ်ပင်ကြီးတစ်ပင်ကို မှီ၍ အရက်ပုလင်းကို မော့ရင်းငါးထိုင်မျှား တော့သည်။ နစ်ချို့ငါးကြီးများ၏ ပိဿာချိန်ကိုလည်းစိတ်ထဲမှ တွက်ဆကြည့်မိသည်။ တစ်ကောင်၊ နှစ်ကောင်မိရင်ပင် တစ်နေ့တာလုံလောက်ပါပြီ။

ထိုစဉ်မှာပင်ငါးများချိတ်အား တစ်စုံတစ်ခုက ဆောင့်ဆွဲ သလို ခံစားရပြီးကြိုးကလည်း တင်းကနဲဖြစ်သွားသည်။ ပထမတော့ ငါးဟပ်ပြီ ဟုအထင်ရှိ၏။ သို့သော်အတွေ့အကြုံအရ ငါးဟပ်ခြင်း မဟုတ်ကြောင်း ခွဲခြားသိလာသည်။ ငါးမိလျှင်အနည်းဆုံးတော့ ဆွဲခါလှုပ်ယမ်းနေ ပေလိမ့်မည်။ အခုတော့ထိုသို့မဟုတ်။ ဖြစ်နိုင်သည်က ငါးမျှားချိတ်သည် ရေအောက်ရှိ အရာဝတ္ထု တစ်ခုခုနှင့်ချိတ်မိနေတာ ဖြစ်ဖို့များသည်။

မည်သို့မျှ ကြိုးစား၍ မရတော့သည့်အဆုံး ရေထဲဆင်းရန် ဆုံးဖြတ်လိုက်သည်။ မှောင်မည်းနေသော်ငြား ဖျံတစ်ကောင်လို ရေဝိဇ္ဇာဖြစ်နေသော သူ့အတွက်ပြဿနာမရှိ။ ရေထဲသို့ ခုန်ဆင်းချ လိုက်သည်။ အေးမြသောရေထဲ၌ သတိထား၍ငုပ်လိုက်၏။ ကြိုးတစ် လျှောက်လက်ဖြင့် စမ်း၍ စမ်းတဝါးဝါး လုပ်နေရသည်။ ငါးကြီးများ၏ လှုပ်ရှားသံလည်းမကြားရ။ ဒီတစ်ချက်က သိပ်တော့ဘဝင်မကျ။

"ဟင်..."

သူအံ့ဩသွားရသည်။ ကြိုးတစ်လျှောက်စမ်းလာခဲ့ရာ ကြိုးသာဆုံးသွားသည်။ ငါးများချိတ်ကိုမစမ်းမိ။ ထိုစဉ်သူ့ခြေထောက် ကို လက်တစ်ကလာဆွဲသလိုခံစားရ၍ အတင်းရုန်းကန်ရင်း ရေပေါ် ထိုးတက်ခဲ့၏။ ခါးကို ကွေးကာစမ်းကြည့်တော့ ရေမှော်ပင်တွေ။

"ပြဿနာပဲ...ငါးများချိတ်က ဘယ်ရောက်သွားပြီလဲ။"

ကုန်းပေါ်ပြန်တက်ရန် ငါးများတံကိုဆွဲလိုက်တော့အလွယ်တကူ ပါလာသည်။ အဆုံးမှာ ငါးများချိတ်ကားမရှိ ကြိုးမှာလည်းတိတိ ရိရိပြတ် နေပါသည်။ ကျန်သုံးလွန်းတင်ကြိုးကို တိကနဲ ကိုက်ဖြတ်နိုင် လောက် အောင် ထိုငါးတွေမှာ အစွမ်းမရှိ။

သို့ဆိုလျှင် ငါးများချိတ်က ဘယ်ကိုရောက်သွားရပါသလဲ။ မှတ်ကြီးတစ်ယောက်စိုးရိမ်တကြီး ပတ်ဝန်းကျင်ကို ရှာကြည့်၏။ မတွေ့။ ထိုအခိုက် "ဗွမ်း" ကနဲ ရေပွက်သံကြီးတစ်ခုကို ကြားလိုက်ရပြီးနောက် သူ့ရှေ့ရေမျက်နှာပြင်၌ "တပွက်ပွက်"ဖြင့် ရေပလုံစီများက တက်လာ ၏။

"ဟင်...ဘာလဲ ...ဘာတွေလဲ"

မှတ်ကြီးတစ်ယောက် အံ့ဩထိတ်လန့်စွာဖြင့် ငေးကြည့် နေစဉ်မှာပင် ရေထဲမှအဖြူရောင်အလင်းတန်း တစ်ခုက "ရှီး"ကနဲမြည် သံကြီးနှင့်အတူကောင်းကင်ယံသို့ပျံတက်သွားသည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရ၏။

"ဘုရား....ဘုရား...ဘာပါလိမ့်"

အဖြူရောင်အလင်းတန်းသည် လျှင်မြန်သော အရှိန်ဖြင့် ပျံတက်၍ မြင်ကွင်းမှပျောက်ကွယ်သွားတော့၏။ ထူးဆန်းသောမြင်ကွင်းကြောင့် မှတ်ကြီးတစ်ယောက် မှင်သက်မိ၍ ပါးစပ် အဟောင်းသား ဖြစ်နေရတော့သည်။

ထိုခဏမှာပင် မှတ်ကြီး၏ဝမ်းဗိုက်၌ မီးစဖြင့် အထိုးခံလိုက်ရသလို ခံရခက်သော ဝေဒနာကို ခံစားလိုက်ရ၏။

"အား "ကနဲ အော်လိုက်မိပြီး ဝမ်းဗိုက်ကိုလက်ဖြင့် ကြောက်လန့်တကြား ဖိထားလိုက်မိသည်။ ငရဲမီးတမျှ ပူလောင်သော အပူလုံးတစ်ခုသည် တရွေ့ရွေ့ဖြင့် ဝမ်းဗိုက်ထဲမှနေ၍ အပေါ်သို့ တက်လာသည်ကို သိသိ သာသာ ခံစားလိုက်ရသည်။ မတ်တပ်ရပ်နိုင်စွမ်းပင် မရှိတော့။ ပျော့ခွေ ကျပြီး မြေပေါ်၌ လူးလိမ့် နေမိတော့သည်။

"ဘုရား...ဘုရား...ကယ်ပါဦး"

မှတ်ကြီးတစ်ယောက်အခုတော့ ဘုရားတနေရပြီ။ အပူလုံး ကြီး ကရပ်တန့်မသွား။ ရင်ခေါင်းအထိရောက်လာပြီး "တဖျစ်ဖျစ်" နှင့် နှလုံးသားချဉ်ဆီတွင် ခန်းခြောက်သွားလောက်အောင် ပူလောင်ခံရခက်လှ၏။ အသက်ပင်ဝအောင်မရှူနိုင်တော့" "တအီးအီး...တအင့်အင့်" ညည်းညူရင်း လူးလိမ့်နေရချေပြီ။ ဖမ်းမိထားသော ငါးတစ် ကောင်ကို ကုန်းပေါ်ပစ်တင်ထားသကဲ့သို့ပင်။ သေမတတ် အလူး အလိမ့် နာကျင်စွာခံစားနေရသည့်ကြားက သူ့အာရုံထဲ၌ ပေါ်လာတာ က "ဘကြီးဖြိုး " ဝင်းဝင်းတောက် မျက်လုံးအစုံဖြင့် မိမိကိုစူးစိုက်ကြည့်၍ ခါးထောက် ကာ အသံနက်ကြီးဖြင့် "တဟားဟား" အော်ရယ်နေ၏ ။ နားထဲမှာလည်းမသဲမကွဲအသံတစ်ချို့ကို ကြားလိုက်ရသလိုလို။

"လူမိုက် ...သူတော်ကောင်းကိုပြစ်မှားတဲ့လူမိုက်။ ရေသယံ သံရဲ့ပြစ်ဒဏ်ကို လည်စင်း ခံပေတော့ ။ ရေသယံသံရဲ့ပြစ်ဒဏ်ကို တဝကြီးခံပေတော့"

ဘကြီးဖြိုးအသံက နီးလိုက်၊ ဝေးသွားလိုက်။ ရင်တွင်းမှ အပူ လုံးကြီးကလည်း တရွေ့ရွေ့။ ထိုအပူလုံးကြီးသည် လည်ချောင်း အရောက်၌ ရပ်တန့်သွား၏။ သူ့လည်ချောင်း၌ ကြီးမားသောသံချိတ်ကြီးဖြင့် ထိုးချိတ်ထားရသလိုခံနေရ၏။ ငါးတွေခံစားရသော ဝေဒနာကို လက်ငင်း ခံနေရချေပြီ။

"အား...အီး..."

မှတ်ကြီးပါးစပ်မှ သွေးတွေ "တပွက်ပွက်" အန်လာပြီးနောက် တကိုယ်လုံး တွန့်လိမ် ခွေခေါက်၍ လူးလိမ့်အော်ဟစ်နေရပြီ။ ပြင်းထန်သော ဝေဒနာကိုခံစားရပြီးနောက် ကြားလိုက်ရသော နောက်ဆုံးစကားသံသည်ကား

"ရေသယံပြစ်ဒဏ်"

"ရေသယံပြစ်ဒဏ်"

"ရေသယံပြစ်ဒဏ်"

ထို့နောက်တွင်ကား လောကကြီးသည် မှောင်အတိ ကျသွားရ ပါတော့၏။

(ဝသုန်ဟိန်းထက်)

( မြင်ကွင်းစုံမှုခင်း မဂ္ဂဇင်း )

(မတ်လ - ၂၀၀၆)

❖ ❖ ❖

# ဖါးရေင်ပိုင်ရှင်ကြီးကို တွေ့ခဲ့ညက

## ဝသုန်ဟိန်းထက်

## ၆။ ရေငံပိုင်ရှင်ကြီးကိုတွေ့ခဲ့ခဲ့ဥကြ

အချိန်က ၁၉၇၀ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်။

ကျွန်ုပ်သည်ဆရာကြီး၏ အဓိဋ္ဌာန်ခရီးစဉ်တွင် ပါရမီဖြည့်ဖက်တပည့်သာဝက တစ်ဦးအနေဖြင့် သမီးလှကျွန်းသို့ လိုက်ပါလာခဲ့သည်။ ဧရာဝတီတိုင်းရှိသမီးလှကျွန်းသည် ရေငံတလွှားအပိုင် စားရသော ရေငံပိုင်ရှင် ဦးရှင်ကြီး၏ ဌာနေဆိုလျှင်လည်း မှားမည်မထင် ။

ဆရာကြီး၏ အဓိဋ္ဌာန် (၉)ရက် ကာလအတွင်း၌ စားရေး၊ သောက်ရေးကအစ ဝတ်ကြီးဝတ်ငယ်ပြုဖွယ်ကိစ္စများအတွက် တပည့်လေးဦးကို လက်ရွေးစင်ရွေးချယ်ခဲ့ရာတွင် ကျွန်ုပ်သည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။ ထိုစဉ်က ကျွန်ုပ်အသက်မှာ (၂၅) နှစ်ရှိပြီဖြစ်သော်လည်းအဖွဲ့ထဲတွင်မူ အသက်အငယ်ဆုံး တပည့်တစ်ဦးဖြစ်နေ၏။

ဆရာကြီးသည် မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းကြောင်းကို ကျားကုတ်၊ ကျားခဲ အပတ်တကုတ် ကျင့်ကြံအားထုတ်နေသူဖြစ်၏။ ဆရာကြီး၏ အမည်မှာ "ဦးမြတ်မင်း" ဟူ၍ဖြစ်ပြီး ဆရာကြီး သည် နယ်တကာလှည့်၍ ဘုရားအဆူဆူ၌ အဓိဋ္ဌာန်ဝင်လျက်ရှိပေသည်။

ကျွန်ုပ်အထင်ပြောရလျှင် ဆရာကြီးအခုလို သွားရောက်အားထုတ်နေခြင်းမှာ မိမိသဘောဖြင့်မဟုတ်ပဲ ကျွန်ုပ်တို့မသိသော ညွှန်ကြားချက်ကြောင့် သွားနေခြင်းဟု ကျွန်ုပ်ကောက်ချက်ချမိသည်။ အဘယ်ကြောင့် ဆိုသော် ယခုသွားမည့် သမီးလှကျွန်းကိုပင် ကြိုတင်စီစဉ်ထားခြင်း မဟုတ်ပဲ ဆရာကြီးကိုယ်တိုင် တစ်ရက်အလိုမှ ကောက်ကာငင်ကာ ထစီစဉ်ခဲ့ ခြင်းကို ကြည့်၍ သိသာနိုင်ပေသည်။

ဤနေ့ဆိုလျှင် သမီးလှကျွန်း၌ ဆရာကြီးအဓိဋ္ဌာန်ဝင်နေသည်မှာ နောက်ဆုံးနေ့ ဖြစ်ပါသည်။ ထို့ကြောင့်လည်း အစစအရာရာ သတိဝိရိယထားကာ ကျွန်ုပ်တို့တပည့်လေးဦးက စောင့်ကြပ်ပေးနေရ၏။ အဓိဋ္ဌာန်နောက်ဆုံးကာလများ၌ အနှောက်အယှက်အမျိုးမျိုးကို ကျွန်ုပ်တို့ကြုံခဲ့ရဖူးများပေပြီ။ ကျန်သမီးလှကျွန်း၌ကား မည်သည့် အနှောက်အယှက် မျိုးကြုံမည်ကိုတော့ ကျွန်ုပ်တို့မသိခဲ့ပါ။ ဆရာကြီး၏ သီးသန့်နေလိုသောဆန္ဒအရ တောတွင်းတနေရာရှိ လူသူမရှိ ဇရပ်ပျက် တစ်လုံးတွင် နေထိုင်အားထုတ်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့မှာလည်း ထိုဇရပ်ကိုပင် အိမ်အမှတ် ထား၍ ချက်ပြုတ်စားသောက်နေခဲ့ပါသည်။

ထိုနေ့ည ၈ – နာရီခန့်ကစ၍ လေပြင်းများတိုက်ခတ်လာပါသည်။ "တဝေါဝေါ" တိုက်ခတ်နေသော လေဒဏ်ကြောင့် သွပ်မိုးများက "တပြန်းပြန်း" ရိုက်ခတ်နေတော့၏။ စိတ်ပျက်ဖွယ် ကောင်းလောက် အောင်ပင် သွပ်ပြားသံများက ဆူညံနေ၏။ ထို့နောက် လေနှင့်အတူ မိုးကလည်း "တဝုန်းဝုန်း" ဖြင့် ရွာချပါတော့သည်။

ဇရပ်မှာ လေးဖက်လေးတန် အကာအရံမရှိ၍ မိုးပက်ခြင်းဒဏ်ကို ခံနေကြရ၏။ အဆိုးရွားဆုံးမှာ လေရောမိုးပါ ပြင်းထန်၍ ဖယောင်းတိုင်မီးများငြိမ်းကုန်တော့၏။ ထို့ကြောင့် အကာအရံများ ၊ အထုပ်အပိုးများ ဖြင့် မီးကို တဖန် ထွန်းညှိကြရပြန်သည်။

ထိုသို့ဖရိုဖရဲကာလမှာပင် ဆရာကြီး၏ ပုတီးစိပ်ခြင်းကိစ္စ ပြီးသွားပြီး ကျွန်ုပ်တို့အား "မောင်တင်ညွန့် ၊ မောင်သိန်းဟန် တို့တတွေ ဇရပ်ကို စည်းသုံးတန် ချထားရဲ့လားကွဲ့" ဟုမေး၏။ တပည့်အကြီးဆုံးဖြစ်သော မောင်တင်ညွန့်က "ဟုတ်ကဲ့ဆရာကြီး – ချထားပြီးပါပြီ" ဟု ရှိသေစွာဖြေ၏။

"အိမ်း . . . ဒါဆိုအခုလို လမိုင်းတွေ ထကြွသောင်းကျန်းနေတဲ့ အချိန်မှာနတ်ဆိုးနှိမ်မန္တန်ကို အရပ်ဆယ်မျက်နှာစလုံး လက်ညှိုးညွှန် ပြီး တစ်ရပ်ကို ( ၉) ခေါက်ကျ အသံပြင်းပြင်းရွတ်၊ ဒါကို မောင်တင်ညွှန့် ကရွတ်" ဟုအမိန့်ပေးလေ၏။

၎င်းမန္တန်မှာ နတ်ဆိုး၊ နတ်ယုတ်၊ မြေဘုတ် မကောင်းမိစ္ဆာများ မနှောင့်ယှက်နိုင်သော မန္တန်ဖြစ်၏။ အဓိဋ္ဌာန် ပုတီးသမားများအဖို့ ပုတီး မစိပ်ခင် ကြိုတင်၍ ပုတီး (၉)ပတ်စိပ်သင့်လှပေသည်။ မန္တန်မှာ အောက် ပါအတိုင်းဖြစ်၏။

(တဟိ တဟိ ပါရမီသဠယံ ခယံ သဗ္ဗိသုခ ပဒံ ပဒံ နရသုခံ သမ္မာဝံ ဘဝံ နမာ နမာနံ ဖိန ပုဂံ ဂဝံ)

"ကဲ . . . ငါ့တပည့် မောင်သိန်းဟန်ကတော့ ဇေယျ မင်္ဂလာဂါထာတော်ကြီး ကို ကြည်လင်စွာနဲ့ရွတ်နေ။ ဘာဖြစ်ဖြစ် ဂရုမစိုက်လေနဲ့။ အချိန် တန်ပြီးသွားမှာပဲဟေ့ . . . "

ဟုဆရာကြီးက ကျွန်ုပ်အားတာဝန်ပေး လေ သည်။

"ဇေယျမင်္ဂလာဂါထာတော်" မှာ သိကြားမင်းကိုယ် တိုင်မနေ သာပဲ စောင့်ရှောက်ရသော ဂါထာမြတ်ကြီးဖြစ်သည်ဟု ဆရာကြီး အမိန့်ရှိဖူး၏။ ထို့ကြောင့် ကျွန်ုပ်လည်း မျက်စိစုံမှိတ်၍ အောက်ဖော်ပြ ပါဇေယျမင်္ဂလာ ဂါထာတော်မြတ်ကြီးကို ရိုသေစွာရွတ်ဆိုပါတော့ သည်။

(ဗောဓိပလ္လင်္ကေ ဇေယျတု၊ သဗ္ဗမင်္ဂလံ က္ကတိမန္တာ သုခါ ဝါဟာ၊ ဥ ကရဏီယ ပတ္တ ကုသလေန ယန္တ သန္တံ ပဒံ အဘိသမေ္ဗစ္စ၊ သဏ္ဍော ဒေဝရာဇာ မုနိန္ဒော၊ ဒက္ခ ရက္ခ က္ကဟ္ဂတ်ဇယံတဿ မယှံ ဘဇန္တေ၊ ပုည ကမ္မ ကရောဟိ၊ ဘာဂံ ဒေဝ မေဘာဇန္တေ)

ကျန်သည့် တပည့်နှစ်ဦးဖြစ်သော မောင်လှဖေနှင့် မောင်ကျော်ခေါင်တွင်မူ သုံးဆယ့်တစ်ဘုံသားများအား မေတ္တာပို့သနေ ပါသည်။

“စူးစူးရှရှ ၊ ထိထိမိမိဖြစ်အောင် ပို့ကြကွယ့်၊ ဝန်းကျင်အနှံ့ မေတ္တာဓာတ်တွေ ပြန့်နေပစေ၊ ဆရာလည်းနောက်တလီ ပုတီးထပ်စိပ်ရဦးမယ်။ ကိုယ့်အလုပ်ကို ပီပီပြင်ပြင်လုပ်ကြ။

ကောင်းသောအလုပ်မှန်သမျှ အနှောင့်အယှက်ရှိစမြဲ။ သို့သော် ရေရှည်၌ မည်သူနှောင့်ယှက်ဝံ့မည်နည်း နတ်ဆိုးနိမ် မိစ္ဆာနိမ်မန္တန်ကိုရွတ်နေသည်။ သိကြားမင်းစောင့်ရှောက်သော ဂါထာလည်း ရွတ်နေသည်။ အရပ်ဆယ်မျက်နှာသို့လည်း မေတ္တာဓာတ်တွေ ပျံ့လွင့် နေသည်၊ ဆရာကြီး၏ စရဏအရှိန်ကလည်း မြင့်မားနေပြီ။

မိနစ်အနည်းငယ်အတွင်းမှာပင် လေပြင်းသည် လေပြေဖြစ်လေပြီ။ မိုးသည်းမှမိုးဖွဲဖြစ်ရပြီး အမှောင်ကို အလင်းကအောင်မြပေတည်း။ တရားစောင့်သူကိုတရားကပြန်စောင့်သည်မှာ လက်တွေ့ပင်၊ ထိုမျှ အဖို့ နောက်ထပ်ထူးထူးခြားခြား အနှောင့်အယှက် မကြုံရပဲ ချမ်းသာစွာဖြင့် အိပ်စက်ရင်း တစ်ညတာကုန်လွန်ခဲ့ရချေပြီ။ ဆရာကြီး ၏ အဓိဋ္ဌာန်ကလည်း ပြီးမြောက်အောင် မြင်ခဲ့လေပြီ။

မနက်စာစားသောက်အပြီး၌ မောင်လှဖေက ကျွန်ုပ်အနီးသို့ ကပ်၍တီးတိုးစကား ဆို၏။

“ဟေ့ကောင်ရ ငါတော့ဒီခရီးမှာ ထူးထူးခြားခြား တစ်ခု လောက်ကြုံချင်တယ်ကွ။”

“ဟေ့ ဘာလဲလှဖေ ...ဘာထူးထူးခြားခြားလဲ...”

"အိုကွာ . . . ဒီကျွန်းကို ဘယ်သူပိုင်သလဲ ၊ ရေငံပိုင်ဦးရှင်ကြီးမ ဟုတ်လား၊ ငါတော့ တစ်ခါ ဆုံလိုက်ချင်တယ်။"

"ကြဲ့ကြဲ့ဖန်ဖန်လှဖေရာ . . . မင်းကဦးရှင်ကြီးနဲ့တွေ့ ပြီး ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူး။ ကြုံဖူးချင် သက်သက်ပါ"

၎င်းအတွက် သူ့ကို အပြစ်မတင်လိုပါ။ ကျွန်ုပ်ကိုယ်တိုင်လည်း မျောက်တစ်ရာဘုရားကို ဖူးချင်နေ၏။

"ကဲ . . . ပြန်ကြမယ်၊ အထုပ်အပိုးတွေသိမ်းကြပေ့၊ မိုးလေဝ သကောင်းတုန်း . . ."

ဟု ဆရာကြီးကလှမ်းပြော၍ ကျွန်ုပ်တို့လည်း စကားစဖြတ် ကာ ပြင်ဆင်ရတော့၏။ ဇရပ်ပေါ်မှ ဆင်းကာနီးတွင် ဆရာကြီးက တပည့်လေး ဦးအားစေ့စေ့ကြည့်၍ . . .

"တောတောင်ထဲမှာဆိုတာ အစစအရာရာ ဆင်ခြင်ရတယ် ကွယ်" ပေါက်ကရတွေ မပြောနဲ့ မကြံ့နဲ့၊ မလုပ်နဲ့။ လူအချင်းချင်းမသိကြ ပေမယ့်။ နာမ်လောကသားတွေဆိုတာ နေရာတိုင်း မှာရှိနေတယ်ဆို တာ မမေ့ကြနဲ့"ဟုဆိုလေသည်။

ထိုစကားကြောင့်ကျွန်ုပ်တို့မှာ ခေါင်းလေးတွေငုံ့ထားမိကြ သည်။ ဆရာကြီးများသိသွားလေသလားဟု မလုံမလဲဖြစ်နေကြရ သည်။ ထိုနောက်တွင်တော့ ကျွန်ုပ်တို့အဖွဲ့သည် ခပ်သုပ်သုပ်လျှောက် လာကြရာ တောအုပ်တစ်ခုသို့ အရောက်တွင် ထူးခြားသောအသံကြီး တစ်ခုကို ကျယ်လောင်စွာကြားလိုက်ကြရသည်။

အသံကြီးမှာ တော်လဲသံကဲ့သို့ဖြစ်ပြီး မြေအောက်မှလာသလိုလို၊ ကောင်းကင်မှကျလာသလိုလိုရှိ၏။ ဆရာကြီးလည်း ခြေလှမ်းကို တုန့်ခနဲရပ်၍ ရှေ့တူရှုသို့ စူးစူးစိုက်စိုက်ကြည့်နေ၏။ ပါးစပ် မှလည်း တစ်စုံတစ်ခု ကို ခပ်တိုးတိုးရွတ် နေ၏။

"ဝေါ...ဝရော...ဂျိန်း...ဒလိမ်း ...ဂျိန်း"

မိုးခြိမ်းသံလိုလို မြေငလျှင်လှုပ်သလိုလိုဖြင့် တောတစ်ခုလုံး သိမ့်ခနဲတုန်ခါသွားတော့သည်။ ငှက်တစ်အုပ်ဝုန်းကနဲ ထပျံကြ၏။ ကျွန်ုပ်တို့မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဆရာကြီးကိုသာ အားကိုးနေရသည်။ သို့သော် ဆရာကြီးက မည်သည့်စကားမျှ နုတ်မဟာ၍မည်သူမျှ မမေးရဲကြ။

တော်လဲသံကြီးမှာ အတန်ကြာမည်ဟည်း ရိုက်ခတ်ပြီး နောက် တိတ်ဆိတ်သွားပါသည်။ ထိုတိတ်ဆိတ်မှုမှာ တတောလုံးထူး ဆန်းစွာ တိတ်ဆိတ်သွားခြင်းဖြစ်သည်။ ကြားနေကျကျေးငှက်တို့၏အသံကိုလည်း မကြားရ။ မျောက်တွေ၏ အော်ဟစ်သံတွေလည်း မကြားရတော့။

တိတ်ဆိတ်မှုမှာ နက်ရှိုင်းလွန်း၍ ကျွန်ုပ်တို့မှာကြောင်၍ ရပ်နေမိတော့သည်။ ထိုအချိန်၌လင်းထိန်နေသော ကောင်းကင်ပြင် သည် ချက်ချင်းဆိုသလို မှောင်ကျလာ၏။ တခဏအတွင်းမှာပင် အမိုက်တိုက် ကြီးဖြစ်သွားရတော့၏။

"ဟင် ...မှောင်ကျသွားပြီ"

"ဘယ်လိုဖြစ်တာလဲ၊ ချက်ချင်းကြီးမှောင်ကျသွားပြီ။"

"ဆရာကြီးလုပ်ပါဦး၊ ဘာမှ မမြင်ရတော့ဘူး။"

"ဂုဏ်တော်ကို နာနာပွားကြ၊ မကြောက်နဲ့။ ခဏပဲ။ ဒါတွေက တာရဲ့မာယာ။ လမိုင်း တွေရဲ့အနှောင့် ။ ကြောက်ရင်နစ်ခါသေတယ်။ ါတို့ဟာ မကောင်းတဲ့သူယုတ်တွေ မဟုတ်ဘူး။ ဘာဘေးရန်မှ ရောက်နိုင်ဘူးလို့ စိတ်မှာနှလုံးသွင်း။ တစ်ယောက်လက်ကို တစ် ယောက်ကိုင်ထားကြ။"

ဆရာကြီးအသံကိုသာကြားရသည်။ လူကိုမမြင်လောက်အောင် အမှောင်ထုကကြီး စိုးနေ၏။ အားငယ်သူများအတွက်တော့ သည်းခြေ ကျက်စရာပင်။ ရင်တလှပ်လှပ်နှင့်အခံရခက် လွန်းလှ၏။ အမှောင်ထုထဲက ာ်လူးကြီး၊ သရဲ၊ သဘက်၊ မိစ္ဆာကြီးများထွက်လာ လေမလားဟု ခြောက် စိတ်များဖြင့် တုန်လှုပ်နေကြရ၏။

တစ်မိနစ် .... နှစ်မိနစ် ... သုံးမိနစ်။

အမှောင်ကမ္ဘာ၌ အချိန်တို့ကား ရှည်လျားလွန်းပေစွ။ သုံး မိနစ်ခန့်ကြာတော့မှ တဖြည်းဖြည်းပြန်လင်းလာခဲ့သည်။ ကျေးငှက် တို့၏ အသံများကိုလည်း ပြန်ကြားလာရပြီ။ အရာရာသည်ပုံမှန်ဖြစ် လာခဲ့၏။

ထိုအခါကျမှ ကျွန်ုပ်တို့လည်း "ဟင်း" ကနဲ သက်ပြင်းချနိုင် ခဲ့သည်။ သို့သော် ပို၍ထူး ဆန်းသော မြင်ကွင်းကို ကြုံလိုက်ရပြန်သည်။ ကျန်ုသိက္ခာကြီးလှသော ဆရာကြီးပင်လျှင် "ဟေ" ကနဲ အာမေဋိတ် သံ ထွက်သွားရတော့၏။

မြင်ရသည့်မြင်ကွင်းကား လူတစ်ရပ်နည်းပါးမျှရှိသော မျောက် ရုပ်များပင်တည်း။ ကျောက်ရုပ်များဖြစ်သော်လည်းကျွမ်းကျင် သောပါရမီ

ရှင်၏လက်စွမ်းပြမှုကြောင့် သက်ရှိများအလား။ ထင်မှတ်မှားရပေသည်။ မျောက်များ၏ ဟန်ပန်အမူအရာမှာလည်း တပုံစံတည်းမဟုတ်။ သူတို့သဘာဝအတိုင်း လှုပ်ရှားဟန်များအတိုင်း ပီပြင်စွာ တည်ရှိနေပါသည်။

မျောက်များမှာ အရေအတွက်များပြားလွန်း၍ နေရာတိုင်းမှာ မျောက်ရုပ်ကြီးဖြစ်နေ၏။ မျောက်များ၏ အလယ်တွင်တော့ ရွှေရောင်တဝင်းဝင်းတောက်နေသော ဉာဏ်တော်ကိုး တောင်ရှိရွှေစေတီ တစ်ဆူ။

"ကဲ ...မင်းတို့ ဆန္ဒ ပြည့်ပြီမဟုတ်လား။ ဒါရွှေစေတီနဲ့ မျောက်တစ်ရာဘုရားပဲကွဲ့။ လူတိုင်းမတွေ့မမြင်နိုင်အောင် ကွယ်ထားတဲ့ လျှို့ဝှက်နေရာတစ်ခုပဲ။ ဖူးခွင့်ကြုံလို့ ဖူးကြတယ်မှတ်ပါ။ နောက်တစ်ကြိမ်ဆိုတာ မလွယ်ပေဘူး...။"

ဆရာကြီးက ဤသို့ဆိုတော့မှ ကျွန်ုပ်တို့လည်း ဆရာကြီးနောက်ကလိုက်၍ ရွှေစေတီအား ဝမ်းသာကြည်ညိုစွာဖြင့် ရှိခိုးကြလေသည်။ ကျွန်ုပ်၏ ဆန္ဒကားပြည့်ဝခဲ့ချေပြီ။ အမှောင်ထု ကြီးကျခြင်းကိုပင် ကျေးဇူးတင်ရမလိုရှိ၏။ ကျွန်ုပ်တို့သည် လူသာမန်တို့ ကြုံရခဲသည့် တသက်တခါသာ ကြုံလောက်သည့် ကွယ်ဝှက်ထားသော ရွှေစေတီ နှင့် မျောက်တစ်ရာ ကို နဖူးတွေ့ဒူးတွေ့ကြုံခဲ့ရလေပြီ။

"ကဲ . . . မင်းတို့ သိပ်စူးစမ်းချင်နေကြတယ် မဟုတ်လား။ မျောက်တစ်ရာရှိမရှိ ရေကြည့်ကြလေ"

ဆရာကြီးကိုယ်တိုင်က လိုလိုလားလားခွင့်ပြုနေ၍ ကျွန်ုပ်တို့လည်း ရေတွက်ကြည့်ကြသည်။ နွယ်ကြိုးမျှင်လေးများကိုဖြတ်

တောက်၍ အမှတ်အသားပြုချည်နှောင် ပြီးမှရေကြည့်ကြ၏။ အဖြေမှာ ကိုးဆယ့်ကိုးကောင်သာရ၏။ အကြိမ်ကြိမ်ရေတွက်သော်လည်း အကောင်တစ်ရာမ ပြည့်။

"ဒီအထဲကတစ်ကောင်က ပြဒါးရှင်လုံး ဌာပနာထားတဲ့ မျောက်ကွဲ့သိဒ္ဓိရှိတယ်။ မမြင်နိုင်ဘူး။" ဆရာကြီးကပြုံးရွှင်စွာဖြင့် ရှင်းပြ၏။ ထိုအခိုက်မှာပင် " ဝေါင်း . . . ဝေါင်း" ဟူသော ကျားဟိန်းသံကြီးကို အနီးကပ်ကြား လိုက်ရ၍ ကျွန်ုပ်တို့လည်း လန့်ဖျတ်ကာ ဆရာကြီးအနား တိုးကပ်ပြေးကြ တော့သည်။

"သွားစို့ဟေ့...အချိန်ကဒီလောက်ပဲရတယ်။ပြန်ဖို့အချိန်တန်လို့ နတ်ကျားက သတိ ပေးတာကွဲ့" .. ဟုဆို၍အားလုံးသည် ရွှေစေတီကို နောက်ဆုံးအကြိမ်အဖြစ် ဦးသုံးကြိမ်ချရှစ်ခိုး၍ မပြန်ချင်ပဲ ပြန်ခဲ့ကြရ တော့သည်။ ကျောက်မျောက်ရုပ်တွေကို အတော်ခပ်လှမ်း လှမ်းရောက် တဲ့အထိ မြင်တွေ့နေရဆဲ။

ခင်တန်းတစ်ခုကို ကျော်လွန်လာပြီးချိန်မှာတော့ မြေပြန့် တစ်ခု ကို ပြန်တွေ့ရ၏။ ဆရာကြီးက ...။

"ခက်ပြီ . . . ငါတို့လမ်းပျောက်နေပြီ။ ဘယ်ကို ရောက်နေပြီလဲ မသိဘူး. . . " ဟု ညည်းလိုက်၍ ကျွန်ုပ်တို့လည်း မျက်လုံးပြူးသွား ရတော့ သည်။ အားထားရသော ဆရာသမားကိုယ်တိုင် အခက်ကြုံနေ၍ ကျွန်ုပ် တို့လည်း စိတ်အားငယ်ရတော့သည်။ စမ်းတဝါးဝါးဖြင့် လျှောက်လာရာ ဝါးနှစ်ရိုက်ခန့်အကွာ၌ လူနှစ်ဦးခြင်းလုံးခတ်ကစားနေသည်ကို အံ့သြ စွာ တွေ့လိုက်ကြရသည်။

"ဘယ်နှယ့်…ဒီလိုနေရာမှာ ဘယ်လိုလူတွေက လာပြီးခြင်းခတ် နေပါလိမ့် …"

ကျွန်ုပ်တို့သည်လွန်စွာအံ့သြရင်း တစ်ယောက်တစ်မျိုးတီးတိုးပြောနေသော်ငြား ဆရာကြီးကတော့ ထိုသူနှစ်ဦးကို စူးစူးစိုက်စိုက် ကြည့်၏။ ထို့နောက် မျက်မှောင်ကြုတ်၍ကြည့်ပြန်သည်။ ထို့နောက်တွင် နှုတ်ခမ်းတွန့်ရုံမျှပြုံးလိုက်သည်ကို ကျွန်ုပ်အသေအချာ တွေ့လိုက် မိပါသည်။

ထိုသူနှစ်ဦး၏ အနီးသို့ ကျွန်ုပ်တို့ ရောက်ရှိလာခဲ့သည်။ ထိုသူနှစ်ယောက်ကတော့ ခြင်းခတ်နေကြဆဲ။ ဝါးတဲလေးတစ်လုံးကတော့ အနီးမှာရှိနေသည်။ တစ်ယောက်သောသူမှာ အသက်လေး ဆယ်ခန့်၊ အသားမည်းမည်းခါးရိုးရှည်ရှည်နှင့် သျှောင်တစောင်း ထုံးထား၏။

နောက်တစ်ယောက်မှာအသက်နှစ်ဆယ်ခန့် လူတစ်ဦးဖြစ် ၏ ။ အသားအရည်စိုပြေ ဝင်းမွတ်၍ချောမောလှပသော ဥပမိရုပ်ရှိ၏။ သျှောင်ကိုတစ်စောင်ထုံးထား၏။ နှစ်ယောက်စလုံးမှာ အင်္ကျီမပါဗလာကိုယ်နှင့် ဖြစ်၏။ တောင်ရှည်ပုဆိုးတွေကို ခါးတောင်းကျိုက်ထားကြပြီး ခြင်းလုံးကို ခတ်နေကြ၏။ ခြင်းလုံးမှာလည်း မြေပေါ်ကျသည်ဟူ၍မရှိ။

ကျွန်ုပ်တို့ သတိထားမိသည်မှာ လူငယ်၏ပေါင်နှစ်ဖက်တွင် ငုံးတစ်ကောင်စီကို ဆေးမှင်ကြောင်စုပ်ထိုးထားလေသည်။ ဆရာကြီးသည် ပြုံးရွှင်သောမျက်နှာဖြင့် လူကြီးဖြစ်သူအား တရိုတသေ မေးလိုက်သည်။

"ဒီကဆရာကြီးတို့ခင်ဗျား။ ကျွန်တော်တို့ လမ်းပျောက်နေလို့ပါ။ လေ့ဆိပ်ဘက်သွား ချင်လို့ ။ ဘယ်လမ်းကများသွားရလဲဆိုတာ တဆိတ် ညွှန်ကြားပေးပါခင်ဗျား …"

ဆရာကြီးကတရိုတသေ မေးသော်ငြား ၎င်းတို့မှာ မည်သည့်စကားမျှ မတုံ့ပြန်ပဲ လူကြီးဖြစ်သူက တစ်နေရာသို့ လက်ညှိုးညွှန်ပြ၍ ခြင်းခတ်မြဲခတ်နေကြလေသည်။

"ကျေးဇူးပါပဲခင်ဗျား" ..

ဟုဆရာကြီးကဆို၍၎င်းတို့ညွှန်ရာဘက်သို့ဆက်ထွက်လာခဲ့၍ ကျွန်ုပ်တို့လည်း ငဲ့စောင်းငဲ့စောင်းဖြင့်ခြင်းဝိုင်းကို ကြည့်ကာ ဆရာကြီးနောက်မှ လိုက်ပါလာခဲ့ရ၏။ ခြင်းလုံးကား ယခုထိ မြေသို့မကျသေး လုပသောခြေနှုတ် ခြေသိမ်းများအကြားမှာ ဝဲလွင့်မြောက်ကြွနေဆဲ။

ကျွန်ုပ်စိတ်ထဲမှာတော့ ထိုလူနှစ်ယောက်ကို ဆရာကြီးက ဘာကြောင့် တရိုတသေ ဆက်ဆံရလေသနည်းဟု တွေးနေမိသည်။

နာရီဝက်ခန့် အချိန်အတွင်းမှာပင် လှေစိပ်သို့အောင်မြင်စွာ ရောက်ရှိလာခဲ့ပါသည်။ လှေအလာကို စောင့်နေဆဲတွင် ကျွန်ုပ်မှာ ရင်ထဲက ပဟေဠိကို ထိန်းမထားနိုင်တော့၍ ဆရာကြီးကို ထုတ်မေးလိုက်ပါတော့သည်။ တကယ်တော့ ဤအမေးကို ကျွန်ုပ်သာမက ကျန်တဲ့သူတွေ လည်း သိချင်နေကြမည်မှာ လွဲစရာမရှိ။

"ဆရာကြီး...ခုနကခြင်းခတ်နေကြတာဘယ်သူတွေများလည်း ဆရာကြီး"

ဆရာကြီးက ကျွန်ုပ် မျက်နှာကိုစေ့စေ့ ကြည့်၍ ခေါင်းတညိတ်ညိတ်ဖြင့်ဖြေ၏။

"တယ်ဒုန်းဝေးရသလားကွဲ့။ အဲ့ဒီခြင်းခတ်နေတဲ့ နှစ်ယောက်ထဲက လူငယ်ဖြစ်သူက တစ်ခြားသူဟုတ်ရိုးလား။ ရေငံတလွှား အပိုင်စားတဲ့ ရေငံပိုင်ဦးရှင်ကြီးပေါ့၊ ဘေးကတစ်ယောက်က သူရဲ့အစောင့်အရှောက်ပေါ့ကွာ..."

"ဗျာ..."

ကျွန်ုပ်တို့အားလုံး"ဗျာ"ဟူသော အာမေဍိတ်စကားကို တပြိုင်တည်းထွက်သွားရပါတော့၏သတည်း။ ။

(ဝသုန်ဟိန်းထက်)

❖❖❖

# ၈။ ကျီးဖြူကျီးမည်း တစ်ကောင်တည်း

ဝသုန်ဟိန်းထက်

## ဂုဏ်ဗျိုးပြုကျိုးမည်းတခ်ကောင်တည်း

ကျွန်ုပ်သည် ကျောင်းဆရာအလုပ်မှ အနားယူပြီးနောက် ကျွန်ုပ်ဝါသနာပါရာ စာပေလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့၏။ စာပေလုပ်ငန်းဆို၍ ကြီးကြီးကျယ်ကျယ်တော့မဟုတ်။ စာအုပ်အရောင်းဆိုင် တစ်ခုသာဖြစ်၏။ ပထမတော့ အငှားဆိုင်ဖွင့်ရန်စဉ်းစားသေးသည်။ သို့သော် စိတ်ရှုပ်မခံချင်၍ စာအုပ်အရောင်းဆိုင်ကိုသာ ဖွင့်လှစ်ခဲ့ပါ သည်။

၁၉၇၂ခုနှစ်၏ နှစ်ဦးပိုင်းတွင်ပင် ထိုဆိုင်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျွန်ုပ်မှာ အိမ်ထောင် သားမြေးလည်းမရှိ၊ တစ်ကိုယ်ရေတကာယသမားဖြစ်၍ စားဝတ်နေရေးမှာလည်း အထွေအထူး ပူစရာမရှိခဲ့။ ဖျာပုံရှိမိဘ အမွေလယ်ဧကသုံးဆယ်နောက်မှ ဧကနှစ်ဆယ်ကို ကျွန်ုပ်ရောင်းချခဲ့ပြီး ဆယ်ဧကကိုမူ နာရေးဖျားရေးအတွက် ချန်လှန်ထားခဲ့၏။

လက်ထဲမှာ ငွေထုပ်ကိုင်ထားနိုင်သည်က တစ်ကြောင်း၊ ကျောထောက်ငဲ့စရာမရှိသည် ကတစ်ကြောင်း၊ ဝါသနာအခြေခံသော လုပ်ငန်းဖြစ်သည်ကတစ်ကြောင်း၊ ကျန်းမာရေးကလည်းဒေါင်ဒေါင်မြည်နေသည်ကတစ်ကြောင်း၊ ထိုသို့သော အကြောင်းများကြောင့် ကျွန်ုပ်မှာစိတ်သွားတိုင်း ကိုယ်ပါသည့်အချိန်ဟုဆိုနိုင်ပါသည်။ ထိုစဉ်ကကျွန်ုပ် အသက်မှာငါးဆယ့်လေး နှစ်ရှိပြီး အားကစားလိုက်စားခဲ့မှုများကြောင့်လည်း အသက်နှင့်စာလျှင်နုပျိုလှ၍ မိတ်ဆွေများက မကြာခဏချီးကျူးခြင်း ခံရ၏။

"ကိုတင်မောင်တို့များ ငါးဆယ်ကျော်ဆိုပေမယ့် တကယ် မထင်ရဘူးဗျာ၊ ကမ်းကုန် လေးဆယ်ဝန်းကျင်ပဲထင်ရတယ်ဗျာ . . ." ဟု မိတ်ဆွေများကပြောကြ၏။ ကျွန်ုပ်သည်ဝါသနာ အလျှောက်စာအုပ်ဆိုင်ကို ဖွင့်လှစ်ပြီးနောက် အလင်းသစ်စာပေဟုအမည်သမုတ်၍ ဆိုင်းဘုတ်ကိုလည်း တခမ်းတနားတပ်ဆင်ခဲ့၏။ ကျွန်ုပ်၏ ကူဖော်လောင်ဖက်အဖြစ် အသက်ဆယ်ရှစ်နှစ် အရွယ် "စံပယ်" ဟူသော မိန်းကလေးတစ်ယောက် နှင့် အသက်သုံးနှစ်အရွယ် "မောင်သီဟ" ဆိုသော လူငယ်လေးတစ်ဦးကို အခပေး၍ခေါ်ထားလေ၏။

အမှန်တော့ စံပယ်နှင့်သီဟမှာ မောင်နှမအရင်းပင်ဖြစ်၏။ မောင်နှမနှစ်ယောက်စလုံးကို အလုပ်ပေးတဲ့အတွက် ၎င်းတို့၏မိဘများမှာလည်း များစွာအသက်ရှူချောင် သွားကြရတော့သည်။ စံပယ်၏ မိခင် ဖြစ်သူ "မနွဲ့နွဲ့တင်" မှာမုန့်ဟင်းခါးရောင်းပြီး ဖခင်ဖြစ်သူမှာ ကွယ်လွန်ခဲ့ပြီးဖြစ်ရကား မနွဲ့နွဲ့တင်မှာ သားသမီးနှစ်ယောက်အတွက် ရှန်းကန်နေ ရသူဖြစ်၏။

ယခုကဲ့သို့ ကျွန်ုပ်ဆိုင်တွင်ခေါ်ထား၍ ၎င်းတို့မိသားစုမှာများ စွာအသက်ရှူချောင်ရ ခြင်းဖြစ်၏။ ထို့ပြင် ကျွန်ုပ်သည် မနွဲ့နွဲ့တင်ထံမှပင် ထမင်းချိုင့်ကို လပေးနှင့်ထပ်ယူလိုက်၍ ကျွန်ုပ်အပေါ်ကျေးဇူးတင်ပြီး ၎င်းတင်နေကြတော့၏။

ကျွန်ုပ်၏ဆိုင်လေးမှာ ကျွန်ုပ်အိမ်ရှေ့ ကွက်လပ်တွင်ပင် ဆောက်လုပ်ခဲ့ပြီး အလျားပေနှစ်ဆယ်၊ အနံဆယ်ပေရှိ၍ "ဆိုင်လေး" ဟုခေါ်သော်လည်း အမှန်တော့ထင်သလောက်မသေးပါ။ ထို့ပြင် ရောင်းချသော စာအုပ်များမှာလည်း တက်နိုင်သလောက် စုံလင်အောင် ထားရှိ ခဲ့ပေသည်။

ပညာ၊ ရသဟူ၍ နှစ်ပိုင်းခွဲ၍လည်း စနစ်တကျထားရှိခဲ့လေသည်။ လူငယ်အကြိုက် စာအုပ်များမှအစ တရားဓမ္မ၊ ပညာရပ်ဆိုင်ရာများ၊ ဘာသာပြန်များ၊ နိုင်ငံရပ်ခြားမှ စာရေးဆရာများ၏ စာအုပ်များအထိ စုံလင်လှပေ၏။ ဤသို့စုံလင်လှခြင်းမှာလည်း စီးပွားရေးစိတ်ဓါတ် ထက် ဝါသနာကို အခြေခံသော ကျွန်ုပ်၏စိတ်ဓာတ်ကြောင့် ဖြစ်ပေ၏။

ထိုအချိန်က ဤလိုစာအုပ်ဆိုင်မျိုးမှာ နည်းပါးလွန်းရကား ကျွန်ုပ်၏ဆိုင်မှာ စာပေဝါသနာရှင်များ၏ အားထားရာ၊ ဆုံဆည်းရာနေရာတစ်ခု ဖြစ်နေတော့၏။ အမြတ်အစွန်းကို အဓိကမထား၍လည်း ကျွန်ုပ်ဆိုင်က လေးမှာ တစ်စထက်တစ်စ နာမည်ရလာခဲ့၏။

ပုံမှန်ဖောက်သည်များရလာသောအခါ ၎င်းတို့အထဲမှာ ရှေ့နေကလေး "ကိုကျော်စိုး" မှာ ပို၍မျက်မှန်းတန်းမိရုံမျှမက လူချင်းလည်း ခင်မင်လာခဲ့ရသည်။ သူ၏အကြိုက်စာအုပ် အမျိုးအစားမှာ စုံထောက်ဝတ္ထုများနှင့် နိုင်ငံခြားဘာသာပြန်များဖြစ်ရကား ကျွန်ုပ်သည် ကိုကျော်စိုးအတွက် ၎င်းကြိုက်ရာစာအုပ်များကို တကူးတကမှာယူရှာဖွေ၍ တင်ပေးခဲ့ ရ၏။

ကိုကျော်စိုးကား တစ်ပတ်လျှင်အနည်းဆုံး တစ်ကြိမ်တော့ရောက်၍ လိုချင်ရာ စာအုပ် များကို တစ်နာရီခန့်အထိ မွှေနှောက်ရှာဖွေပြီးနောက် တစ်အုပ်၊ နှစ်အုပ်စသဖြင့် အားပေးသွားလေ၏။ တစ်ခါတစ်ရံ ငွေရှင်လျှင် ရှင်သလိုရောက်လာတတ်၏။ ထို့ကြောင့်လည်း ကျွန်ုပ်မှာ သူ့အပေါ်ပို၍လျှော့ပေါ့ကာ ရောင်းချပေးရစမြဲဖြစ်သည်။ ဝါသနာပါ သည့်အချက်ကား ဂုဏ်ယူစရာဖြစ်သော်လည်း အခြားမကောင်းသော အကျင့်စရိုက်များမှာ ကိုကျော်စိုးတွင် ရှိနေကြောင်း ကျွန်ုပ်တဖြည်း ဖြည်းသိလာခဲ့ရသည်။

ကိုကျော်စိုးသည်ရှေ့နေတစ်ဦးဖြစ်သော်လည်း နာမည် ကောင်းနှင့် မကျော်ဇောပဲ နာမည်ဆိုးနှင့်သာထင်ရှားနေ၏။ အကြောင်း မှာ သူသည်ဝင်ငွေရှာရာ၌ စင်ကြယ်မှုတစ္စာ ရသောနေ့ဥစ္စာ ကားနည်း ပါး၍ အမှုကိုအမျိုးမျိုးအဖုံဖုံလှည့်ပတ်၍ အမှုသည်ထံမှ နည်းပေါင်းစုံ ဖြင့် ငွေညှစ်တတ်၏။

သာဓက တစ်ခုအနေဖြင့်ပြရလျှင် ထိုစဉ်က ဖြစ်ပွားခဲ့သော ဗဟန်းကြားတော်ရ သုံးလောင်းပြိုင်စားပြမှုတစ်ခုတွင် မိမိ၏အမှုသည် (တရားခံ) လွတ်မြောက်ရေးထက် ဝှက်ထားသည့် တိုက်ရာပါပစ္စည်း များကို အချောင်ယူရန် ကြံစည်ခဲ့၏။

ဤသို့ဖြင့် အမှုလိုက်ရာတွင် ကျွမ်းကျင်သည်ဟု မဆိုသာပဲ မကောင်းကြံစည်မှုတွင် နာမည်ထွက်နေသူဖြစ်လေသည်။ ထိုမျှသာမက ကိုကျော်စိုးသည် အလောင်းအစားနှင့် "မ" ဘက်တွင်လည်း အလွန် စိတ် အားသန်သူဖြစ်ရကား မည်သည့်အချိန်မဆို ငွေလိုနေသူတစ်ဦး လည်းဖြစ်ပေသည်။ အထူးသဖြင့် မြင်းပွဲလောင်းရာတွင် ဝါသနာ ထုံလွန်းသူဖြစ်ရာ ၎င်းအိမ် နှင့်ခြံကိုပင် မာရဝါရီ သူဌေးတစ်ဦးထံတွင် ငွေနှစ်သောင်း ကျပ်ဖြင့် ပေါင်နှံထားသူဖြစ်ကြောင်း ကျွန်ုပ်သိလာခဲ့ရ သည်။

မည်သို့ဆိုစေကာမူ ကျွန်ုပ်ဆိုင်ကိုအားပေးရန်အတွက် စာအုပ် ဖိုးလောက်တော့ စာမဖွဲ့သူဖြစ်၍လည်း တစ်ပတ်တစ်ခါတော့ စာအုပ် ဝယ်လေ့ရှိ၏။ ထိုအတွက် ဈေးရောင်းသူနှင့် ဈေးဝယ်သူမှာ ပနာသင့်ရ မည် ဖြစ်သောကြောင့် ၎င်းအနေဖြင့် ကောင်းကောင်း၊ ဆိုးဆိုး၊ ကျွန်ုပ် ဆိုင်အတွက်တော့ အကောင်းဆုံး ဖေါက်သည် တစ်ဦးပင်ဖြစ် နေ၏။

အမှန်အားဖြင့် ကိုကျော်စိုးမှာ ရုပ်ရည်သန့်ပြန့်၍ အပြောအဆို ချိုသာယဉ်ကျေးကာ လူတစ်ဖက်သားအားကျလောက်အောင် ပြောဆို နိုင်သူလည်းဖြစ်၏။ အဝတ်အစားကိုလည်း သပ်ရပ်ကျော့ရှင်းစွာဝတ်၍ အထက်တန်းလွှာတစ်ယောက်ပမာ ဝတ်စားနေထိုင်ပြောဆို တတ်သူ ဖြစ်နေ၏။

ဖခင်ဘက်မှာ အမွေရခဲ့သော ခြံနှင့်အိမ်ကိုပေါင်နှံ၍ လောင်းက စားကိုခုံမင်နေရုံမျှမက တစ်ကိုယ်ရေတကာယသမားမို့လည်း တစ်ခါ တစ်ရံ မိန်းမပျက်များနှင့် ပျော်ပါးနေတတ်၏။

ထိုအတွက် ကျွန်ုပ်မှာ ကျွန်ုပ်နှင့်ဝါသနာတူ စာပေဝါသနာရှင် တစ်ဦးအတွက်များစွာ နမြောနေမိ၏။ ယခုလောလောဆယ်တွင် တရားမမှုမှဒီဂရီကျပြီးငွေငါးထောင်ကို တရားရုံးကတင်ထားရာ ထိုငွေ ထုပ်ရပြီးနောက် တရားနိုင်လက်သို့မအပ်သေးပဲ မြင်းလောင်းပေး လိုက်သော ကိစ္စတစ်ခုကလည်း ရှိနေပြန်၏။

သို့သော် ရှေ့နေကိုကျော်စိုးသည် ပါးနပ်လိမ္မာသူဖြစ်သည်က တစ်ကြောင်း၊ ဥပဒေလမ်းကြောင်းများကိုနားလည်သည်ကတစ်ကြောင်း မျက်စိမှိတ် အရဲစွန့်တတ်သောဉာဉ်ရှိသည် ကတစ်ကြောင်း ထို့ကြောင့် ကျရောက်လာမည့်ဥပဒါန်များမှလက်တစ်လုံးခြားလွတ်မြောက်နိုင်ခဲ့၏။

အကြပ်အတည်းပေါင်းစုံကို ကိုကျော်စိုးတစ်ယောက် မည်သို့ မည်ပုံဖြေရှင်းမည်ကို ကျွန်ုပ်သိလိုလှသောကြောင့် ကျွန်ုပ်ဝါသနာ အတိုင်းလျှို့ဝှက် စုံစမ်းနေခဲ့၏။ ဤလူရှုပ် တစ်ယောက်အကြောင်းကို အချိန်ကုန်ခံစုံစမ်း လေ့လာနေခြင်းသည် အရည်အဖတ်မရကိစ္စ ဖြစ်မှန်းကျွန်ုပ်သိပါသည်။

သို့သော်လည်း သူ၏ရုန်းထွက်ဖြေရှင်းနိုင်စွမ်းကို များစွာစိတ်ဝင်
စားမိသည်ကတစ်ကြောင်း ကျွန်ုပ်ဝါသနာကိုက လျှို့ဝှက်မှု ကိုစုံစမ်းဖော်
ထုတ်လိုသည်ကတစ်ကြောင်းကြောင့် ဤသို့လေ့လာ စုံစမ်းနေခြင်းပင်
ဖြစ်သည်။

ထိုကာလအတွင်းကျွန်ုပ်စာအုပ်ဆိုင်သို့ကိုကျော်စိုးတစ်ယောက်
ရောက်မလာခဲ့ပါ။ သူမလာဖြစ်သည်မှာ ယနေ့ဆိုလျှင် နှစ်ပတ်
ရှိနေပြီဖြစ်၏။ ကျွန်ုပ်မှာ သူ့ဆီသို့သာ စိတ်ရောက်နေခဲ့သည်။ သူဘာ
တွေလုပ်နေပြီလဲ၊ ဘာတွေကြံစည်နေပြီလဲ၊ ဘယ်လိုခေါင်း ခြောက်
နေပြီလဲဆိုတာ သိချင်လှ၏။

ဤသို့မျှော်ရင်း မျှော်ရင်းဖြင့်တစ်လတိတိကြာ မြင့်သွား
သော်လည်း ကိုကျော်စိုးမှာ ပေါ်မလာခဲ့။

သို့သော် မိုးတဖွဲဖွဲရွာနေသော စနေနေ့ညတစ်ညမှာတော့
ကျွန်ုပ်ရှိရာသို့ သူရောက်လာခဲ့ပါသည်။ သို့သော် ထူးခြားသောအမူ
အရာများနှင့် ရောက်လာခြင်းဖြစ်သည်။ အမြဲတစေ သပ်သပ်ရပ်ရပ်နေ
တတ်ပြီး စတိုင်ကျစွာဝတ်စားဆင်ယင်တတ်သော ကိုကျော်စိုးမှာ
ယခုတော့ဘိုသီဘတ်သီဖြစ်နေ၏။ အင်္ကျီကြယ်သီးများလည်းပြုတ်နေပြီး
ကြေမွနေ၏။ ဆံပင်မှာလည်းဖွာလန်ကြဲနေ၍ရှိနေပြီး အဆိုးဆုံး မှာ
သူ၏ဂဏှာမငြိမ် နီကြောင်ကြောင်မျက်လုံးများပင်တည်း။

"ဟာ ... ကိုကျော်စိုး ဘယ်လိုဖြစ်လာတာလည်း၊ မိုးတွေ လည်း
စိုလို့"

ကျွန်ပ်စကားကို သူအမှုမထား။ လမ်းပေါ်သို့ နောက်ပြန်လှည့်ကြည့်လိုက်၊ ကျွန်ပ်ကိုကြည့်လိုက်သည်နှင့် တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေမှန်းသိသာလှ၏။

"ကိုတင်မောင် . . .ကျွန်တော့်ကို တစ်ခုကူညီပါဗျာ။ ခင်ဗျားကူညီမှဖြစ်တော့မယ်"

"ကျွန်တော့်ကို အိမ်ထဲဝင်ခွင့်ပြုပါခင်ဗျာ . . ."

ကိုကျော်စိုးကပါးစပ်မှ တတွတ်တွတ်ပြောသလို လက်ကလည်း ကျွန်ပ်ကိုအားကို တကြိုးဖက်တွယ်ထားပြီး အိမ်ထဲဝင်ရန် ပင်ကြိုးစားနေ၏။ လမ်းပေါ် ကြည့်တော့လည်း ဘာဆိုဘာမျှမရှိ။ ကျွန်ပ်လည်း အံ့သြစဉ်းစားသွားရ၏။

"ဒီလူဘာတွေများမဟုတ်တာတွေ လုပ်လာပြန်ပြီလဲ"

ဟု တွေးမိ၏။

"လုပ်ပါဗျာ . . .ကိုတင်မောင် . . .ကျွန်တော့်တို့အိမ်ထဲဝင်ကြရအောင်ဗျာ အပြင်မှာကြာ ကြာမနေရဲလို့ပါ"

"နေပါဦး ကိုကျော်စိုး . . .ဘာတွေဘယ်လိုဖြစ်ခဲ့ရပြန်ပြီလဲ၊ တဆိတ်ရှင်းပြစမ်းပါဦး"

"ပြောပါမယ်ဗျာ . . .အကုန်အစအဆုံးပြောပါမယ်။ အခုလက်ရှိ အထဲဝင်ပါရစေ" ဟုဆို၍ ကျွန်ပ်လည်း အိမ်ထဲခေါ်၍ တံခါးမကြီးကို ပိတ်ထားလိုက်ရသည်။ ကိုကျော်စိုးမှာဆက်တီတွင် ခြေပစ်လက်ပစ်ထိုင်ချပြီးနောက် ကျွန်ပ်အိမ်ကို ကျီးကန်းတောက်မှောက် ကြည့်နေပြန်သည်။

"ဒီမှာကျွန်တော်တစ်ယောက်ပဲရှိတယ်။ တခြားဘယ်သူမှ မရှိဘူး။ ခင်ဗျားဘာတွေဖြစ်လာတယ်ဆိုတာ လွတ်လွတ်လပ်လပ်ပွင့်ပွင့် လင်းလင်းပြောနိုင်ပါတယ်။ နေဦး...နေဦး ခင်ဗျားအတွက် တစ်ခုခုစီစဉ် ပေးမယ်"

"ဟို...ဟို ခင်ဗျားဆီမှာ ဝီစကီလေးများမရှိဘူးလား ကိုတင် မောင်"

"ဝီစကီ...ဟာ...ကျွန်တော်က အရက်မှမသောက်တာ၊ ကော်ဖီ နှပ်ထားတာရှိတယ်၊ ခင်ဗျားသောက်ချင်ရင်ယူပေးမယ်။ ပူပူ လေး သောက်လိုက်ပါလား။ ပေါင်မုန့်ထောပတ် သုတ်လည်း အသင့်ပဲ။ စားမလား"

"နေပါစေဗျာ...မစားတော့ပါဘူး။ အဲ...ကော်ဖီပဲ ပေးပါဗျာ"

ကျွန်ုပ်လည်းမီးဖိုခန်းဝင်၍ အသင့်နှပ်ထားသော ဓာတ်ဘူး ထဲမှ ကော်ဖီနှစ်ခွက် ထည့်၍ယူလာခဲ့၏။ ကိုကျော်စိုးကတော့ စီးကရက် တစ်လိပ်ကို အားပါးတရဖွာရှိုက်နေ၏။ ယခုမှ အနည်းငယ် စိတ်ငြိမ် သွားပုံရသည်။ ခေါင်းကိုလှန်ချ၍ မျက်နှာကျက်သို့မော့ကြည့်ကာ မီးခိုး များကို "ဖူးကနဲ ဖူးကနဲ" မှုတ်ထုတ်နေလေသည်။

"ကဲ...သောက်ဗျာ။ ပူပူနွေးနွေးလေး၊ ပြီးတော့ခင်ဗျား အဖြစ် အပျက်ကို ပြောပါဦး။

ခင်ဗျား ဘာတွေဖြစ်လာတာလဲ။ ဘာကိုကြောက်နေတာ တုန်းကိုကျော်စိုးက စီးရက်ကို ဆေးလိပ်ပြာခွက်တွင်ထည့်၍ "ဟူး"ကနဲ သက် ပြင်းမှုတ်ထုတ်ပြီးမှရှင်းပြ၏။

"ကျွန်တော်ပြောရင်ခင်ဗျားယုံပါ့မလား မသိဘူးဗျာ။ ဒါပေမယ့် အခုချိန်အားကို တိုင်ပင်စရာဆိုလို့ခင်ဗျားပဲ အနီးဆုံးရှိလေတော့ အခုလို အားကိုတကြီးလာခဲ့ရတာပဲဗျာ"

"အင်း...ဟုတ်ပါပြီ၊ ကျွန်တော့်ကိုညီအစ်ကိုလိုပဲသဘောထားပြီး အဖြစ်အပျက်ကို ရှင်းပြစမ်းပါ။"

"ပြောပါ့မယ် . . .အစအဆုံး မခြွင်းမချန်ပြောပါ့မယ်ဗျာ။ ကျွန်တော်အခု ကြောက်လန့်နေရတယ်။ ဘာကိုကြောက် သလဲဆိုတော့ အကြွေးရှင်တွေလို့ ခင်ဗျားထင်ကောင်းထင်လိမ့်မယ်။ အမှန်က မဟုတ်ဘူးဗျာ။ ကျွန်တော်ကြောက်နေရတာ လူမဟုတ်ဘူးဗျာ"

"ဘာ...ဘယ်လို...လူမဟုတ်တော့ဘာလဲဗျာ၊ ဘာကိုကြောက်တာလဲ"

"သရဲဗျာ...ဟုတ်တယ်...သရဲကိုကြောက်နေတာ"

ကျွန်တော်မှာ သူ့စကားကြောင့် အံ့သြသွားရသည်။

"ဗျာ . . .ဘယ်လို၊ သရဲ . . .၊ ဘယ်ကသရဲလဲဗျာ၊ ခင်ဗျားအိပ်ရေးပျက်တာများပြီ ထင်တယ်"

"အိပ်ရေးပျက်ပြီး စိတ်ဂယောင်ချောက်ခြား ဖြစ်နေတာထင်တယ်"

သူ့စကားကြောင့် ကိုကျော်စိုးက ခေါင်းကိုတွင်တွင်ခါ၍...

"ခက်တယ်ဗျာ . . .ခင်ဗျားအလွယ်တကူမယုံနိုင်ဘူးဆိုတာ သိပါတယ်။ ကျွန်တော် အိပ်ရေးပျက်တာများနေပြီ ဆိုတာတော့

အဟုတ်ပဲ။ နို့ပေမယ့် ဂယောင်ချောက်ခြားဖြစ်တာတော့ မဟုတ်ဘူး။ တကယ်သရဲ ခြောက်ခံရတာပါဗျာ။ တစ်ခါတစ်လေ ကံအားလျော်စွာ အပြောခံရတာမျိုး မဟုတ်ပဲနေ့တိုင်းညတိုင်းအခြောက်ခံနေရတာဗျာ" .. .ဟုဆို၏။

"အဆန်းပါလား ကိုကျော်စိုးရဲ့ နေပါအုံးဗျာ . . . သရဲတစ္ဆေဆိုတာကို ခင်ဗျားယုံလို့လား"

"ဒီမှာကိုတင်မောင် . . .ကျွန်တော်လည်း ခေတ်ပညာတတ်တစ်ယောက်ပါ။ ဒါတွေဘယ်ယုံလိမ့်မတုန်း။ နို့ပေမယ့် ခုဟာက ကိုယ်တွေ့မျက်မြင်ကြုံရတာဗျာ..."

"ကဲ . . .ခင်ဗျား ဘာတွေမြင်တာလဲ၊ သရဲကဘယ်လိုခြောက်တာလဲ"

"ဒီလိုဗျာ...သရဲဆိုပေမယ့်ခင်ဗျားတို့သိထားသလိုအရုပ်ဆိုးဆိုးမျက်လုံးပြူးပြူး၊ အမွှေးရှည်ရှည်နဲ့ မဟုတ်ဘူး၊ အဲသလို အရုပ်ဆိုးအကျည်းတန်ပုံမဟုတ်ဘူး။ သာမန်လူတစ်ယောက်ပုံပါပဲ။ ဒါပေမယ့်တစ်ကိုယ်လုံး သွေးတွေစိုရွှဲနေလေရဲ့"

"ဟာ . . . သာမန်လူတစ်ယောက်ပုံဆိုတော့ ဘယ်မှာကြောက်စရာကောင်းလို့တုန်း ကိုကျော်စိုးရဲ့"

"ခက်တာက သေပြီးသားလူလေဗျာ။ လူ့လောကမှာမရှိတော့တဲ့လူကိုတွေ့ ရတာလေ။ ပိုဆိုးတာက ဒီလူကို ကျွန်တော်ကောင်းကောင်းသိတာကလား..."

"ဘယ်သူများလဲဗျာ...ကျုပ်မသိရဘူးလား..."

"သိရပါတယ်ဗျာ၊ သူ့ကိုခင်ဗျားလည်းသိတယ်၊ ခင်ဗျားတင်မကဘူး၊ ဒီမြို့ကလူ အတော်များများသိပါတယ်။ သူကဆောက်လုပ်ရေးအင် ဂျင်နီယာလည်းဟုတ်၊ ကန်ထရိုက်တာလည်းဟုတ်တဲ့ ကိုသက်နိုင်ဦးပေါ့ဗျာ..."

"သက်နိုင်ဦး...သုံးဆယ်ရှစ်လမ်းက သက်နိုင်ဦးလား"

"အစစ်ပေါ့ဗျာ"

"ဟာ ... မဟုတ်တာ သူကသေမှမသေသေးတာဗျာ၊ ပြီးခဲ့တဲ့ ဆယ်ရက်ကျော်ကတောင် ကျုပ်ဆီမှာ စာအုပ်နှစ်အုပ်လာဝယ်သွားသေးတာ"

သူပြောသော ကိုသက်နိုင်ဦးမှာ ကျွန်ုပ်နှင့်ရင်းနှီး သိကျွမ်းသူဖြစ်၏။ ကန်ထရိုက်တာလောကတွင် နာမည်ရနေသော လူကောင်းလူတော် တစ်ဦးလည်းဖြစ်၏။

ကိုတင်မောင်တွေ့ခဲ့တာက ပြီးခဲ့တဲ့ ဆယ်ရက်ကနော်...

"ဟုတ်တယ် ကိုကျော်စိုး"

"အင်း...သက်နိုင်ဦးက လွန်ခဲ့တဲ့ ငါးရက်ကသေတာဗျာ..."

"ဗျာ...ဘယ်လိုဖြစ်တာလဲ ခမြာ မာမာချာချာကြီးပါ"

ကိုကျော်စိုးသည် ၎င်း၏ရှုပ်ပွနေသော ဆံပင်အုံထဲသို့ လက်ချောင်းများထိုးသွင်း၍ "တဗျင်းဗျင်း" ကုတ်ပြီးမှ ...

"အင်း...အသတ်ခံရတာဗျာ" ဟု တစ်လုံးချင်း ပြောလေသည်။

"ဗျာ ... အသတ်ခံရတယ်၊ ဘုရား ... ဘုရား ...ဘယ်သူကများ သတ်သတဲ့လဲကွယ်"

"တစ်ခြားလူ ဟုတ်ရိုးလား၊ ကျွန်တော်ပါပဲ၊ သက်နိုင်ဦးကို သတ်တဲ့လူသတ်တရားခံ ဟာ ဟောဒီက ကျွန်တော်ပါပဲဗျာ..."

ကျွန်ုပ်မှာ ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရ၏။ ကျွန်ုပ်အိမ်ထဲရောက်နေပြီး ကျွန်ုပ်နှင့်အတူထိုင်ပြီး စကားစမြည်း ပြောဆိုနေသော ရှေ့နေကိုကျော်စိုးကား လူသတ်တရားခံ ဖြစ်နေပါသည်။ အမှန် ပြောရလျှင် ကျွန်ုပ်မှာ သူ့ကိုကြောက်လန့်သွားမိသည်။ တဆက်တည်းမှာ ပင် လူသတ်တရားခံကို အိမ်ပေါ်တင်လက်ခံထားမိ၍ အမှုပတ်မည်ကိုလည်းကြောက်လာမိသည်။

ကျွန်ုပ်လက်ချောင်းများက တဆတ်ဆတ်တုန်ခါနေ၍ လက်နှစ်ဖက်ကို ဆုပ်ကိုင်ထား လိုက်ပြီးမှ ဟန်ဆောင်၍ မာန်တင်းကာ လေသံကိုတတ်နိုင်သလောက်တည်ငြိမ်စွာထား၍မေးလိုက်မိသည်။

"သက်နိုင်ဦး အသတ်ခံရတာကို ရဲစခန်းက သိပြီလားဗျာ..."

"ရော် ... ခက်တာပဲဗျာ။ ရဲစခန်းက သိမှတော့ ကျွန်တော်က ခင်ဗျားနဲ့ အခုလိုတောင် စကားတောင်မပြောနိုင်တော့ဘူး၊ သံတိုင် ကြား ရောက်နေပြီပေါ့ဗျာ။ အလောင်းတောင်ရှာတွေ့မှာ မဟုတ်သေး ဘူး၊ အလွန်ဆုံးရှိလှ လူပျောက်မှုပဲရှိအုံးမှာ"

"ဒါ...ဒါနဲ့...ခင်ဗျားက ဘာလို့သတ်တာလဲ၊ ပြီးတော့...ကျုပ်ကို ဘာလို့ဒီစကားတွေ လာပြောနေရတာလဲ၊ တကယ်ဆို ဒါတွေ ကို ရဲစခန်း မှာဖြောင့်ချက်ပေးရပေါ့"

ကျွန်ုပ်စကားကြောင့် သူကခေါင်းကိုတွင်တွင်ခါယမ်း၍ နေတော့၏။ အတန်ကြာမှ စကားသံထွက်လာ၏။

"ကျုပ်အဖြစ်က သာမာန်ထက်ထူးဆန်းတယ်။ ပြောပြရင် ယုံကြမှာမဟုတ်ဘူး။ ကျုပ်ကိုပဲ အရူးထောင်ပို့မှာ။ ခင်ဗျားကတော့ ကျုပ်ကို အတော်အတန်နားလည်ပေးနိုင်မယ်လို့ ယုံကြည်မိလို့ပဲ။ သူ့ကို ဘယ်လို သတ်ခဲ့တာ၊ ဘာလို့သတ်ရတယ်ဆိုတာကို ရှင်းပြပါ့မယ်။ ဒါမှ ဘာလို့ ရဲစခန်းကိုမသွားပဲ ခင်ဗျားဆီလာတယ်ဆိုတာ သိရမှာပါ..."

ထိုနေရာတွင် ရှေ့နေကိုကျော်စိုးသည် လူသတ်မှုနှင့် ပတ်သက်၍ ထူးဆန်းသော ဖြစ်ရပ်တို့ကို ဇာတ်လမ်းပုံစံရေးဖွဲ့၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။ "ကျွန်ုပ်" ဟူသော နာမ်စားမှာ ကိုကျော်စိုး ကိုရည်ညွှန်း ပါကြောင်း တင်ပြအပ်ပါသည်။

(စာရေးသူ)

❖ ❖ ❖

ကျွန်ုပ်၏ အိမ်နှင့်ခြံကို မာရဝါရီ သူဌေးထံတွင် ပေါင်နှံထားသည်မှာ ယခုဆိုလျှင် ငါးလတိုင်ရှိခဲ့လေပြီ။ ယခုတိုင် ပြန်ရွေးရန်လမ်းမမြင်သေး။ ပြီးခဲ့တဲ့ စနေနေ့က မြင်းပွဲမှာ ရှုံးခဲ့သောငွေငါးထောင်ကျပ်မှာလည်း အမှန်တော့ ကျွန်ုပ်ငွေမဟုတ်ပါ။ တရားနိုင်လက် သို့ပေးရန်ဖြစ်သည့်ငွေ ကို လောင်းကြေးထပ်ခဲ့ခြင်းဖြစ်၏။

ဤသို့အကျဉ်းအကျပ်ရောက်နေရ၍ ကျွန်ုပ်မှာ ထွက်ပြေးချင်လောက်အောင်ပင် စိတ်သောကရောက်နေရ၏။ ကျွန်ုပ်အားကယ်တင်နိုင်မည့်သူလည်းမရှိ။ ထွက်ပေါက်မှန်သမျှလည်း ပိတ်နေ၏။ ဤအတောအတွင်း အမှုအပ်မည့်သူကလည်း တစ်ဦးမှပေါ်မလာသည့်အတွက် ကျွန်ုပ်မှာအိမ်ထဲမှာပင် ခွေနေရလေတော့၏။

ထိုနေ့ကား ကျွန်ုပ်၏ကံကြမ္မာကို တစ်မျိုးတစ်ဖုံပြောင်းလဲစေသောနေ့ဖြစ်လာခဲ့၏။ ထိုနေ့က မိုးသည်ပျင်းရိဖွယ်ကောင်း လောက်အောင် တဖွဲဖွဲရွာသွန်းနေလေသည်။ မိုးအသည်းကြီးလည်းမဟုတ်။ ထီးမပါပဲ သွားလို့လည်း မရသောအနေအထားဖြစ်၏။

စီးကရက်တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်နေစဉ်မှာပင် ကျွန်ုပ် နှင့်ရင်းနှီးသောမိတ်ဆွေ တစ်ဦးဖြစ်သူ ကန်ထရိုက်တာ ကိုသန်းနိုင်ဦး မှာကသောကမျော ကျွန်ုပ်အိမ်ပေါ်ပြေးတက် လာတော့သည်။

"အလို ...ကိုသန်းနိုင်ဦး ...ဘယ်လိုဖြစ်လာတာတုန်း၊ ထီးမပါဘူးလား"

ကိုသန်းနိုင်ဦးက ကိုယ်ပေါ်မှရေစက်များကို လက်ဖြင့်ခါချရင်း ပြီးထွားပြောရာ၏။

"တကတည်းမှာပဲဗျာ…ဒီမိုးကသည်းလည်းမသည်း၊ စဲလည်းမစဲ နှင့်အတော်ကို စိတ်ပျက်စရာပဲဗျာ"

"ဟုတ်ပ့ါဗျာ…ဒီအချိန်မိုးက ညားခါစလင်မယားတွေနဲ့ ယမကာ သမားတွေအတွက်ပဲ ကောင်းတာကလား၊ ကျုပ်တောင် အဖော်မရှိလို့ ထိုင်နေတာ၊ အခု ခင်ဗျားလာတာနဲ့အတော်ပဲ၊ တစ်ဝိုင်း လုပ်လိုက်ရ အောင်ဗျာ"

ကျွန်ပ်မှာ တစ်ကိုယ်တည်းအထီးကျန်နေရတာထက်စာရင် အခုလိုစကားပြောဖော်ရတာ ပိုကောင်းသည်မဟုတ်ပါလား။သူက လည်းငြင်းလိုဟန်မရှိ၍ ကျွန်ပ်တို့နှစ်ဦးမှာ ဆိုင်ထိုင် ဖြစ်ကြလေတော့၏။

"လာဗျာ . . .ကိုနိုင်ဦး၊ ထမင်းစားခန်းထဲမှာ လုပ်မယ်ဗျာ၊ အိမ်ရှေ့ဧည့်ခန်းဆိုရင်ဗြုန်း ဆိုလူဝင်လာရင်လာမှာ" . . . ဟု ကျွန်ပ်က ရင်းနှီးစွာ ဖိတ်ခေါ် လေတော့၏။

"အေးဗျာ . . .အမြဲတော့လုပ်လေ့မရှိပါဘူး၊ ဒါပေမယ့်ခုလို မိုးကလည်းတဖွဲဖွဲရွာ နေတော့ ဒီမှာပဲအနားယူကြတာပေါ့ဗျာ။ အဲ . . . ပြီးတော့ ပြောရအုံးမယ်။ ကျွန်တော်ဒီနေ့အလုပ် ဖြစ်လာတယ်လေ။ ကုလားသူဌေးတစ်ဦးက ကန်ထရိုက်အတွက် ကျွန်တော့်ကို စရန် ငွေသုံးသောင်းတိတိ ပေးလိုက်တယ်လေ"

"ဟာ…နိပ်သပ၊ ဒါဆို အောင်မြင်မှုအထိမ်းအမှတ်ပေါ့ဗျာ"

ကျွန်ပ်မှာ ပါးစပ်ကရယ်မောနေသော်လည်း ရင်ထဲမှာတော့ "တဒိတ်ဒိတ်" ခုန်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကိုသက်နိုင်ဦးမှာ ရင်းရရှိလာသော စရန်ငွေသုံးသောင်း အထုပ်ကို မိုးမစိုရန် ရင်ဘတ် ထဲထည့်လာရာမှ ထုပ်ယူ၍စားပေါ်တွင် တင်လိုက်သော ကြောင့်ဖြစ်၏။

ငွေသုံးသောင်းဆိုသော် ပမာဏမှာ နည်းလှသည်မဟုတ်။ ကျွန်ုပ်မှာလည်း အကြွေး တွေက ခေါင်းခိုက်နေချိန်။ ကြံရာမရစွာ ရှုးသွပ်နေသောကာလမှာ အခုလိုငွေထုပ်ကြီးက ကျွန်ုပ်စားပွဲပေါ်ရောက်လာတော့ ကျွန်ုပ်ခေါင်းထဲမှာ တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဘူးသော အကြံ စည်တစ်ခုက ဘွားကနဲပေါ်လာတော့၏။

ကျွန်ုပ်၏ရှုးသွပ်မိုက်မဲသောအကြံအစည်ကားကိုသက်နိုင်ဦးကို သတ်၍ငွေထုပ်ကိုယူရန်ဖြစ်၏။ ထိုအတွက် ကျွန်ုပ်မှာ လက်ဆောင်ရထားသော ဝီစကီပုလင်းအသစ်စက်စက်ကို နမြောတွန့်တိုမှုကင်းစွာဖြင့် ဖွင့်ပေးခဲ့လေသည်။ အသင့်ရှိသော ဆော်ဒါပုလင်း နှစ်လုံး။ ရေပုလင်းတစ်လုံး။ ဖန်ခွက်နှစ်ခွက်ကိုပါ ယူ၍ထမင်းစား စားပွဲပေါ်တင်ပေးလိုက်၏။

"ခဏစောင့်ဗျာ...အမြည်းအတွက် ဘဲဥနစ်လုံးကြော် လိုက်မယ်။ ပြီးတော့ဝက်အူ ချောင်းကြော်လည်း အသင့်ရှိတယ်။ ပူပူလေးဖြစ်အောင် နွေးလိုက်ရုံပဲ။ နေပါဦး၊ မနေ့ညကဝယ် ထားတဲ့ မြေပဲကြော်တွေလည်း ရှိနေတာပဲ..."

"အားနာစရာဗျာ ကျုပ်အတွက်နဲ့ ခင်ဗျား အလုပ်ရှုပ်ရပြီပေါ့"

"အိုး...ဒီလိုမပြောပါနဲ့၊ ကျွန်တော်ကတောင်ပြန်ပြီး ကျေးဇူးတင်ရမှာဗျာ။ နို့မို့ဆို ကျွန်တော်တစ်ယောက်တည်း ပျင်းရိနေတာ၊ ဘာမှအားနာမနာနဲ့ ..." ကျွန်ုပ်မှာ မီးဖိုးချောင်ထဲသွား၍ စီမံပြုလုပ်နေစဉ်၌ပင် ခေါင်းထဲမှာတော့ မီးတောက်အောင် တွေးတောကြံစည်နေမိသည်။

ဘယ့်နှယ့်လုပ်ရပ့်ါမလဲ ငါတစ်သက်မှာ တစ်ခါမှလည်း လူမသတ်ဖူးဘူးခက်တာက ဒီအခွင့်အရေးမျိုးက တစ်ကြိမ်တစ်ခါပဲရမှာ။ တစ်ခုရှိတာက လူသတ်မှုမှာ အရေးကြီးဆုံးကဘာလဲ။ သေသူရဲ့ အလောင်းဟာ အဓိကပဲ။ အလောင်းကိုမတွေ့မချင်း တရားခံကို အပြစ်ယူဖို့ခက်တယ်။ ဒါအဓိကသော့ချက်ပဲ။ အလောင်းကို အစအန မပေါ်အောင် ဖျောက်ဖျက်ဖို့ပဲလိုတယ်။ ငါကရှေ့နေ၊ ဥပဒေကို ကျွမ်းကျင်ပြီးသား။ ပုလိပ်တွေလောက်တော့ လက်တစ်လုံးခြား လှန်နိုင်ပြီးသား၊ ဘာကြောက်စရာရှိလဲ။ အခုခေတ်မှာ လူသတ်မှုတွေပေါ်တာဟာ အလောင်းကိုမဖျောက် ဖျက်နိုင်ကြ လို့ပဲ။

ကျွန်ုပ်မှာ မိမိကိုယ်ကိုရဲဆေးတင်ရင်း တွန်းအားပေးနေမိသည်။ အမှန်တော့ မောဟဦးဆောင်ပြီး လောဘ၊ ဒေါသ၊ ရောစွက်၍ ဘဝမှာပြင်လို့မရတော့သော ပြစ်မှုကြီးကို ကျူးလွန်တော့မည့်ကိစ္စကို မသိကျိုးကျွံပြု လိုက်မိခြင်းပင်ဖြစ်၏။

သို့သော်ကျွန်ုပ်အတွက်ပြဿနာမှာ သူ့ကိုမည်သို့သတ်ရမည်ကို တွေးမရခြင်းဖြစ်သည်။ သတ်ရဲဖြတ်ရဲ ဖွဲ့မရှိသည့်အတွက် လည်း တွေးလိုက်ရုံနှင့် ဒူးတွေတုန်နေမိသည်။ လက်နက်တစ်စုံတစ်ရာ ရှာကြည့်သည်။ ကျွန်ုပ်မှာ မောင်းချဓါးတစ်လက်ရှိ၏။ သို့သော် ထိုဓါးက လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ မြန်မြန်ကိစ္စချောစေနိုင်သည့် လက်နက်ကားမဟုတ်။

ထမင်းချက်စားသည်ထက် အပြင်တွင်စားတာက များသော ကြောင့် ကျွန်ုပ်၏မီးဖိုထဲမှာ ရှင်းလင်းနေ၏။ အချိန်သိပ်ကြာနေလျှင် မကောင်းတတ်၍ ကျွန်ုပ်လည်း အမြည်းများကို ယူဆောင်၍ ထွက်လာခဲ့ တော့သည်။

ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးမှာ ဝီစကီကိုတစ်ငုံသောက်လိုက်။ ႀကက်အရူချောင်းကြော် လေးကိုဝါးလိုက် ဘဲဥမွှေကြော်ကိုခပ်စားလိုက်သဖြင့် စည်းစိမ်တွေ့နေတော့သည်။

"ရှိသလိုဖြစ်သလိုကျွေးရတာ စိတ်မကောင်းပါဘူးဗျာ..."

ဟု ကျွန်ုပ်ကပြောတော့ ကိုသက်နိုင်ဦးက လွန်စွာအားတုံ့အားနာလေသံ ဖြင့်

"ဟာဗျာ...မဟုတ်တာဗျာ...တကယ်ဆို ကျွန်တော်က ကျွေးရမှာပါဗျာ။ အခုလိုပြုစုတာကိုက သိပ်အားနာဖို့ကောင်းနေပါပြီ ကိုကျော်စိုးရာ။ နောက်တစ်ခါ ကျွန်တော့်အလှည့်ပေါ့ဗျာ"

"ကဲ...ဒါဆို ချဗျာ...ညီအစ်ကိုပဲ သဘောထား၊ ဘာမှအားနာစရာမရှိဘူး..."

ဤသို့ကျွန်ုပ်တို့နှစ်ဦးက ဝီစကီသောက်လိုက်အမြည်းစားလိုက် တက္ကသိုလ်တုန်းက ပိုးပမ်းခဲ့ဖူးသောမိန်းကလေးများ အကြောင်း ကိုစမြုံ့ပြန်လိုက် "တဝါးဝါး" ရယ်လိုက်ဖြင့် စိုပြေစည်ကားနေတော့၏။ ထိုအချိန်မှာပင်မိုးကတဖွဲဖွဲရွာရာမှ "တဝုန်းဝုန်း" ရွာချလိုက်တော့သည်။ လေကတဝေါဝေါဖြင့် တိုက်ခတ်လာ၍ ကျွန်ုပ်မှာ အိမ်ရှေ့တံခါးမ ကြီးကို ထွက်ပိတ်ရတော့သည်။

"ရွာဗျာ...ရွာချင်သလောက်ရွာစမ်း"

"ဟုတ်ပ့ါဗျာ...တစ်ခါတည်းအညှိုးတကြီးနဲ့ ကောင်းပါလေရဲ့... အခုမှ ပိုင်းကမိုးအေး အေးလေးနဲ့ အသက်ဝင်လာတော့ပေါ့။"

"ဟုတ်တယ်ဗျာ...ကဲ...နောက်တစ်ခွက် စကြရအောင်"

ထို့နောက် ကိုသက်နိုင်ဦးသည် စီးကရက်တစ်ဗူးကိုထုတ်၍

"ရော့ဗျာ...ကိုကျော်စိုး။ စီးကရက်လေး ဖွာလိုက်ပါဦး..."

ဟု ဆို၍ပေးလေ၏။ သူကိုယ်တိုင်လည်း ဖလင်လိပ်ယူ၍ ထိုင်ခုံနောက်မှီ၍ ခေါင်းကိုလှည့်ချ၍ စီးကရက်ကို အရသာခံ၍ တရှိုက် မတ်မတ်ဖွာရှိုက်နေတော့သည်။ မျက်နှာကြက်သို့ မှုတ်ထုတ်လိုက် သော မီးခိုးဖြူဖြူများကိုကြည့်ရင်း သူ၏စိတ်မှာလည်း လွင့်မျောနေ ဟန်တူ သည်။

"အား . . . အခုမှ သတိရတယ်။ ကျွန်တော့်မှာ ကြက်သွန်နီ လည်းရှိတယ်၊ သံပုရာသီးလည်းရှိတာပဲ၊ နေဦးဗျာ . . . ကြက်သွန်ချဉ် လေးသွား လုပ်လိုက်ဦးမယ်။ ဝက်အူချောင်းနဲ့ ပိုလိုက်တာပေါ့ . . . "ဟု ကျွန်ုပ်ကဆိုလိုက်၏။

"ဟာ...ဒုက္ခရှာလို့ဗျာ...အခုလည်းပြည့်စုံနေတာပဲ..."

"အိုဗျာ...ပိုပြည့်စုံသွားတာပေါ့ဟုတ်ဖူးလား..."

"ဟား...ဟား...ဟား...ဟား...ကိုကျော်စိုးကတော့တကယ်ပဲ"

အမှန်တော့ ကိုသက်နိုင်ဦးမှာ ပုံမှန်သောက်နေသူမဟုတ်၍ အတော်လေး အရှိန်တက်နေပြီဖြစ်၏။ ကျွန်ုပ်၏ အကြံအစည် ကို အကောင်အထည်ဖော်ရန်အလို့ငှာ လက်နတ်ကောင်းတစ်ခုကို ရွေး ချယ်ရှာဖွေခဲ့ရာကြောင်အိမ်အောက်မှ သံရေတ်ကျည်ပွေ့ကိုသွားတွေ့၏။ အလျား ၁၈ လက်မခန့်ရှိပြီးလုံးပတ်မှာ တစ်ကျပ်လုံးခန့်ဖြစ်၍ ချက်ကောင်း ကိုထိက တစ်ချက်တည်းနှင့် အမြန်ဆုံးကိစ္စချောနိုင် ကြောင်း တွေးမိ၍ထုတ်ယူလိုက်၏။ သံရေတ်ကျည်ပွေ့ကို ကိုယ်နှင့် ကပ်၍ဝှက်ယူ လာခဲ့သည်။ ကိုသက်နိုင်ဦးမှာ အိမ်ရှေ့ဘက်မျက်နှာ မူထား၍ ကျွန်ုပ်ကို

မြင်နိုင်ပေ။ မိုးသံ၊ လေသံ တဝုန်းဝုန်းအတွင်းမှာ လုပ်ကြံရန်အချိန်ကောင်းဟု ကျွန်ုပ်နားလည်လိုက်မိသည်။ ကျွန်ုပ်သည် ရေတက်ကျည်ပွေ့ကြီးကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ရင်း ကိုသက်နိုင်ဦး၏ နောက်နားသို့ ခြေကိုဖွဖွနင်း၍ ချဉ်းကပ်သွားလိုက် သည်။ သူကတော့ အိပ်မဟန်တော့။ အတော်လေးမူးဝေနေမှန်း သိသာလှ၏။

သို့သော် ကျွန်ုပ်သည် ဒူးများတဆတ်ဆတ်တုန်လျက်ရှိနေသည်ကို သတိထားလိုက်မိသည်။ လူတစ်ယောက်ကို သတ်ရန်မှာ လွယ်ကူလှ ကြောင်းကို ယခုမှ နဖူးတွေ့ဒူးတွေ့ နားလည်လိုက်၏။ လူဆိုတာ ခိုက်ရန် ဒေါသဖြစ်ပွားချိန်၌ ရိုက်နှက်ထိုးခုတ်ပုံ့သော်လည်း ယခုကဲ့သို့ သွေးအေးအေးဖြင့် သတ်ရန်မှာ လွယ်ကူသော အလုပ် မဟုတ်ပေ။ အထူးသဖြင့် ရန်ငြိုးမှန်းတီးချင်းလည်းမရှိဘဲ ခင်မင်နေသောလူတစ်ယောက်ကို သတ်ဖို့ မလွယ်ပေ။

သို့သော် ကျွန်ုပ်၏ အခက်အခဲဒုက္ခများကို ဖြေရှင်းနိုင်ဖို့ ကတော့ ဤတစ်နည်း သာရှိပေသည်။

"အိုကွာ ...ယောကျ်ားပဲ၊ စွန့်မှစားရတာ။ အခွင့်ရေးဆိုတာ နှစ်ခါရှိုးထုံးစံမရှိဘူး။ မိုးသံလေသံတဝုန်းဝုန်းမှာ သူအော်တာလဲ ဘယ် သူမှကြားမှာမဟုတ်ဘူး။ အလွန်ဆုံးဆယ်စက္ကန့်ပဲကြာမှာပါဟု တစ်ဖန်ပြန်၍ အားတင်းလိုက်ပြီးနောက် ဆုံးဖြတ်ချက်ပီပြင်စွာဖြင့် သံရေတက်ကျည်ပွေ့ကိုလက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ မြှောက်ယူကာကိုသက်နိုင်ဦး၏ နဖူးတည့်တည့်ရှိရာလောက်ကို မှန်း၍တစ်အားလွှဲရိုက် လိုက်တော့၏။

"ခွပ်" ကနဲ အသံတစ်ချက်သာထွက်ပြီးနောက် အော်သံပင် မထွက် ညည်းသံပင် မကြားရပဲ ကြမ်းပေါ်သို့ လျောကျငြိမ်သက်သွား တော့သည်။ သို့သော် သွေးများကတော့ အိုင် ထွန်းနေတော့၏။

ကျွန်ုပ်လည်း အချိန်မဆွဲပဲချက်ခြင်းပင် ငွေထုပ်ကို ယူ၍ဘီရို ထဲထည့်ကာသော့ ခတ်လိုက်၏။ ထို့နောက် ဝီစကီတစ်ခွက်ကို ဆော်ဒါ ပင်မရောတော့ပဲ တဂွပ်ဂွပ်သောက်ချ လိုက်ပြီးမှ အနောက်ဘက်ရေ ကန်မှ ရေများကို ရေပုံးဖြင့်ဆွဲ၍ အခေါက်ခေါက်အခါခါ ဆေးချ လိုက်၏။ ပြီးလျှင် ကျွန်ုပ်၏ ပုဆိုးဟောင်းနှစ်ထည် သုံးထည်ကိုဖြဲ၍ အလောင်း ကောင်ကြီးကို ထုပ်ပိုး၏။

သွေးတွေက မတိတ်သေးသောကြောင့် သက္ကလပ်စောင်အ ဟောင်းတစ်ထည်ဖြင့် ထုပ်ပိုးပြန်၏။ လူသေများဟာလေး၏ ဆိုတာ တကယ်မှန်ပါသည်။ တစ်ယောက်တည်းမ၍ ထုပ်ပိုးရတာကိုပင် အတော် အားစိုက်နေရ၏။

"ဒါကြီးကို ဘယ်မှာထားမလဲ"

ထိုအချက်က အရေးအကြီးဆုံးပင်ဖြစ်၏။ အလောင်းခန္ဓာ ကိုယ် ဆိုသည်မှာ အမှုအတွက်အရေးအကြီးဆုံး သက်သေအထောက် အထား ဖြစ်၍ အသေအချာစဉ်းစားရ၏။

"အင်း . . .လောလောဆယ်တော့ နောက်ဖေးကစတိုခန်းထဲ ထည့်ထားမှမြင်ကွင်း ကပျောက်မှာ . . ."ဟု တွေးမိသည်နှင့် ကျွန်ုပ်သည် အလောင်းအားတရွတ်တိုက်ဆွဲ၍ စတိုခန်းထဲ သို့ရွှေ့ရပြန်လေသည်။

ထိုသို့ နေရာရွေ့ ပြီးမှနောက်တစ်ဖန်ရေဆေးချပြန်၏။ မည်သည့်သဲလွန်စမှ မကျန်အောင် အထပ်ထပ်အခါခါ စစ်ဆေးကြည့်ရှု့ပြီးမှ ကျေနပ်စွာဖြင့် အေးအေးလူလူ အရက်ထိုင်သောက်နေခဲ့သည်။

တကယ်မှာ အေးအေးလူလူတော့မဟုတ်ပါ။ ပြစ်မှုကြီး တစ်ခုလုံးကို ဖုံးဖိကွယ်ပျောက် နိုင်ဖို့ နည်းပေါင်းစုံ ကြံစည်တွေးတောနေရပြန်သည်။ ဒါကြီးကို အခုလိုစတိုခန်းထဲမှာထား၍မရ။ ဒီတော့ဘယ်မှာထားမလဲ။ ကျွန်ုပ်သည် ဤမေးခွန်းကို အထပ်ထပ်အခါခါ စဉ်းစားသုံးသပ်နေမိ သည်။

လက်မှနာရီကို ကြည့်လိုက်တော့ နေ့လည်တစ်နာရီထိုးပြီးလေပြီ။ ကျွန်ုပ်သည် တွေဝေမနေတော့ပဲ ထီးတစ်ချောင်းကိုယူ၍ အိမ်ရှေ့ အနောက်ဘက်သို့ပတ်ကြည့်တော့၏။

ထိုအခါခြံ၏အနောက်ဘက်၌ သရက်ပင်အောက်ခြေ၌မြက်ရိုင်းများထူထပ်စွာ ပေါက်နေသည်ကို တွေ့လိုက်ရသည်။ ထို့ပြင် ကျောက်ခတ်ပင်များကိုလည်း ကျောက်တုံးများ ဝိုင်း၍စိုက်ထား သည်ကို တွေ့ရလေရာ ထိုနေရာကို ရွေးချယ်လိုက်၏။

"ဟုတ်ပြီ . . . ဒီထက်ကောင်းတာတော့ ရှိမှာမဟုတ်တော့ဘူး။ ကျောက်ခတ်ပင်တွေကို ဖယ်ပြီးတော့လေးငါးပေလောက်အထိ တွင်းတူးမယ်။ ပြီးတော့ အလောင်းကိုမြှုပ်။ အပေါ်က မြေဖို့ ပြီးရင်ကျောက်တုံးတွေပြန်စီ။ ဒီအပေါ်ကမြေပြန်ဖို့။ တောင်ပုစာလေးလို ဖြစ်အောင် လုပ်ပြီး ကျောက်ခတ်တွေပြန်စိုက်မယ်။ ဘယ်သူမှ မသိနိုင်တော့ဘူး"

ကျွန်ပ်သည် ထိုအစီအစဉ်ကို အချိန်မစိုင်းပဲ စတင်အကောင်အထည်ဖော်တော့၏။ ချက်ခြင်းပင် အင်္ကျီကိုချွတ်၍ ပုဆိုးဟောင်းတစ်ထည်လဲဝတ်၍ခြံထဲဆင်းလာခဲ့သည်။ သို့သော် ပေါက်တူးတို့ ဂေါ်ပြားတို့ မရှိ၍ ခေါင်းရင်းခြံတွင်ငှားရန် ထွက်ခဲ့၏။

"ဟော့ . . .မိုးကြီးလေကြီးထဲမှာကွာ၊ ဘာများလုပ်ဦးမလို့လဲ မောင်ကျော်စိုးရဲ့"

ခေါင်းရင်းဘက်ခြံမှ ကရင်အဖိုးကြီး ဦးစောမြက ပေါက်တူးနှင့် ဂေါ်ပြားကို ကျွန်ပ်အားလှမ်းပေးရင်းမေး၏။

"ဩော် . . .ဒီလိုပါ အဘ၊ မြက် တွေရှင်းပြီး ပန်းပင်စိုက်မလို့ပါ။ အိမ်ကမရှင်းတာကြာ တော့ မြက်ရိုင်း တောကြီး ဖြစ်နေပြီလေ . . ."

"အိမ်း...အိမ်...အိမ်း...ကောင်းတယ်...ကောင်းတယ်...ရော့"

ဟုဆို၍ ပေါက်တူးနှင့် ဂေါ်ပြားကိုယူ၍ ပြန်လာခဲ့၏။ စိတ်ထဲမှာလည်း တော်ပါသေးရဲ့ သိပ်မစပ်စုလို့ ...ဟုတွေးလိုက်မိသည်။

ကျွန်ပ်သည် မိုးထဲ လေထဲမှာပင် ပေါက်တူးတစ်လက်ဖြင့် စတင်လုပ်ကိုင်လေတော့၏။ ကျဉ်းအကျယ်က အလျား ၆ပေ၊ အနံ ၁ပေခန့်တူးရမည်ဖြစ်သည်။ တကယ်တမ်းကျတော့ ထိုအလုပ်မှာ ထင်သလောက်တော့မလွယ်။ ကျွန်ပ်လို ခပ်ကျော့ကျော့နေသူ တစ်ယောက်အတွက် မြေတူးသောအလုပ်မှာ များစွာခက်ခဲပင်ပမ်းကြောင်းကို သိလိုက်ရ၏။

၁ပေအနက်မရှိခင်မှာပင် ကျွန်ပ်လက်တွေပေါက်ပြဲကုန်၏။ သို့သော်ကျွန်ပ်သည် နာကျင်မှုကိုအံကြိတ်ခံ၍ဆက်လုပ်၏။ "ကြိုးစားထားကွာ၊ အနာခံမှအသာစံရမှာ . . ." ဟု မိမိ ကိုယ်မိမိ အားပေးရ၏။

ညနေစောင်းမှ ကျွန်ုပ်လိုချင်သော မြေကျင်းပြီးလေ၏။ ကျွန်
သည်မြေကျင်းကို ဘဲဥပုံကဲ့သို့ ခပ်ဆွဆွတူးခဲ့ခြင်းဖြစ်သည်။ ကျင်းပြ
သည့်တိုင် မနားနိုင်သေး။ အလောင်းခန္ဓာကိုယ်ကြီးကို သယ်မ၍မြေတွင်
ထဲချရပြန်သည်။ ထို့နောက်မြေတွေပြန်ဖို့၊ အပေါ်မှ ဖိထား၊ အုတ်ခဲတွေ
တခြားနေရာတစ်ခုမှ မြေတွေထပ်တူး၍ စုပုံကာတောင် ပူစာသဖွယ်ပြ
လုပ်ရပြန်သည်။

ထို့နောက်တွင်မှာ ကျောက်ခတ်ပန်းများကိုလှပအောင် စနစ်
တကျ စိုက်ပျိုးပြန်၏။ ကျောက်တုံးများကို ရံလိုက်ပြီးသောအခါ မှာတော့
အတော်အတန်ကြည့်ကောင်းသော ပန်းရုံလေးသဖွယ်ဖြစ်သွားတော့
သည်။

"နောက်နေ့ကျမှဘဲ ပျိုးပင်ဆိုင်က ပန်းတွေဝယ်ပြီးခုံဘေး
ပတ်လည်က ထပ်စိုက်ရမယ်..."

ဟုတွေးရင်း အလုပ်ကို လက်စသတ်လိုက်ကာ ရေချိုးနေ
တော့၏။

ထို့နောက်ညစာစားရန်အတွက် တရုတ်တန်းဘက် ထွက် လာ
ခဲ့တော့သည်။ ထမင်းစားရန်ဆန္ဒမရှိတော့၍ ဝီစကီနှင့် အခေါက် ကင်ကို
မှာလိုက်သည်။ ထို့နောက် ခရုခေါက်ဆွဲကြော်တစ်ပွဲ၊ ဘဲကင် တစ်စိတ်
ကိုထပ်မှာ၍ ညစာကို မြိန်ရည်ယှက်ရည် စားသောက်လေ တော့၏။

ဟိုဟို သည်သည် လျှောက်သွားရင်း ညဆယ်နာရီထိုးခါနီးမှာ
အိမ်ပြန်ရောက်ခဲ့သည်။ သို့သော် ယခုညတွင်းပင် ထူးခြားမှုကိုကြုံခဲ့ ရ၏။

ကျွန်ပ်သည် အမြဲနေနေကျ ကိုယ့်အိမ်ခြံထဲသို့ပင် ဝင်ရန်တွန့်ဆုတ်နေမိသည်။ ကိုသက်နိုင်ဦး၏ပုံသဏ္ဌာန်ကိုဒင်း၊ ကျွန်ပ်ကျူးလွန်ခဲ့သော လူသတ်ပုံအဆင့်ဆင့် အလောင်းဖျောက်ပုံတို့က မျက်လုံးထဲ တရေးရေးပြန်မြင်ယောင်လာမိသည်။ ဤအိမ်ကြီးတွင် ငါနှင့်အတူ လောလော လတ်လတ်သေသွားသော မသာအလောင်း တစ်လောင်း ရှိနေပါလား...ဆိုတဲ့အသိက ကျွန်ပ်ကို စတင်ခြောက်လှန့်နေတော့၏။

သို့သော်လည်း "အိုး...ငါတတ်နိုင်လို့ သတ်တောင်သတ် ခဲ့ပြီးပြီ။ ငါသတ်လို့သေတဲ့ကောင်ကို ငါကပြန်ကြောက်စရာလား..." ဟု ပြန်အားပေးရပြန်သည်။ အိမ်ပေါ်စတက်တော့မှ ဖိနပ်ချွတ်တွင် ကျွန်ပ် ဖိနပ်မဟုတ်သော ဖိနပ်တစ်ရံကိုတွေ့လိုက်ရသည်။

"ဟင်...ဘယ်သူ့ဖိနပ်ပါလိမ့်၊ ဖိနပ်ကတော့ ယောကျ်ားဖိနပ်ဘဲ၊ ဟိုက်...ငါ့နယ့်နော်၊ သေလိုက်ချင်တာပဲ။ ဟိုမသာ သက်နိုင်ဦး ဖိနပ်ပဲ။ အကုန်လုံးခြေရာလက်ရာဖျောက်ပြီးမှ ဒီဖိနပ်ကို သတိထား မိတယ်လို့ ။ ဟူး...တော်တော်ရှုန်းတဲ့ငါပါလား"

ကျွန်ပ်သည် ရေရွတ်မြည်တမ်း၍ ဖိနပ်နှစ်ဖက်ကိုယူ၍ ခြံအနောက်ဘက်သို့ အားကုန်လွှဲပစ်လိုက်တော့သည်။ စိတ်မောမောဖြင့် လက်ကျန်ဝီစကီကို ထပ်သောက်ရင်း စဉ်းစားမိသည်။

"အင်း...ထိုအိမ်နဲ့ခြံကို ဘယ်သူ့ကိုမှရောင်းလို့မဖြစ်တော့ ဘူး။ မတော်လို့နောက်လူသစ်က ဒီကျောက်ခတ်ပန်းတွေမကြိုက်လို့ ဖယ်မိရင် သဲလွန်စတွေ့သွားနိုင်တယ်။ ဒီလိုဆို မီးခိုးကြွက်လျှောက်နဲ့ အမှုကငါ့ဆီ လိုက်လာမှာဘဲ၊"

ဤအတွေးသည် ကျွန်ုပ်အားရယ်မောစေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အသက်ရှင်သမျှကာလပတ်လုံး ဤနေ ရာ ဤခြံမှာပင်စောင့်နေရတော့မည်။ တကယ်တော့ ကျွန်ုပ်သည် အရှင်လတ်လတ်ဘဝနှင့်ပင် ဥစ္စာစောင့်ဖြစ်ရပေတော့မည်။ စက္ကန့်ပိုင်းမျှသာကြာ လိုက်သည့်ပစ်မှုတစ်ခုအတွက် ကျွန်ုပ်သည် အကျယ်ချုပ်အားဖြင့် နှစ် ပေါင်းများစွာ ဤအိမ်၊ ဤခြံမှာ နေရပေတော့မည်။

တစ်ခုဆိုတာက ဤအိမ်နှင့်ဤခြံကို ပိုင်ဆိုင်ထားရှိမှုအပေါ် ကျွန်ုပ်သည် အသက် ရှင်သမျှ ကာလပတ်လုံး မည်မျှလောက်အထိ ကျွန်ုပ်ထိန်းချုပ်ထားနိုင်ပေမည်နည်း။ လောင်းကစားမက်သော ကျွန်ုပ်သည် ယခုပင်လျှင် ခြံနှင့်အိမ်ကို ပေါင်နှံထားရသည် မဟုတ်ပေ လေ။ ကျွန်ုပ် သည် စဉ်းစားရင်စဉ်းစားသလောက်ရင်မောလာမိ၏။

ထိုစိတ်ကြောင့်ပေလော၊ ညနေက မိုးသည်းသည်းမှာ အင်္ကျီချွတ်ပြီး အလုပ်လုပ်ခဲ့၍ ပေလော၊ ပင်ပမ်းမှုဒဏ်ကြောင့်လောမသိ။ ထိုညမှာပင် ဖျားလေတော့၏။ ခန္ဓာကိုယ်က ပူခြစ်တောက်နေသော်လည်း ကျောရိုးထဲမှအေးစိမ့်နေ၏။ အသားများပင် တဆတ်ဆတ် တုန်၍ "တဟီးဟီး" ညည်းညူနေရတော့သည်။

ကျွန်ုပ်အနားမှာ ဘယ်သူမှမရှိ။ ကူညီစောင့်ရှောက် မည့်သူလည်းမရှိ၊ ယုတ်စွအဆုံး ရေဆာတာကိုပင် ထမသောက်နိုင်ခဲ့ပါ။ မိုးကလည်းမလင်းနိုင်၊ ဒီကြားထဲမှာပင် ခွေးလေခွေး လွင့်တွေက ကျွန်ုပ်ခြံရှေ့တွင်စုပြုံရောက်လာပြီး ဝိုင်းအူကြတော့၏။

"အူ…အူး…အူး…အူး…အူ"ဟူသော ကျက်သရေမရှိသော ခွေးအူသံကြောင့် ကျွန်ုပ်မှာ ဒေါသအကြီးအကျယ်ထွက်နေမိ၏။ တဆက်တည်းမှာပင်ကြက်သီးမွေးညှင်းတွေ ထလာ၏။ "ဒီခွေးတွေက ဘာလို့အူနေတာလဲ၊ ငါ့ခြံမှာမှဘာလို့လာအူတာလဲ၊ ခွေးအူတာ မကောင်းဆိုးဝါး နာနာဘာဝတွေကို တွေ့လို့အူတာလို့ပြောကြတယ်။ ဒါဆိုရင်…ဒါဆိုရင်…။

ကျွန်ုပ်ဆက်မတွေးရဲတော့၊ ကျွန်ုပ်၏စိတ်ကအိမ်နောက်ဖေး ရှိ ကျောက်ခတ်ပန်းရုံ အောက်ဘက်ရောက်သွား၏။

ထိုခဏမှာပင် ခွေးအူသံကပိုဆိုးလာ၏။ ခြံစည်းရိုးအပေါက် များမှ တိုးဝင်လာကြ၏။ ခွေးတွေကခြံကိုပတ်ပတ်ပြေး၍ သံပြိုင်အူကြလေတော့၏။

"တောက်…ခွေးမသားခွေးတွေ၊" ဟု ကျိန်ဆဲရင်း ကျွန်ုပ်သည် မရှိမယ့်ရှိမယ့်အားဖြင့် အတင်းအားယူထ၍ ခေါင်းရင်းပြူတင်းပေါက်ကို ဖွင့်လိုက်၏။ ဓါတ်မီးထိုးကြည့်လိုက်တော့ ခွေးအားလုံးက ခြံအနောက် ဘက်ကိုခေါင်းတည်၍ အူနေကြကြောင်း ထိတ်လန့်စဖွယ် တွေ့လိုက်ရ တော့၏။

ကျွန်ုပ်လည်း တလှုပ်လှုပ်သွားရင်း နောက်ဖေးတံခါးကိုဖွင့်၍ ဓါတ်မီးထိုးကြည့်လိုက်ရာ ကျောက်ခတ်ပန်းများရှိရာ တောင်ပူစာနံ ဘေးရှိ သရက်ပင်ကြီးအောက်၌ လူတစ်ယောက်ရပ် နေသည်ကိုတွေ့ လိုက်ရ၏။ (ဟိုက်) ကျွန်ုပ်အံ့ဩထိတ်လန့်သွားပြီး မျက်လုံးကိုပွတ်၍ ထပ်မံကြည့်လိုက်ပြန်သည်။

ထိုသူမှာ ကျွန်ုပ်ကိုကျောခိုင်း၍ရပ်နေခြင်းဖြစ်ပြီး ကျွန်ုပ်နှင့် ဆိုလျှင် ဆယ့်ငါးပေခန့်ကွာမည်ထင်ရ၏။ သို့သော် အဝတ်အစားများကိုတော့ ကျွန်ုပ်ကောင်းစွာမှတ်မိနေပါသည်။ ကျွန်ုပ်ကိုယ်တိုင် ရက်စက်စွာသတ်ခဲ့သော ကန်ထရိုက်တာကိုသက်နိုင်ဦး၏ အဝတ်အစား များပင်တည်း၊ ထိုသို့ကြည့်နေစဉ်တွင် ထိုသူသည် ကျွန်ုပ်ဘက်သို့ တဖြည်းဖြည်း ချင်းလှမ်းလိုက်၏။

"ဟိုက်...သက်နိုင်ဦးပါလား...ဘုရား...ဘုရား" ဟုတ်ပေသည်။ သက်နိုင်ဦးမှ သက်နိုင်ဦးအစစ်ပင်၊ ကျွန်ုပ်ကိုယ်တိုင် သံဂရုတ်ကျည်ပွေ့ဖြင့်ရိုက်သတ်ပြီး မြေမြှုပ်ခဲ့သော လူသေအလောင်း က အဘယ်ကြောင့် ယခုလိုရပ်နေနိုင်သနည်း။

ကျွန်ုပ်သည် ဇောချွေးများပြန်၍ အသက်ရှူမှားလောက်အောင်ပင်ထိတ်လန့်တကြားဖြင့် တံခါးကိုဂျိမ်းကနဲပိတ်၍ အခန်းထဲဝင်၍ ငုတ်တုပ်ထိုင်နေမိတော့သည်။ သို့တိုင်အောင် တဆတ်ဆတ်တုန် နေဆဲ။

"ဘယ်အချိန်များ ငါ့တံခါးကိုလာခေါက်မှာပါလိမ့်၊ ဘယ်အချိန်များငါ့တံခါးကို လာမှာလဲ . . ." ဟု စိုးထိတ်ကြောက်လန့် စိတ်များပြည့်နှက်နေတော့၏။

ထိုစဉ်မှာပင် မီးဖိုခန်းနေရာမှ "ဂျောက်" ခနဲ အသံတစ်ချက်ကြားလိုက်ရာ ကျွန်ုပ်မှာဆတ်ကနဲထရပ်မိပြီးသား ဖြစ်သွားရ၏။ အတန်ကြာသည်အထိ ဘာသံမှထပ်မကြားရတော့မှ ပြန်ထိုင်မိ၏။ ချွေးအုသံတွေက ထွက်ပေါ်နေဆဲ ကျွန်ုပ်၏အဖျားမှာလည်း ဘယ်ရောက်သွား မှန်းမသိတော့။

ကြောက်ရွံ့စိုးထိတ်မှုအပြည့်ဖြင့် ကုတင်ပေါ်တွင် ငုပ်တုတ် ထိုင်ရင်းမိုးစင်စင်လင်းခဲ့ရပါပြီ။ ချမ်းသာစွာအိပ်စက်ခြင်းက ကွယ်ပျောက်ခဲ့ရပါပြီတကား။ ဤကဲ့သို့အလားတူ အဖြစ်အပျက်မျိုး သုံးညဆက်တိုက်ဖြစ်ခဲ့ပါသည်။ ပိုဆိုးတာက ခြံထဲတွင် "တရှပ်ရှပ်" ဖြင့်သွားနေသောခြေသံကို ၎င်း "တောက်"ခေါက်သံကို၎င်း၊ တံခါးကို "တဒေါက်ဒေါက်" လာခေါက် သံကို၎င်း ပီပီသသကြီး ကြားရလာတော့သည်။

ထို့ကြောင့် ကျွန်ုပ်မှာ ညရောက်မှာပင်ကြောက်လန့် လာရတော့သည်။ အမှောင်ကို ရင်မဆိုင်ရဲတော့။ ကျွန်ုပ်သတ်ခဲ့သောသက်နိုင်ဦးသည် ကျွန်ုပ်ကိုပြန်သတ်ရန် ကြိုးစားနေသည်မှာ သေချာနေပေပြီ။ စတုတ္ထညမှာတော့ အထက်ပါအသံများကိုမကြားရ ခွေးအူသံလည်းမကြားရ၍ အတော်အသင့်စိတ်သက်သာရာ ရခဲ့ပါသည်။

သို့သော် မနက်ရောက်တော့ ကျောက်ခတ်ပင်များနေရာကိုကြည့်လိုက်ရာ တစ်စုံတစ်ယောက်က ဆွဲနုတ်ထားပြီး မြေကြီးများတူးဆွထားသည်ကို အံ့ဩစွာတွေ့လိုက်ရ၏။ ထိုအတွက် ကျွန်ုပ်မှာများစွာစိတ် သောကရောက်ရတော့သည်။

မည်သူသည် အလောင်းမြေပုံကို တူးဖော်ဖို့ကြိုးစားခဲ့လေသနည်း။ ရဲဌာနကများ သတင်းရလေသလား။ မကျွတ်မလွတ်သောသက်နိုင်ဦးသရဲက တူးထားတာတော့ လုံးဝမဖြစ်နိုင်။

ကျွန်ုပ်လည်း ကျောက်ခတ်ပင်များကို နေသားတကျပြန်စိုက် ၍ထားခဲ့ပြန်သည်။ သို့သော် နောက်တစ်နေ့မနက်ရောက်တော့ အပင် တွေကိုနုတ်ထားပြန်သည်။ ထိုမျှမက မနေ့ကလိုပင် မြေကိုတူးဆွထာ

မြန်သည်။ ဒီတစ်ခါတူးထားတာကမှ အတော်နက်၏။ အလောင်းကို ပတ်ထား သောစောင်ကိုပင် တစ်ပိုင်းတစ်စမြင်နေရတော့၏။

ထိုအတွက် ကျွန်ုပ်မှာ စိတ်မအေးနိုင်။ "စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခကြီးစွာရောက်၍အစား လည်းမဝင်တော့၊ အိပ်ရေးကလည်း ဆက်တိုက်ပျက်ခဲ့ရ၍ မျက်တွင်းဟောက်ပတ်ဖြစ်နေပေပြီ။ မနက်မိုးလင်း၍ ပဲပြုတ်ဟု အော်သောအသံကိုပင် လန့်ဖျပ်နေမိသည်။ ကားဟွန်းတီးသံကိုပင်လန့် နေရတော့သည်။

"မကောင်းမှုဟူသည် စိတ်ကွယ်ရာမရှိ" ဟူသော စကားသည် ကျွန်ုပ်အတွက် ပိုပီပြင်နေခဲ့၏။

"လှည်းဘီးသည် နွားခြေရာနောက်မှထပ်ကြပ်မကွာလိုက်သကဲ့သို့ မကောင်းမှုပြုသူ၏ နောက်သို့လည်း ပစ်ဒဏ်သည် ထပ်ကြပ်မကွာ လိုက်လေ၏။" ဟူသော "ဓမ္မပဒ"လာ ဆောင်ပုဒ် လေးကိုလည်း သွားသတိ ရမိသည်။

မကောင်းမှုဟူသည် မပြုခင်မှာလည်း ပင်ပန်းဆင်းရဲ သလိုပြုပြီးမှလည်းပင်ပန်းဆင်းရဲရကြောင်းဘဝနှင့်ယှဉ်၍သိလိုက်ရချိန်မှာတော့ များစွာနောက်ကျခဲ့ရပါပြီ။

ကျွန်ုပ်သည် ရှေ့နေကိုကျော်စိုးပြောပြသော လူသတ်မှုနှင့် နောက်ဆက် တွဲပြဿနာ များကို သိလိုက်ရပြီးနောက် များစွာသံဝေဂရမိ၏။ လောဘ၊ ဒေါသ၊ မောဟ ဟူသောမီးသုံးပါး၏ တက်မက်ဖွယ်ဖြားယောင်းသွေးဆောင်မှုကိုလည်း သိမြင်လာမိသည်။

"ကဲ…အဲဒါပါပဲဗျာ၊ ဘယ်လိုလဲကိုတင်မောင်၊ ခင်ဗျားယုံရဲ့လား"

ကိုကျော်စိုးက ကျွန်ုပ်အားမေးပါသည်။ သူ့လေသံတွင် အားကိုးမှုများလည်းပါနေ ကြောင်း ကျွန်ုပ်သတိထားမိသည်။

"ယုံပါတယ်ဗျာ . . . နို့ . . .ဒါနဲ့နေပါအုံး၊ ကိုသက်နိုင်ဦးနဲ့ ပတ်သက်ပြီးကော သတင်းစာ တွေမှာ တွေ့မိသေးလား"

"အင်း . . .လူပျောက်ကြေငြာအနေနဲ့ ထည့်ထားတာတော့ တွေ့နေရတယ် ကိုတင်အောင်၊ အသတ်ခံရတယ်ဆိုတာ အခုထိသိပုံမပေါ်ဘူး။ ကျွန်တော်ကတော့ အခု ဆိုအိမ်လည်း မပြန်ရဲတော့ဘူး၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် စိတ်မချဘူး၊ စိတ်မလုံဘူး။"

"ဟုတ်တာပေါ့ဗျာ ...ဒီတော့ ခင်ဗျားဘာလုပ်မယ် စဉ်းစား ထားသလဲ"

"ယောကျ်ားပဲဗျာ၊ လုပ်ရဲရင်ခံရဲရမှာပေါ့။ ကျွန်တော့်အဖြစ်ကိုဝန်ခံပြီး အဖမ်းခံတော့မယ်။ ဆက်ပြီးတော့ ဒီသရဲကောင်ရဲ့နောက်ယှက်မှုဒဏ်ကိုလည်းမခံချင်တော့ဘူး။ကြာရင်ရူးဖို့ပဲရှိမယ်။ကျွန်တော့်ရဲ့အမှားကိုခင်ဗျားကို အဦးဆုံးထုတ်ပြောပြတာပဲ။ မနက်ဖြန်ပဲ ရဲစခန်းသွားပြီး အဖမ်းခံမယ်ဗျာ။ ကျွန်တော့်အဖြစ်တွေဟာ အမှန်တွေပါဆိုတာကိုတော့ ခင်ဗျား သက်သေခံပေးစေချင်ပါတယ်ဗျာ ..."

"စိတ်ချပါဗျာ...ကျုပ်တတ်နိုင်သလောက်အကူအညီပေးပါ့မယ် အခုလိုအမြင်မှန်ရပြီးဝန်ခံရဲတဲ့အတွက်လည်းခင်ဗျားကိုချီးကျူးပါတယ်။ အခုညတော့ ကျွန်တော့်အိမ်မှာပဲ အိပ်ပေါ့ဗျာ။"

ဟု ကျွန်ုပ်က အားပေးနှစ်သိမ့်ရင်း ကျွန်ုပ်အိမ်တွင်ပင် တစ်ညအိပ်စက်စေခဲ့ပါသည်။ မနက်ကျတော့ ကျွန်ုပ်တို့နှစ်ဦးသည် ရဲစခန်းသို့သွား၍ဖြစ်ကြောင်းကုန်စင်တို့ကို ဖွင့်ဟဝန်ခံ၍ ကိုကျော်စိုးမှာ

အဖမ်းခံခဲ့ပါတော့ သည်။ ထို့အတွက် ကျွန်ုပ်မှာ စိတ်မကောင်းကြီးပွ
ဖြစ်ခဲ့ရ၏။ လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ခဲ့ခြင်းအမှုမှ
ရှုံ့ရှာစက်ဆုပ်ဖွယ် ကောင်းသည်မှန် သော်လည်း ယခုလို ကျွန်ုပ်ရှေ့တွ
လက်ထိပ်တန်းလန်းနှင့်ပါသွားတာကိုတွေ့တော့အမှန်ပင်စိတ်မကောင်
ကြီးဖြစ်၍ မတက် နိုင်မှန်းသိသော်လည်း ကျွန်ုပ်ကိုယ်တိုင်ပင် အကောင်
ဆုံးရှေ့နေကိုငှားပေး၍ သက်သာရာသက်သာ ကြောင်းအတွက် ဆော
ရွက်ပေးခဲ့သည်။

အမှုကိုစစ်ဆေးနေစဉ်ကာလမှာပင် ကိုကျော်စိုးတစ် ယောက်
သွက်သွက်ခါရူးသွပ်သွားကြောင်း၊ ဆေးကု သမှုခံယူနေရ ကြောင်းတို့ကို
ကြားသိရသောအခါ ကျွန်ုပ်မှာချက်ချင်းပင် ဆရာဝန် ကြီးနှင့်တွေ့ဆုံမေ
မြန်းဖြစ်ခဲ့ပါသည်။

စိတ်ရောဂါအထူးကုဆရာဝန်ကြီးက ကျွန်ုပ်အားအောက်ပ
အတိုင်းရှင်း ပြပါသည်။

"တရားခံကိုကျော်စိုးဟာ စိတ်ဒဏ်ရာအကြီး အကျယ်ရသွား
တာပါ။ ပြစ်မှုမကျူးလွန်ခင် အချိန်လေးတောင် သူ့စိတ်ဟာနှစ်ခွ
ဖြစ်နေခဲ့တယ်။ လုပ်မယ် - မလုပ်ဘူးလွန် ဆွဲရင်းဒွိဟဖြစ်နေခဲ့တာပါ။
လုပ်ပြီးတော့လည်း သူ့မှာနောင်တရတယ်။ သနားတဲ့စိတ်ဝင် လာ တယ်။
ဒါပေမဲ့ ဒါကိုသိစိတ်က အတင်းမောင်းထုတ်နေတော့ ဒီစိတ်တွေက
အသွင်ပြောင်းပြီး ကြောက်စိတ်တွေက မသိစိတ်မှာ ခိုအောင်းသွားတာ။
ညဘက်မှာ သေသူရဲ့အလောင်းကောင်ကြီးရပ် နေတာကို မြင်ရတယ်
ဆိုတာက တကယ်မဟုတ်ပါဘူး။ မသိစိတ်က ကြောက်လန့်မှုဟာ အပြင်
လျှံထွက်လာပြီ သိစိတ်မှာ ခြောက်လန့်မှုအဖြစ် ပုံဖော်သွားတာပါ။

တကယ်မဟုတ်ပဲ ဟုတ်တယ်လို့ ထင်ယောင် ထင်မှားဖြစ်တာပါ။ အဲ... မြေကြီးကိုတူးဖော်ပြီး အလောင်းကို တူးဖော်ဖို့ ကြိုးစားခဲ့သူကလည်း သူကိုယ်တိုင်ပါပဲ ညဘက်မှာအိပ်ပျော်ရာက ထပြီး သူကိုယ်တိုင်ပဲ သွားတူးခဲ့တာပါ။ ဒါပေမဲ့ ဒါကိုသူကိုယ်တိုင် မသိခဲ့ပါဘူး။ မသိစိတ်ရဲ့စေခိုင်း ချက်အတိုင်း လုပ်ဆောင်နေတာပါ။ လူတစ်ကိုယ် စိတ်နှစ်ခွ(Slit Mind)ဖြစ်သွားတာပါ။ သူ့မှာသိစိတ်နဲ့ မသိစိတ်ဟာ ပဋိပက္ခဖြစ်နေကြတာ။ သိစိတ်က လူသတ်ဖို့အားပေးခဲ့ပေမယ့် မသိစိတ် ကတား မြစ်ခဲ့တယ်။ သိစိတ်က လူသေကောင်ကို မြေထဲမြှုပ်ခဲ့ပေမယ့် မသိစိတ်က ပြန်တူးဖော်စေသည်။ ခင်ဗျားကြားဖူးမှာပဲ။ ညဘက် အိပ်ပျော်လျှက်နဲ့ လမ်းလျှောက်တာ၊ လျှောက်သွားနေတာဟာမသိစိတ်ရဲ့ လွှမ်းမိုးနှိုးဆော်မှုတွေပဲ။ အခုလည်း ဒီသဘော အတိုင်းကိုကျော်စိုးဟာ ကျီးဖြူ ကျီးမည်းတစ်ကောင်တည်း ဆိုသလို ဖြစ်ခဲ့ရတာပါပဲဗျာ ...ဟု ဆရာဝန်ကြီးကရှည်လျားစွာ ရှင်းပြ ခဲ့ပါသည်။

ကျွန်ုပ်လည်း "ကျီးဖြူကျီးမည်းတစ်ကောင်တည်း" ဖြစ်သွားရှာသော ကိုကျော်စိုး အတွက် စာနာစွာဆုတောင်းပေးပြီးနောက် ပြန်ခဲ့ပါတော့သည်။

ဝသုန်ဟိန်းထက်
(လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်း)
**(Feb-2011)**

❖ ❖ ❖

# ၈။အမှောင်ကမ္ဘာမှ မီးရင်ချက်

## ဝသုန်ဟိန်းထက်

## ၈။ အမှောင်ကမ္ဘာမှနိဂုံးချုပ်

အချို့က လှသောမျက်လုံးများဖြင့်ကြည့်ရင်း လောကကြီးကို "လှသည်" ဟုဆိုကြ၏။ အချို့က အကျည်းတန်မျက်လုံးအစုံဖြင့်ကြည့်ရင်း လောကကြီးက "အရုပ်ဆိုးတယ်" တဲ့။ ကျွန်မကတော့ လောကကြီး ကို ဘယ်လိုမျက်လုံးတွေနဲ့ကြည့်မိပြီး၊ ဘယ်လိုမြင်တယ်ဆိုတာ ကျွန်မ ကိုယ်တိုင် အသေချာမသိခဲ့။

"လောကကြီးဟာ တရားမျှတမှု ရှိပါရဲ့လား" ဆိုတဲ့အတွေးကို စတင်တွေးမိချိန်မှာ ကျွန်မသည်ကမ္ဘာသစ်တစ်ခု၏ အလယ်ဗဟိုတည့်တည့်တွင် ရပ်နေမိလျှက်သား ဖြစ်နေခဲ့ပါပြီ။

# အခန်း(၁)

"ကဲ. . .သမီးစိတ်ကိုလျှော့ထား၊ ဘာမှမစိုးရိမ်နဲ့နော်၊ ပတ်တီးကိုဖြေးဖြေးခြင်းဆရာခွာပေးမယ်။ သမီးကချက်ခြင်း မျက်လုံး မဖွင့်လိုက်နဲ့နော်၊ ဖြေးဖြေးခြင်းဖွင့်ရမယ်၊ ပြီးတော့ အားစိုက်ပြီးလဲ မကြည့်နဲ့နော်။ နာရင်ဆရာ့ကိုပြော၊ ဟုတ်ပြီလားသမီး။"

"ဟုတ် ...ဟုတ်ကဲ့ဆရာ"

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကျော်ထင်က ကျွန်မကိုတတွတ်တွတ်မှာနေ၏။

" သမီး . . . ဘာမှစိတ်မပူနဲ့နော်၊ မေမေတို့ဘေးမှာရှိနေတယ်"

မိခင်ဖြစ်သူ၏

အသံကမသဲမသာ တုန်ယင်နေသည်ဟု ကျွန်မခံစားနေမိ သည်။ ဆရာဝန်ကြီးကိုယ်တိုင် ကျွန်မ၏မျက်လုံးကို စီးထားသော ပတ် တီးအား ဖြေးညှင်းစွာဖြင့် တစ်ပတ်ခြင်းခွာသည်။ တစ်ရစ်ပြီးတစ်ရစ်၊ တစ်ပတ်ပြီးတစ်ပတ် . . .။ အချိန်တွေကကြာမြင့်လွန်းလှ၏။ မတော် တဆအက်စီးဒဏ်တစ်ခုကြောင့် မျက်စိဒဏ်ရာအကြီးအကျယ်ရပြီးစက္ခုနှစ်ကွင်းအလင်းကွယ်ခဲ့ရသော ကျွန်မ၏ဘဝ၊ အမည်မဖော်လိုသော တစ်စုံတစ်ဦး၏မျက်ကြည်လွှာအလှူကို လက်ခံရယူခဲ့ပြီး ခွဲစိတ်ခံယူခဲ့ရသောဘဝ။

"ကဲ ...သမီး၊ ဖြည်းဖြည်းချင်းဖွင့်ကြည့်"

ဆရာဝန်ကြီး၏စကားအတိုင်း ဖြည်းညှင်းစွာ ကျွန်မဖွင့်လိုက်သည်။ စူးရှသောအလင်းတန်းကြောင့် ချက်ချင်းပြန်မှိတ်လိုက်ရသည်။ ဒီနောက်မှတဖန်ခပ်ဖြေးဖြေးပြန်ဖွင့်သည်။ မျက်လုံးကနာကျင်ကိုက်

ခဲနေ၏။ သို့သော် လောကကြီးကို ပြန်မြင်လိုသောဆန္ဒက ကျွန်မရင်ထဲ ကြီးမားစွာ နေရာယူနေ၏။ ဒီအတွက် အံကိုတင်းတင်းကြိတ်၊ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း ပြန်ဖွင့်လိုက်၏။

အစက်ပြောက်တွေ၊ စိမ်း၊ ဝါ၊ နီ၊ ပြာ။ အစက်အပြောက်တွေ၊ ပြီးတော့ မီးခိုးငွေ့လိုအခိုးငွေ့များ ရောယှက်ပျံ့သန်းနေ၏။ ဒီနောက်မှ တော့ အမြင်အာရုံကပိုးတဝါး၊ မသဲမကွဲပုံရိပ်များ။

ပုံရိပ်များကို အားယူစုစည်းနိုင်ချိန်မှာတော့ ဆရာဝန်ကြီး၏ မျက်နှာ၊ စိုးရိမ်တကြီးကြည့်ရှုနေသော အမေနဲ့ညီမလေး၊ သူငယ်ချင်း ကေသီခိုင်၊ ပြီးတော့...ပြီးတော့...အသက်နဲ့အမျှချစ်ခဲ့ရသောအချစ်ရဆုံး ကိုအောင်၊ ကိုအောင်နောက်နားမှာတော့ တစ်ခါမှမမြင်ဘူး၊ မသိဘူးတဲ့ မိန်ကလေးတစ်ယောက်။

သိပ်အထင်အရှားတော့မဟုတ်၊ ပုံဖမ်းနိုင်လောက်ရုံသာ ဖြစ်သည်။ သို့သော် ဤမျှမြင်ရလျှင်ပင် ကံကောင်းလှ၏ဟု ဆိုရချေမည်။

"သမီး...မြင်ရပြီဆရာ...ဒါပေမယ့် မျက်လုံးက ကိုက်လာပြီ"

"အိုကေသမီး၊ ပြန်မှိတ်ထားလိုက်၊ ပြန်မှိတ်ထား ဘာမှစိတ် မပူနဲ့တော့၊ သမီးမျက်လုံးပြန်ကောင်းသွားပြီ၊ ဒါပေမယ့်... ပတ်တီးပြန် စည်းထားရအုံးမယ်နော်သမီး..."

"သမီးရဲ့မျက်လုံးပြန်ကောင်းသွားပြီပေါ့နော်၊ ဝမ်းသာလိုက် တာ ဆရာရယ်"

ကျွန်မရဲ့လက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်သောအထိအတွေ့တစ်ခု ကိုခံစားလိုက်ရသည်။

"ကိုအောင်လားဟင်"

"ဟုတ်တယ်သဋ္ဌာ...ကိုအောင်ရှိနေတယ်နော်၊ ဘာမှမပူနဲ့နော်"

"ကိုအောင်အနားကမိန်းမက ဘယ်သူလဲဟင်..."

"ဟင်... ဘယ်သူကိုပြောတာလဲ..."

ကျွန်မစကားကို ဘယ်သူမှနားလည်လိုက်ပုံမပေါ်။ ကေသီက လေသံ တိုးတိုးဖြင့်...

"ကေသီလေ၊ ကေသီလည်းရှိနေတယ်လေ။ ပြီးတော့သဋ္ဌာ ညီမလေးလည်းပါတယ်လေ" ဟု ပြော၏။

"မဟုတ်ဘူး ... မဟုတ်ဘူး၊ကေသီ့ကိုမြင်ရတယ်။ညီမလေး ကို လည်းမြင်ရတယ်။ သဋ္ဌာပြောတာက ပန်းရောင်ဝမ်းဆက်နဲ့ အမျိုး သမီး ကိုပြောတာ"

"ဟင် ...ပန်းရောင်ဝမ်းဆက်နဲ့ ..."

"သမီး ... မဟုတ်သေးဘူးလေသမီး၊ ဒီအထဲမှာ ဘယ်သူမှပန်း ရောင်မဝတ်ထားပါ လားသမီး"

"အင်း . . . သူ့မျက်လုံးကအရောင်မခွဲနိုင်သေးဘူးနဲ့တူတယ်၊ ဒါမျိုးဖြစ်တတ်ပါတယ်လေ"

"မဟုတ်ဘူးဆရာ၊ သမီးအရောင်မှားတာမဟုတ်ဘူး၊ သမီး မြင်နေရတာက အားလုံးခြောက်ယောက်။"

"ခြောက်ယောက် ... ဟာ ... မဟုတ်ဘူး၊ အားလုံးမှငါးယောက် ထဲပါ" တစ်ခုခုတော့မှားနေပြီ။ ဒါပေမယ့်အမြင်မှားတာလား၊ ဒါလဲမဖြစ် နိုင်ဘူး၊ သဲသဲကွဲကွဲမမြင်ရ၊ ဒါပေမယ့်အရေအတွက်ကိုတော့ ကောင်း စွာတွေ့ရပါသည်။ ပြီးတော့ မျက်လုံးထဲတိုးဝင်လာသော ပန်းရောင် အဝတ်အစား...။

"ကဲ ... သမီး ... သမီး မျက်လုံးတွေကို ပတ်တီးပြန်စည်းထ
အုံးမယ်၊ ပြီးတော့အနားယူဖို့လည်း လိုနေတယ်သမီး"

ဆရာဝန်ကြီးက ပြောပြောဆိုဆိုပတ်တီးကိုညင်သာစွာပြန်စ
ပေးပါသည်။ ထို့နောက် ကျွန်မကို ဆေးတစ်လုံးထိုးပေးသည်။ သိပ်မ
လိုက်၊ ကျွန်မမျက်ခွံများလေးလံလာပြီး အိပ်ချင်စိတ်က လွှမ်းမိုးလာသ
ဒီနောက်တော့ ဘာအသံမှ မကြားရတော့။

ကျွန်မတစ်ကိုယ်လုံးသည်လည်း ပေါ့ပါးစွာလွင့်မျောနေသ
ခံစားရသည်။ "တဟူးဟူး" တိုက်ခတ်နေသော လေအဟုန်များကြား
ပန်းနုရောင်ဝမ်း ဆက်ဝတ်ဆင်ထားသော မိန်းမတစ်ယောက်
တွေ့လိုက်ရသည်။ ကျွန်မနှင့် သက်တူရွယ်တူခန့်ရှိပေလိမ့်မည်။

"နင် ... ဘယ်သူလဲ ..."

ကျွန်မရဲ့အမေးကို သူကမဖြေ။ ကျွန်မကို စူးစူးရဲရဲစိုက်ကြ
နေသည်။ တစ်စုံတစ်ခုပြောလိုဟန်ဖြင့် ပါးစပ်ကလှုပ်လာသော်လည်
အသံကမထွက်။

"နင် ... ဘာပြောချင်တာလဲ၊ ပြောလေ ..."

ကျွန်မကထပ်မေးပေမယ့်မဖြေ။ ခေါင်းကိုငုံ့ရင်း လှည့်ထွက်
ပြေးသွား၍ ကျွန်မလည်းအတင်းပြေးလိုက်မိသည်။

"ဟိတ် ... မပြေးနဲ့၊ နေအုံး ... နင်ဘယ်သူလဲ ..." အတင်းပြေး
လိုက်သော်လည်းမမှီ၊ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားချေပြီ
သတိထားမိလိုက်တာကသချိုင်းကုန်းတစ်ခု၊ ဖြူဖြူဖွေးဖွေး၊ အုတ်ဂူ များ
ကျွန်မနှင့် ခပ်လှမ်းလှမ်းမှာတော့ လူဦးခေါင်းခွံတစ်ခု၊ မျက်တွင်း ဟောက်
ပက်နှင့်...။

"အား…အမယ်လေး…။" ထိတ်လန့်တကြားအော်ဟစ်လိုက်သံနှင့်အတူ အိပ်မက်မှကျွန်မလန့်နိုးလာခဲ့သည်။ သမင်တစ်ကောင် ရေနစ်ရာမှ ရုန်းထွက်လာသလို ကျွန်မတစ်ကိုယ်လုံး တုန်ယင်မော ဟိုက်နေ၏။ အသက်ကိုလု၍ရှူနေရသည်။ ဘယ်သူမှ ကျွန်မအနားရှိဟန်မတူ။ ဘယ်အချိန်ရှိမှန်းလည်းမသိ၊ ပတ်တီးပြန် စည်းထား၍ ဘာကိုမှလည်းမမြင်၊ သို့သော် ကျွန်မအနားမှာ တစ်ယောက်ယောက်ရှိနေသလို ခံစားရလိုက်မိသည်။ တိုးညှင်းသော လှုပ်ရှားသံကိုလည်း ကောင်းကောင်းသိနေရသည်။

"ဘယ်သူလဲ…ဘယ်သူလဲလို့မေးနေတယ်လေ…"

အသက်ရှူထုတ်သံတစ်ခုက နီးကပ်စွာ ထွက်ပေါ်လာပြီး ကောင်မလေး တစ်ဦး၏ဖြေသံကိုပါ ကြားလိုက်ရသည်။

"သမီးချောချောပါ"။ အသံလေးကစူးစူးရှရှလေး။

"ချောချောဟုတ်လား၊ ချောချောကဘယ်ကလဲ။"

"သမီးက မမရဲ့ကုတင်ဘေးကပါ။ သမီးက သွေးကင်ဆာရှင် တစ်ဦးပါ။ ဒီဆေးရုံမှာသုံးလတစ်ကြိမ် ဆေးကုသမှုခံယူ နေရတာပါ။"

"ချောချော" တဲ့။ "ကျွန်မရဲ့ဘေးကုတင်က " တဲ့။

ထပ်မံပြီး အံ့သြမှုဖြစ်ရပြန်သည်။ ကျွန်မက စပါယ်ရှယ်အခန်းမှာနေရသူပါ။ ဒီအခန်းထဲမှာ လူနာဆိုလို့ ကျွန်မကလွဲပြီး ဘယ်သူမှ မရှိပါ။ ဒါကိုတော့ ကောင်းစွာသိနေပါသေးသည်။ ပြီးတော့ဘာတဲ့၊

"သွေးကင်ဆာရှင်" တဲ့။

"နေပါအုံးကွယ်၊ ဒါနဲ့ချောချောက အသက်ဘယ်လောက်ရှိပြီလဲကွယ်"

ကျွန်မက မမြင်ရ၍ သူ့အသက်ကိုမေးလိုက်သည်။

"သမီးအသက်က ၁၀နှစ်ရှိပါပြီမမ၊ ဒါနဲ့ မမနာမည်ကဘာယ် လိုခေါ်လဲဟင်..."

အသံလေးကချိုချိုမြမြလေး၊ သွက်လက်ချက်ချာပုံ လည်းရသည်။

"ဩော် . . . မမနာမည်လား၊ မမနာမည်က "နှင်းသဇ္ဈာလွင်"ပါ။ သမီးက မမထက်၁၃နှစ် ငယ်တာပဲ။"

"ဟုတ်လား၊ ဒါဆို မမအသက်က ၂၃နှစ်ပေါ့နော်"

ကြည့်စမ်း၊ တော်လိုက်တဲ့ကလေး ဦးနှောက်ဉာဏ်ရည် လည်းမြင့်ပုံရသည်။

"ဟုတ်တာပေါ့ ချောချောရယ်။ သမီးကသိပ်တော်တာပဲ"

"မမရဲ့နာမည်ကလည်း သိပ်လှတာပဲ"

ဘာပဲပြောပြော ဒီကလေးမလေးကို ကျွန်မသဘောကျခင် မင်မိတာကတော့အမှန်ပင်။ တဆက်တည်းမှာ အတွေးတစ်ခုက ခေါင်းထဲဖျက်ကနဲဝင်လာသည်။ ကျွန်မကိုညဘက်စောင့်ကြည့်ပေး နေသောသူငယ်ချင်း "ကေသီခိုင်" ပြီးတော့ သူနာပြုဆရာမ။

"သူတို့တွေဘယ်ရောက်နေကြတာလဲ။ ပြီးတော့အသံဗလံတွေ တိတ်ဆိတ်နေပုံထောက်တော့ အခုအချိန်ဟာ ညဘက်ဆိုတာ မှန်းဆမိသည်။ သူတို့တွေဘာလုပ်နေကြတာလဲ၊ အိပ်ပျော်နေကြတာလား။ ကျွန်မသိလိုလာ၍ ချောချောကိုမေးကြည့်မိသည်။

"ချောချောရေ မမရဲ့သူငယ်ချင်းနှင့် သူနာပြုဆရာမကကော
တယ်သွားကြလဲ။"

"ဩော် ... သူတို့လား။ ရှိတယ်လေမမရဲ့။ မမရဲ့သူငယ်ချင်းက
တော့အိပ်မောကျနေတယ်ထင်တယ်။ ခေါင်းကြီးငိုက်စိုက်နဲ့။ ဟိုထမိန်
အနီဝတ်ထားတဲ့မမကတော့ စာအုပ်ဖတ်နေတယ်လေ။"

ကောင်မလေး၏ဖြေသံကြောင့် ကျွန်မနည်းနည်း အံ့ဩသွား
သည်။ ဒီကောင်မလေးစကားပြောနေတာ သူတို့မသိကြဘူးလား။
ါတိုင်းဆို "အင့် ..." ကနဲကျွန်မက အသံလေးတစ်ချက်ထွက် လိုက်တာနဲ့
သူတို့တတွေကချက်ချင်းကိုကျွန်မအနားရောက်လာနေကြ။ "ဘာလို့လဲ၊
ဘာလုပ်ပေးရမလဲ" နဲ့ ဂရုစိုက်ကြတာ အခုတော့ဘယ် လိုပါလိမ့်။

ကျွန်မကသွေးတိုးစမ်းသည့်အနေဖြင့် စမ်းသပ်မှုတစ်ခုပြု လုပ်
ရန်ဆုံးဖြတ်လိုက်၏။

"သမီးချောချောက အရမ်းချစ်ဖို့ကောင်းမှာပဲနော်။ မမက
မျက်လုံးခွဲထားရတော့ သမီးကိုမမြင်ရဘူးကွယ်။ မနက်ဖြန်ပတ်တီး
ဖြေရင်တော့မြင်ရကောင်းပါရဲ့။ ဒီတော့မမက သမီး လက်ကလေးကို
ကဆုပ်ကိုင်ထားချင်တယ် သမီးလက်ကလေး လှမ်းပေးပါလား ဟင်"

ကျွန်မရဲ့တောင်းဆိုမှုဟာ သာမန်တောင်းဆိုမှုတစ်ခုပါပဲ။
ါပေမယ့်ချောချောရဲ့လက်ကရောက်မလာခဲ့ပါဘူး။

"ချောချော ... သမီးလက်ကိုမမဆီကမ်းပေးလေ"

"ပေးထားတယ်လေမမရဲ့။ ပေးယုံမကဘူး၊ သမီးက မမရဲ့လက်
ကိုဆုပ်ကိုင်ထား တာပါ။"

"ဟင် သမီးကမမရဲ့လက်ကိုကိုင်ထားတယ် ...ဟုတ်လား။"

သေချာတာကတော့ ကျွန်မရဲ့လက်ကိုဘယ်သူမှ မကိုင်ထား ပဲ၊ အထိအတွေ့အာရုံတော့ ကျွန်မမဆုံးရှုံးသေးပါဘူး။ ပတ်တီးဖြေစဉ် ကပင်အထိ အတွေ့အာရုံကို ကျွန်မခံစားမိသေးတာပဲ။ ကောင်မလေးရဲ စကားမှာလည်းမုသားလေသံမပါ။

ဒါပေမယ့် အသေအချာအာရုံစူးစိုက် ခံသားကြည့်လိုက်တော့ အတွေ့ထူးတစ်ခုကို တဖြည်းဖြည်းချင်းခံစား လာရသည်။ ဒါကတော့ "အအေးဓါတ်..."ပင်တည်း။ ဟုတ်ပါသည်။ အေးစိမ့်သောအတွေ့အထိ တစ်ခုကိုကျွန်မသတိပြုလာမိခဲ့သည်။ အသားကိုအသားချင်းထိတွေ့ မှုမျိုးတော့မဟုတ်။ နက်ရှိုင်းသောအအေးလှိုင်းတစ်ခုက ကျွန်မခန္ဓာ ကိုယ် ကိုလွှမ်းမိုးလာသလို မျိုးခံစားလာမိသည်။ တစ်ကိုယ်လုံးကြက် သီးမွေး ညင်းတွေ"ဖြန်း"ကနဲထသွားမိပြီးမှာတော့ ကျွန်မအော် ဟစ်လိုက်မိသည်။

"အား"

"ကေသီ...ကေသီ...ဘယ်မှာလဲ၊ ဆရာမ... ဆရာမတို့ ဘယ် ရောက်နေတာလဲ။"

ကျွန်မရဲ့ခေါ်သံကြောင့် ဝရန်းသုန်းကားထပြေးလာကြသော ခြေသံ များကိုကြားလိုက်ရသည်။

"သဉ္ဇာ...သူငယ်ချင်း...ဘာဖြစ်တာလဲ..."

ကေသီရော၊ ဆရာမပါကျွန်မအနီးရောက်လာပြီးကျွန်မ လက်ကို ဆုပ်ကိုင်ရင်း စိုးရိမ်တကြီး မေးကြ၏။ ဒီအထိအတွေ့ကိုတော့ ကောင်းကောင်း ခံစားမိပါသည်။ သူတို့အမေးကိုချက်ခြင်းမဖြေနိုင်။ မောဟိုက် နေမိသည်။ "ချောချော" ဆိုတဲ့ကောင်မလေးလဲ ဘယ် ရောက်သွားသည်မသိ။ သူတို့ကိုလည်း ဘယ်လိုရှင်းပြရမှန်းလည်းမသိ တော့။

"ဘာဖြစ်တာလဲသူငယ်ချင်း၊ မျက်စိကိုက်လို့လားဟင်"

"အိမ်မက်ဆိုးတွေမက်လို့လား မသဏ္ဍာ"

သူတို့တတွေရဲ့အမေးကို ဘယ်လိုဖြေရမှန်းပင်မသိတော့။

"ဆရာမ ... ခုနက ကျွန်မကုတင်ဘေးမှာ လာစကားပြောနေတဲ့ ကောင်မလေးကော ..."

ကျွန်မအမေးကို သူတို့နားလည်ပုံမပေါ်။ တဒင်္ဂမျှတိတ်ဆိတ်သွား၏။

"မသဏ္ဍာ...ဘာတွေပြောနေတာလဲ၊ ဘယ်ကကောင်မလေး လဲ"

"ကျွန်မနဲ့ခုလေးတင် ဒီမှာစကားပြောနေကြတယ်လေ။ နေပါအုံး... ဆရာမတို့ အိပ်ပျော်နေကြတာလား"

"သူငယ်ချင်း...ကိုယ်တို့မအိပ်ကြသေးပါဘူး။ ဆရာမနဲ့စကားပြောနေကြတာပါ။ဘယ်ကောင်မလေးမှလည်းမလာပါဘူး။ နင်အိပ် မက် မက်တာဖြစ်မှာပါဟယ်"

ခက်ချေပြီ။ ရှုပ်ထွေးသော ပဟေဠိတစ်ခုက ကျွန်မခန္ဓာကိုယ် ပေါ်ပိကျလာသလိုခံစားလိုက်ရသည်။ ထိုဖြစ်ရပ်များသည် ကျွန်မဘဝ တွင် လွဲမှားစွာရပ်တည်မှုတစ်ခုဖြစ်လာခဲ့မည်ကိုထိုစဉ်က ကျွန်မမသိခဲ့ ရိုးအမှန်ပါ။

❖❖❖

# အခန်း(၂)

ဆရာဝန်ကြီးက ပတ်တီးဖြည်တော့ ရင်တထိတ်ထိတ်န ကျွန်မမှာ စိတ်လှုပ်ရှားနေခဲ့မိသည်။ ကျွန်မသာမကပါဘူး။ မိသား တစ်စုလုံး ရင်တထိတ်ထိတ်ဖြစ်နေရှာပေလိမ့်မည်။

"သမီး...စိတ်မပူနဲ့၊ စိတ်ကိုလျော့ထား။ ပတ်တီးကိုဖြည်းဖြဉ ချင်းခွာမယ်နော်။သမီးက မျက်စိကိုချက်ချင်းမဖွင့်လိုက်နဲ့နော်။ တဖြဉ ဖြည်းမှဖွင့် ဟုတ်ပြီလား"

တစ်ပတ်ချင်း၊ တစ်ရစ်ချင်း၊ တစ်လွှာချင်း ဖြည်သွားသေ ပတ်တီးရဲ့အဆုံးမှာတော့ ဘဝသစ်တစ်ခုက စောင့်မျှော်နေသည်ဂ ကျွန်မလုံးဝ မထင်မှတ်ထားခဲ့ပါ။

"ကဲ...သမီး...မျက်စိကိုဖြည်းဖြည်းဖွင့်တော့နော်"

"သမီး...စိတ်အေးအေးထား။ မေမေတို့အနားမှာ အကုန်ရှိနေ တယ်နော်။"

အားပေးသံများကြားက ကျွန်မလည်းကြိုးစား၍ မျက်စိကို စတင်ဖွင့်သည်။ ပထမအကြိမ်တုန်းကလောက်မဆိုးရွားခဲ့ပါ။ စူးရှသော အလင်း တန်းကိုလည်းအတော်ခံနိုင်ရည် ရှိလာပြီးဖြစ်၏။

ပထမတော့ မှုန်ဝါးဝါး၊ မြူခိုးတွေယှက်သန်းနေသလိုလို...

မျက်စိကိုပြန်မှိတ်၍ဒုတိယအကြိမ်ပြန်ဖွင့်လိုက်သည်။မြင်ကွင်း တွေက အရင်ထက်ပိုကြည်လင်လာသည်။ ပို၍ပို၍ ပီပြင်ပြတ် သားလာ သည်။ ပထမဆုံး မြင်လိုက်ရတာက မျက်စိအထူးကု ဆရာ ဝန်ကြီး၊ ဒီနောက်တော့အမေနဲ့ညီမလေး၊သူငယ်ချင်းကေသီခိုင်၊ပြီးတော့ ချစ်ရပါ သော ကိုအောင်၊ သူနာပြုဆရာမလေး...။

အားလုံးကို ကွဲပြားစွာမြင်လိုက်ရပါပြီ။ မမျှော်လင့်ရဲခဲ့တဲ့ ပြန်ရှင်သန်မှုတစ်ခုကို ရခဲ့ပါပြီ။

"မြင်ပြီ...သမီးမြင်ရပြီ...အားလုံးကိုလေ ကြည်ကြည်လင်လင် မြင်ရပြီ"

"ဝမ်းသာလိုက်တာသမီးရယ်"

"သဗ္ဗာ...တကယ်မြင်ရပြီနော်"

အားလုံးဝမ်းသာကြရပြီ၊ ကြည်နူးခဲ့ကြရပါပြီ။ ဒီအခြေအနေမှာပဲ ကျွန်မရဲ့မြင်ကွင်းထဲကို ပုံရိပ်သစ်တစ်ခုတိုးဝင်လာ၏။ ပန်းရောင် ဝမ်းဆက်နှင့် အမျိုးသမီးတစ်ယောက်...။

ပထမအကြိမ် ပတ်တီးဖြည်စဉ်က မြင်ရသောအမျိုးသမီး။ ကိုအောင်နှင့်မလှမ်းမကမ်းတွင်ရပ်၍ ကျွန်မကိုလည်း စူးစူးစိုက်စိုက် ကြည့်နေ၏။

"သူ...သူကဘယ်သူလဲဟင်..."

လက်ညှိုးထိုး၍မေးလိုက်သော ကျွန်မစကားကြောင့် အားလုံး ကြောင်အမ်းအမ်းဖြစ် သွားကြသည်။

"ဟင်...ဘယ်သူလဲသမီး၊ ဘယ်သူ့ကိုပြောတာလဲ"

"ဟိုမှာလေ . . .ကိုအောင်အနားမှာ ရပ်နေတဲ့မိန်းမလေ။ ပန်းရောင် ဝမ်းဆက်နဲ့မိန်းမကိုပြောတာ"

"ဟင် . . . ဘယ်မှာလဲ။ ကိုအောင်ဘေးမှာဘယ်သူမှ မရှိပါဘူး သမီး"

"ဟုတ်တယ်။ သဗ္ဗာစိတ်လှုပ်ရှားနေတာ များလား . . . အနား ယူလိုက်ပါလား"

"အို. . . ဘာလို့မရှိရမှာလဲ။ ဟိုမှာရပ်နေတယ်လေ။ အရှင်းကြီး မြင်နေရတာပဲ။"

ဒေါက်တာက အမေ့ကိုကြည့်ရင်း လေသံတိုးတိုးဖြင့်ပြော၏။

"အခုချိန်မှာတော့ သူ့ကိုကောင်းကောင်းအနားပေးလိုက် ပါအုံး။ အမြင်မှား၊ အထင်မှား၊ဂယောက်ဂယက်တွေဖြစ်နိုင်တယ်။ ပြီးတော့ ဦးနှောက်အာရုံကြောတစ်ခုခု များထိခိုက်သွားသလား ဆိုတာကို ထပ်စစ်ဆေးဖို့လိုတယ်။ အဓိကကတော့ စိတ်ကိုစမ်းသပ်မှု မျိုးပေါ့"

သူတို့တတွေက ကျွန်မကို စိတ်ကစဉ့်ကလျားဖြစ်နေသည် ဟု ယူဆကြပုံရသည်။ကျွန်မကို အနားယူခိုင်း၍ ကျွန်မသည်လည်း မျက်စိစုံမှိတ်၍ အိပ်ပျော်ရန်ကြိုးစားရတော့သည်။အိပ်ပျော်သွားခြင်း သည်ပင် ကျွန်မအတွက် ပိုကောင်းပါလိမ့်မည်။ ထွက်လေ၊ ဝင်လေကို သတိကပ်၍ မှန်မှန်ရှူသွင်း၊ ရှူထုတ်သည်။ စိတ်အာရုံကို တတ်နိုင်သမျှ တည်ငြိမ်အောင် ကြိုးစားသည်။

၁၀မိနစ်၊ ၁၅မိနစ်...။ ကျွန်မ၏စိတ်သည် တည်ငြိမ်စွာပြုနေ ပါသည်။ ဒီမှာပင် အနားကပ်ခေါ်လိုက်တဲ့ခေါ်သံတစ်ခုကိုကြားလိုက် ရ၏။

"မမ" ...။ ကောင်းစွာရင်းနှီးနေသော ခေါ်သံ။ "ချောချော" ဆိုတဲ့ ကောင်မလေးရဲ့အသံ။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကုတင် ဘေးမှာ ရပ်နေသော ပါးဖေါင်းဖေါင်းနှင့် ချစ်စရာကောင်မလေး တစ် ယောက်ကို တွေ့လိုက်ရသည်။ ပထမဆုံးအကြိမ်အဖြစ် ချောချောကို တွေ့မြင်ရခြင်း ပင်။

ခပ်လှမ်းလှမ်းကခုံတွေမှာတော့ ကျွန်မရဲ့ညီမလေးနဲ့ကေသီ။ ပြီးတော့ သူနာပြုဆရာမလေး၊ မေမေနဲ့ကိုအောင်ကိုတော့ မတွေ့ရ။ သူတို့သုံးယောက်စလုံးက ကျွန်မဘက်ကိုမျက်နှာမူ၍ထိုင်ပြီး ခပ်တိုး တိုး စကားတွေပြောနေကြ၏။ ကျွန်မအနားက ချောချောကိုတော့ သူတို့မြင်ပုံမပေါ်။ ပန်းရောင်ဝမ်းဆက်နဲ့အမျိုးသမီး ကိုလည်း မတွေ့ရပါ။

"ချောချော . . . ဘာလာလုပ်တာလဲ။ မနေ့ညက ဘယ်ပျောက်သွားတာလဲ။"

ကျွန်မ အမေးကိုကြားတော့ ကောင်မလေးမျက်နှာ ညှိုးသွား၏။

"ချောချော...ဘာဖြစ်လို့လဲဟင်...နေမကောင်းဘူးလား"

"မမ . . . သမီးသွားရတော့မယ်။ နောက်တစ်ပတ်ဆို သမီးဒီက သွားရတော့မယ်"

"ဟင် . . . ဘာလဲ၊ ရောဂါပျောက်သွားလို့ ဆေးရုံကဆင်းရ တော့မှာလား"

"မဟုတ်ဘူးမမ၊ သမီးကိုဒီမှာမနေနိုင်းတော့လို့"

"ဘယ်သူကမနေနိုင်းတာလဲကွယ်"

"ဖိုးဖိုးကြီးပေါ့။ သမီးကို နေရာအသစ်ကိုသွားရတော့မယ်တဲ့"

"ဖိုးဖိုးကြီးဆိုတာ ဘယ်သူလဲသမီး၊ သမီးရဲ့အဖိုးလား"

"မဟုတ်ဘူးမမ၊ ဖိုးဖိုးကြီးက သစ်ပင်ကြီးမှာ အိမ်အကြီးကြီး နဲ့နေတာလေ"

ချောချောစကားကြောင့် ကျွန်မအံ့ဩသွားရသလို ခေါင်း လည်း ရှုပ်သွားရသည်။ တိကျတဲ့အဖြေတစ်ခုကို ထုတ်ချင်သော်လည်း ကိုယ်တိုင်မဝံ့မရဲဖြစ်နေမိသည်။ ချောချောက ကျွန်မကိုသေသေချာ ချာစိုက် ကြည့်၍ မမကာသိပ်ကံထူးတာပဲ။ ဒီလိုအရောင်တွေထွက်နေတဲ့ မျက်လုံးတွေကအားလုံးကိုမြင်ရတယ်တဲ့...ဟုပြော၏။

"ဘာ...ဘယ်လို၊ အရောင်တွေထွက်နေတဲ့မျက်လုံးဟုတ်လား။ ချောချော"

ကျွန်မအတွက်ပဟေဠိတွေက တိုးသထက်တိုး လို့သာများ လာခဲ့သည်။

"ဒါနဲ့ကွယ် . . . ချောချောကိုတစ်ခုမေးကြည့်ချင်တယ်။ သိများ သိမလားလို့၊မမပတ်တီး ဖြည်တုန်းက ပန်းရောင်ဝမ်းဆက် နဲ့မိန်းမတစ် ယောက် ကိုတွေ့လိုက်ရတယ်။ သူ့ကိုသမီးသိလား ဟင်။"

မသေချာတဲ့မေးခွန်းကိုအဖြေတစ်ခုခုများထွက်မလားလို့ မျှော် လင့်ချက်တစ်ဝက်နဲ့မေးလိုက်ခြင်း ဖြစ်၏။

"သိတာပေါ့မမ၊သူနဲ့သမီးက ဘဝတူတွေပဲ။ သူကဟို ကိုကိုကြီးနဲ့ ပတ်သက်တယ်လေ"

"ဟင်...ဘယ်ကကိုကိုကြီးလည်းကွဲ့။"

"မမအနားကိုလာလာကြည့်နေတဲ့ကိုကိုကြီးပေါ့။ မမလက် ကို ကိုင်ပြီး စကားတွေ ပြောတဲ့ကိုကိုကြီးလေ"

ကျွန်မသိလိုက်ပြီ။ကျွန်မချစ်သူကိုအောင့်ကို ပြောနေတာပဲ။

"ဩော်..ဟုတ်ပါပြီ။ သူတို့ဘယ်လိုပတ်သက်နေတာလဲ ဟင်။"

"သမီးရည်းစားတွေမမရဲ့.."

"ဟင်"

ကျွန်မရင်ထဲထိတ်ကနဲဖြစ်သွား၏။ ကိုအောင်က ကျွန်မထက် အသက်ငါးနှစ်ကြီးသည်။ ကိုအောင် နဲ့ကျွန်မချစ်သူဘဝ ရောက်သည် မှာတစ်နှစ်ပင်မပြည့်သေး။ ကျွန်မ မတိုင်မီက ဇာတ်လမ်း တွေကို ကျွန်မမသိခဲ့။ မေးလည်းမမေးမိပါ။ အတိတ်ထက် အနာဂါတ် လမ်းခရီးကို ဖြောင့်ဖြူးသာယာချင်တာကျွန်မဆန္ဒပါ။

"နေပါဦးချောချော သူတို့ကတကယ်ပဲ။ချစ်သူတွေလားဟင်"

"ဟုတ်တယ်မမ၊ဒါပေမယ့်ကံမကောင်းကြပါဘူး။ကံဆိုးစွာနဲ့ လမ်းခွဲလိုက်ကြရတယ်။ ဒီအစ်မကြီးကို ကားတစ်စီးကတိုက်လို့ သေပြီး ဘဝခြားကုန်ကြတာလေ။"

"ဘာ . . ဒါ . ဒါဆို . . ဒီမိန်းမက မကျွတ်မလွတ်တဲ့ ဘဝပေါ့ . . . ဟုတ်လား ချောချော"

"ဟုတ်တယ်၊သူက ကိုကိုကြီးကိုစွဲလန်းပြီးနေတာလေ..."

"ဘုရား...ဘုရား..."

ကျွန်မတွေ့နေရသောပန်းရောင်ဝမ်းဆင်နှင့် အမျိုးသမီး သည် မကျွတ်မလွတ်သော အစိမ်းသရဲမဖြစ်နေသည်ပဲ။ ကျွန်မအတွေး တစ်ခုက ချက်ချင်းဝင်လာပြန်သည်။ချောချောပြောခဲ့သောစကား တစ်ခွန်း။

"သူကသမီးနဲ့ဘဝတူတွေပဲ" ...တဲ့။

ဒါဆို...ဒါဆိုချောချောကလည်း...။

ကျွန်မဆက်မတွေးရဲတော့ပါ။ ချောချောကကြေကွဲစွာနှင့် ကျွန်မကိုကြည့်ရင်း...

"သမီးသွားတော့မယ်မမ..."

ဟုပြောရင်းလှစ်ကနဲ ပြေးထွက်သွားတော့သည်။ ကျွန်မ သည် စိတ်ရှုပ်ထွေးစွာဖြင့် ဟစ်အော်ပစ်လိုက်ချင်တော့သည်။ သဘာဝ ကို သဘာဝအတိုင်းသာ ရှိစေချင်ပါသည်။ မမြင်အပ် - မမြင်သင့် သော အရာများကို အခုလိုမြင်နေရခြင်းအပေါ် ကျွန်မဝမ်းမသာနိုင်ပါ။ သဘာဝထက် ကျော်လွန်သော အဖြစ်မျိုးကို ကျွန်မအလိုမရှိပါ။ သို့သော် ကံကြမ္မာ၏ လှည့်စားမှုကြောင့် ကျွန်မသည် သဘာဝလွန် အာရုံထူးတွေရရှိခဲ့ပါသည်။ထိုဖြစ်ရပ်များ၏ နောက်ကွယ်၌ မည်သို့ သောလှည့်စားမှု၊ မာယာပရိယာယ များပြည့်နှက်နေမှုကိုတော့ ကျွန်မ မမြင် မတွေ့နိုင်ခဲ့ပါ။

❖❖❖

## အခန်း(၃)

ထိုနေ့ညက ကျွန်မကောင်းစွာမအိပ်စက်နိုင်ခဲ့ပါ။ ဆေးရုံစင်္ကြံတစ်လျှောက်သွားလာနေကြသော ပုံသဏ္ဍာန်အမျိုးမျိုးကို အံ့သြထိတ်လန့်သွေးပျက်ဖွယ်တွေ့ခဲ့ရသည်။ ဘုရားဂုဏ်တော်ကိုးပါးကို တတွတ်တွတ်ရွတ်ဆိုရင်းအားကိုးရာအစစ်ဖြစ်သော မြတ်ဗုဒ္ဓ၏ဂုဏ်တော်ထူးများကို အာရုံပြုနေမိသည်။

ထိုညက ကျွန်မအခန်းထဲကိုမည်သူမျှရောက်မလာ။ သို့တိုင်အောင်ဝရန်းသုန်းကား သွားလာနေသော ပုံရိပ်များ၊ ဟစ်အော် ငိုကြွေးညည်းညူသံများကို ကြားတွေ့နေရတော့တစက်မျှစိတ်မချမ်းသာခဲ့ပါ။ ဒီလိုနဲ့ပဲ တစ်ညတာသည်မနစ်မြို့ဖွယ်ရာအတိဖြင့်ကုန်ဆုံးခဲ့ရပါသည်။

မနက်မိုးလင်း၍မိသားစုကိုစုံလင်စွာတွေ့ရတော့လည်း ကြည်နူးမိလေသည်။ သို့သော် ပန်းရောင်အမျိုးသမီးကိုလည်းတွေ့ရပြန်လေပြီ။ ကျွန်မအနားမှာ လူမရှိသော အချိန်၌ ထိုအမျိုးသမီးမှာအနား ရောက်လာခဲ့သည်။

"ရှင်...ဘယ်သူလဲ၊ ဘာကိစ္စနဲ့ခဏခဏရောက်လာရတာလဲ"

ကျွန်မအသံကမသိမသာတုန်ခါနေလေသလားမသိ။

"အင်း..ကျွန်မက ရှင့်ကိုရှင်းပြချင်လို့လာတာပါ။အခုမှပဲဆန္ဒပြည့်ဝတော့တယ်။ ကျွန်မနာမည်ကပွင့်ဖြူပါ။ ကိုအောင်ရဲ့ချစ်သူပေါ့။လွန်ခဲ့တဲ့သုံးနှစ်ကစပြီး ချစ်သူဘဝနဲ့အပျော် ကြီးပျော်ခဲ့ကြပါတယ်။ ဒါပေမယ့်ကိုအောင်ဟာ သစ္စာရှိသူတစ်ယောက်မဟုတ်ခဲ့ဘူး။ ကျွန်မက ချစ်သလောက်သူက အပျော်သဘောထားခဲ့တယ်လေ။ ဘဝတစ်ခုလုံးပုံအပ်ပြီးချိန်က စပြီး သူဟာပြောင်းလဲလာခဲ့တယ်။"

သူမ၏စကားကိုနားထောင်ရင်းကျွန်မအသက် ရှုကြပ်လာခဲ့သည်။ ကျွန်မအသက်တမျှ ချစ်ရသောကိုအောင်ကို သစ္စာမဲ့သူလူယုတ်မာ တစ်ယောက်အဖြစ် ဘယ်လိုမှမမြင်နိုင်။ မခံစားနိုင်ပါ။ ပွင့်ဖြူကဆက် ရှင်းပြ၏။

"ကျွန်မကွယ်ရာ မှာခြေရှုပ်ခဲ့တယ်လေ။ ဒါကိုသက်သေနဲ့ပြနိုင်ခဲ့တော့ သူအရမ်းထိတ်လန့်သွားတယ်။ ကံဆိုးချင်တော့ ကျွန်မမှာကိုယ်ဝန်နှစ်လလွယ်ထားရပြီလေ။ ကျွန်မကို လက်ထပ်ဖို့ပြောတော့ ကိုအောင်က ခါးခါးသီးသီးငြင်းတယ်။ သူ့ရင်သွေးမဟုတ်ဘူးဆိုပြီး မဟုတ်မဟတ်တွေလဲစွပ်စွဲတယ်။ အဆိုးရွားဆုံးက မကြံသင့်တာကြံခဲ့တာပဲ။ ကျွန်မကိုကားနဲ့ တိုက်သတ်ခဲ့တဲ့တရားခံဟာ တကယ်တော့ ကိုအောင်ပါပဲ..."

"ဘုရား...ဘုရား.."

ကျွန်မပြောတာ တကယ်ပါရှင်။ကျိန်ဝံ့ပါတယ်။ လက်သည်မပေါ်တဲ့တရားခံဟာ ကိုအောင်ပါပဲ။ကျွန်မသေခဲ့တာတောင် စွဲလမ်းနာကြည်းစိတ်ကြောင့် အခုလိုဘဝကို ရောက်ခဲ့ရတာပါ။ ဒါတွေကိုရှင်သိအောင် ပြောချင်လွန်းလို့ပါ။ မိန်းမသားချင်းစာနာစိတ်နဲ့ မမှားသင့်တာမမှားရအောင်သတိပေးချင်လို့ အခုလိုကြိုးစားရတာပါ။

ပွင့်ဖြူဆိုသောအမျိုးသမီးထွက်သွားသည့်တိုင်အောင် ကျွန်မမှာတော့နာကြည်းစိတ်၊ ယူကျုံးမရစိတ်၊ ကြေကွဲစိတ်၊ ဒေါသ စိတ်များဖြင့် ပူလောင်စွာကျန်ရစ်ခဲ့ပါတော့သည်။

ထိုအကြောင်းအရာများကို ကိုအောင့်ကိုပြောပြတော့ အကြောက်အကန်ငြင်းပါသည်။

"မဟုတ်ဘူးသဇ္ဇာ...မဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။အဓိပ္ပါယ်မဲ့တဲ့အကြောင်းတရားတွေကို စွဲလန်းမနေပါနဲ့ ကိုယ့်ကို ယုံပါ။"

"ယုံချင်ပါတယ်။ ယုံလည်းယုံခဲ့တာပဲ။ ဒါပေမယ့် အခုတော့ အမှန်တရားကိုတွေ့ခဲ့ပါပြီ။ ကိုအောင့်ကို ပြောစရာတစ်ခုပဲရှိပါတယ်၊ ကျွန်မဆီဘယ်တော့မှမလာပါနဲ့ ကိုအောင်သွားရမယ့် နေရာကတစ်ခုထဲပါ။ အဲဒါကတော့ရဲစခန်းပါပဲ ...။ ပွင့်ဖြူကိုသတ်တဲ့ တရားခံပါ ဆိုပြီး အဖမ်းခံဖို့ပဲ။ ဒါဟာစီရင်ချက်ချတာပဲ။ ကျွန်မချတာမဟုတ်ဘူး။ အမှောင်ကမ္ဘာကချတဲ့ စီရင်ချက်ပါ ကိုအောင် .."

ကိုအောင်တစ်ယောက် ခေါင်းငိုက်စိုက်ဖြင့် တစ်လှမ်းချင်း ထွက်ခွာသွားပါတော့သည်။ "လင်ကောင်မှား တစ်သက်" ဆိုတဲ့စကား အတိုင်း ကျွန်မဘဝတစ်လျှောက်လုံးမှာ အမည်းစက်မထင်ဖို့၊ မှန်ကန် သောရွေးချယ်မှုဖြစ်စေဖို့အတွက် အမှောင်ကမ္ဘာမှ သင်ခန်းစာ တွေရရှိခဲ့ပါသည်။

အခုတော့ကျွန်မအသိမှာ အတွေ့အကြုံတစ်ခု ကောင်းစွာရခဲ့ပါပြီ။ လောကကြီးကို ဘယ်လိုမျက်လုံးတွေနဲ့ပဲကြည့်ကြည့်၊ ကြည့်တတ်တဲ့ မျက်လုံးများဟာ အကြည့်ခံရသူထက် ပိုအရေးကြီးတယ်ဆိုတာပါပဲ။

ဒီအတွက် ကျွန်မဆုတောင်းမိပါသည်။ လူတိုင်းဟာလောကကြီးကိုကောင်းသော မျက်လုံးများနှင့်မြင်တတ်၊ ကြည့်တတ်ကြပါစေ ဟု..။ ။

(ဝသုန်ဟိန်းထက်)

❖❖❖

# ၉။ အသက်ဝင်လာသော ဘီလူး

## ဝသုန်းဟိန်းထက်

## ၉။အသက်ဝင်လာသောဘီလူး

"ချက်...ချက်...ချက်..."

တိုင်ကပ်နာရီမှစည်းချက်ကျကျထွက်ပေါ်နေသောအသံကို ပီပီသသကြားနေရသည် အထိ ညကတိတ်ဆိတ်လွန်းလျှက်။ လပြည့်ကျော်သုံးရက်သာရှိသး၍ လရောင်ချိုက ဖြာကျနေဆဲ။

"ဒေါင်...ဒေါင်..."

သံချောင်းခါက်သံနစ်ချက် ထွက်ပေါ်လာသည် အထိ "ဦးဘမောင်" တစ်ယောက်အိပ်မပျော်သေး။ နံဘေးမှာတော့ ဇနီးဖြစ်သူ "ဒေါ်တင်တင်ကြီး" က နစ်ခြိုက်စွာအိပ်မောကျနေပါသည်။ သားသမီးသုံးယောက်က အောက်ထပ်မှာအိပ်ကြသည်။

တကယ်တော့ ဤကေလာသစ်အိမ်ကြီးကိုပြောင်းလာသည်မှာ နစ်ရက်သာရှိ သေးသည်။ အငြိမ်းစားဝန်ထောက်ဦးဘမောင်သည် ဤအိမ်ကြီးနှင့် ခြံကြီးကိုစိုက်ပျိုးရေး လုပ်ရန်မျက်စိကျပြီး ဝယ်ဖြစ်ခဲ့သည်။ဇနီးဖြစ်သူကငွေတိုးချေးစားခဲ့သည်။

မျိုးရိုးစဉ်ဆက်ချမ်းသာကြွယ်ဝသူတွေလည်းဖြစ်၊ ဝန် ထောက်ဘဝမှာစုဆောင်းမိတာတွေလည်းရှိတော့ အခုလို အငြိမ်း စားဘဝမှာ ဤလိုနေရာမျိုးကအသင့်လျော်ဆုံးပင်။ စိုက်ပျိုးရေး သာမက တစ်နိုင်တစ်ပိုင်မွေးမြူရေးလည်းလုပ်နိုင်မည်ဖြစ်သည်။

ထို့ပြင်မိမိဝါသနာပါသော စာရေးဆရာအလုပ်နှင့်ပန်းချီ ဆရာအလုပ်ကိုလည်းစိတ်ချမ်းသာစွာပြုလုပ်နိုင်မည့်နေရာဖြစ်၍ ဤနေရာကိုရွေးချယ်ခဲ့ခြင်းဖြစ်၏။ သို့သော်ပထမ တစ်ရက်မှာပင် အံ့ဩစရာ တစ်ချို့

ကိုတွေ့ခဲ့ရသည်။မသေချာတာကတစ်ကြောင်း၊ အိမ်သားတွေ ထိတ်လန့်မှာကို မလိုလားတာကတစ်ကြောင်းကြောင့် ဘယ်သူ့ကိုမှ တော့ထုတ်မပြောဖြစ်ခဲ့။

ယခု ဒုတိယညကိုရောက်ပြီ။နှစ်နာရီလည်းထိုးပြီ။ အခုထိ တော့ မည်သည့်ထူးခြားမှုမှ မကြုံရသေး။

"အူး...ဝူး...ဝူး..."

ဆွဲဆွဲငင်ငင်ထွက်ပေါ်လာသောခွေးအူသံ...။

ဦးဘမောင်ကနားစွင့်နေရင်းမှကျိန်ဆဲနေမိသည်။

"တောက်...ဒီခွေးစုတ်တွေက တမျောင့်။"

ခွေးအူသံတွေက ဆက်တိုက်ဆိုသလို ထွက်ပေါ်နေပြန် သည်။ တစ်ချက်တစ်ချက်တွင် "ဂီး...ဂစ်"ဟုအော်မည်ပျံသွားသော ငှက်ဆိုးထိုးသံကိုလည်းကြားနေ၏။

ထိုစဉ်မှာပင် အိမ်မျက်နှာချက်မှ လှုပ်ရှားလာသော အရာတစ်ခု။ မည်းမည်းသဏ္ဍာန်ကြီးတစ်ခု...။ ဘာမှန်းတော့အတိအကျမသိ။ အလင်းရောင်ကလည်း မလုံလောက်၍ မြင်ကွင်းကမပီပြင်။

မနေ့ညကလည်းထိုအရာကိုတွေ့ခဲ့ရပြီးပြီ။ ဦးဘမောင်သည် ထိုသဏ္ဍာန်ကိုစူးစူး စိုက်စိုက် ကြည့်နေမိသည်။ ထိုမည်းမည်းကြီးသည် တဖြည်းဖြည်းနှင့် လူတစ်ရပ်လောက်ရှိသည် ကို တွေ့လိုက်ရသည်။

"ဘုရား...ဘုရား...ဘာကြီးလည်း"

ဦးဘမောင်မှာအသံပင်မထွက်ရဲပဲ ကြက်သေသေနေမိ သည်။ အော်ဟစ်ရန်ပင်သတိမရ။ အာစေးမိသလိုဖြစ်ပြီး ချွေးစေးများက တစ်ကိုယ်လုံးစိုရွှဲနေရပြီ။ လှုပ်ရှားလို့လည်းမရ။

"ဟင်း..ဟင်း..ဟင်း..တောက်.."

ထိုအကောင်ကြီးကခါးထောက်ရပ်ရင်းမှ တောက်တစ်ချက်လည်းခေါက်လိုက် သေးသည်။ မိမိတို့ဇနီးမောင်နှံကိုမကျေမနပ်ဖြင့်ငုံ့ကြည့်နေသော ဇရာမမည်းမည်း အကောင်ကြီးကိုမျက်လုံးအပြူး သားဖြင့်ငေးစိုက်ကြည့်နေမိသည်။

သက်ပြင်းမှုတ်သံကြီးကလည်း သွေးပျက်ဖွယ်။ ၎င်း၏မျက်လုံးအစုံသည် ရဲရဲနီတောက်ပလျှက်။အတန်ကြာ အောင်ငုံ့ကြည့်ပြီးနောက် ထိုအကောင်ကြီးသည်ခြေသံ ပြင်းပြင်းနင်း၍ အိမ်အောက်ထပ်သို့ လှေကားမှဆင်းသွားသည်ကို အတိုင်းသားကြားနေရသည် အံ့ဩစရာ ကောင်းတာက မိမိမှတပါး အခြားမည်သူမျှနိုးသိကြ ဟန်မတူ၊ တဒိုးဒိုး... ခြေသံကျယ်ကြီးကိုလည်းမည်သူမျှကြားကြဟန် မတူ။

"ဘုရား...ဘုရား။ကလေးတွေဆီကိုသွားပြီနဲ့တူတယ်။ကလေးတွေကိုတစ်ခုခုလုပ်ရင် ဒုက္ခ၊ ဒါမှမဟုတ် ကလေးတွေလန့် ဖျတ်သွားရင်ပြဿနာဖြစ်ရချည်ရဲ့။"

ကလေးတွေအတွက်စိတ်ပူစွာဖြင့် လူးလွန့်ထရန်ကြိုးစားသော်လည်းအချည်းနှီးပင်။ တစ်ကိုယ်လုံးလှုပ်ရှားလို့မရ မျက်စိကမြင်နေရသည်။ နားကကြားနေရသည်။ ပါးစပ်က ဟစ်အော်၍မရ၊ ခန္ဓာကိုယ်က လှုပ်လို့မရဘုရားကိုသာအလီလီ အခါခါတရင်း အောက်ထပ်မှ ဘာအသံကြားမလဲလို့ ရင်တထိတ်ထိတ်နား စွင့်နေမိသည်။

သို့သော်မည်သည့်ထူးခြား အသံမှမကြားရ ဆယ်မိနစ်ခန့် အကြာတွင်၊ လှေခါးမှ ပြန်တက်လာသောခြေသံကြီးကို ကြားလိုက်ရပြန်သည်။ "တဒုန်းဒုန်း" မည်သံနှင့်အတူအပေါ် ထပ်သို့တစ်လှမ်းချင်း ဆောင့်နင်း၍တက်လာသော ခြေသံနှင့်အတူ မည်းမည်းအကောင်ကြီးကို တွေ့လိုက်ရပြန်သည်။

အတန်ကြာအောင် လှည့်ပတ်ကြည့်ပြီးနောက် ထိုအကောင်ကြီးသည်။ကျွန်းတိုင်မှ တဆင့်အပေါ်မျက်နှာကျက်သို့ပြန်တက်သွားပါသည်။ လူတွေမျောက် တွေတက်သလို ကုပ်ဆွဲ တက်ချင်းမျိုးမဟုတ် လျှောကနဲအသာလေးတက်သွားချင်းဖြစ်သည်။ ထိုအခါကျမှဦးဘမောင် တစ်ယောက် လှုပ်ရှားလာနိုင်တော့သည်။ ချွေးတွေစို့ရွှဲနေသည့်ကြားမှ ငေါက်ကနဲထထိုင်၍ ဇနီးဖြစ်သူကိုကြည့်မိသည်။ ဇနီးဖြစ်သူကတော့ နစ်ခြိုက်စွာအိပ်ပျော်နေဆဲ။ လက်နှိပ်ဓါတ်မီး ဖြင့် မျက်နှာကျက်ကို ထိုးကြည့်သည်ဘာအပေါက်မှမရှိ၊ မည်သည့်ထူးခြားမှုမျှ မမြင်။

အိမ်မက်လေများလား . . . လို့ထင်ယောင်ထင်မှား ဖြစ်မိသော်လည်း အိမ်မက်မဟုတ်တာ အသေအချာပင် ။ ကေလာသစံအိမ်၏ ဒုတိယညမှာလည်း ချမ်းသာစွာ အိပ်စက်ခွင့် ပျောက်ခဲ့ရပြန်ပြီ။

❖❖❖

တတိယနေ့မှာတော့ ထူးခြားမှုကပို ကြီးထွားလာခဲ့ သည် ဦးဘမောင်တစ်ယောက် မျိုးစေ့များဝယ်ပြီးပြန်ရောက်တော့ မှောင်စပျိုးနေပြီ ထူးခြားတာက အိမ်သူအိမ်သားများ အားလုံးကိုအောက်ထပ်ဧည့်ခန်းတွင်စုပြုံနေကြသည်ကိုတွေ့လိုက်ရသည်။

"ဟင်...ဘာတွေများဝိုင်းဖွဲ့စကားကောင်းနေကြတာလဲ။"

ဦးဘမောင်ရဲ့အမေးကို မည်သူမျှမဖြေကြဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြ၏။ တူညီမှုတစ်ခုက အားလုံး၏မျက်နှာတွင်ကြောက်စိတ်များကထင်ဟပ်နေသည်ကိုတွေ့လိုက်ရသည်။

"ဘာတွေဖြစ်နေကြတာလဲ"

ဇနီးဖြစ်သူက သက်ပြင်းကိုမှုတ်ထုတ်ရင်းအခုလိုဖြေ၏။

"ဟူး . . . ပြောရမှာတော့အတော်ခက်တယ်ရှင်။ ယုံနိုင်စရာတောင်မရှိဘူး။ ညစာအတွက် ချက်ထားတဲ့ဟင်းတွေလည်းကုန်ပြီရှင်"

"ဟေ...ဘယ်သူစားသွားတာလည်းကွ။"

"မသိဘူး . . . ဘာမှမသိတော့ဘူး။ အမဲသားဟင်း တစ်အိုးလုံးကုန်ပြီ။ အိမ်သားတွေ ဘယ်သူမှမစားရသေးတာ အသေအချာပဲ။ ပြီးတော့သောက်ရေအိုးတွေ၊ အိုးခွက်ပန်းကန်တွေ လည်းပစ်ခွဲထားတယ်။ ဒီထက်ကြောက်စရာကောင်းတာက ကိုတင်ဝင်းရဲ့ကျောကုန်း ကြီးကိုကြည့်လိုက်ပါဦး။"

ဒရိုင်ဘာကိုတင်ဝင်းက အင်္ကျီကိုလှန်ပြ၏။ သူ့ကျောကုန်း တွင်လက်ဝါးရာကြီးတစ်ခု နီရဲနေပြီးမီးလောင်ဒဏ်ရာ ကဲ့သို့ဖြစ်နေ သောလက်ဝါးရာကြီးကို ကြည့်ရင်း ဦးဘမောင်တုန်လှုပ်သွားရသည်။

"ဘယ်လိုဖြစ်တာလဲတင်ဝင်း"

"ညကအိမ်မက်ထဲမှာဘီလူးကြီးတစ်ကောင်နဲ့ ပြိုင်ချခဲ့ရတယ်ဆရာ။ ဒီဘီလူးကြီးက ဒီမှာနေတာတဲ့ ကျွန်တော်တို့ကိုဒီကပြောင်းဖို့လာပြောတာ။ အကြောင်းမသိတဲ့ သူစိမ်းတွေမို့ ဒီလောက်သည်းခံနေတာတဲ့။ ကျွန်တော်လည်းပြန်ခံချတာ အခုမြင်ရတဲ့ အတိုင်းပါပဲ ဆရာ"

"နို့..ဒါနဲ့..အခုဘယ်လိုဝေဒနာမျိုးခံစားနေရသလဲကွဲ့"

"ဆိုးဆိုးရွားရွားတော့ မဖြစ်ပါဘူးဆရာ။ စပ်ဖျဉ်းဖျဉ်းနဲ့ ပူပူကြီးဖြစ်နေတာတစ်ခုပဲ""

"ရှိသေးတယ်ကိုဘမောင် ကျွန်မညနေက ဘုရားသောက်တော်ရေကပ်ပြီး ပရိတ်ရွတ်နေတုန်း တောက်ခေါက်သံကြီးကို အနီးကပ်ကြား လိုက်ရတယ်။ ကျွန်မဖြင့်ကြောက်လိုက်တာ လှည့်ကြည့်လိုက်တော့ ဘယ်သူမှမရှိဘူး။ ဒါပေမယ့် အနားမှာ တစ်ယောက်ယောက်ရှိနေသလို လေဟာပ်ခံရသလို ခံစားနေရတယ်။ ဒါနဲ့အပေါ်ကိုလည်း မတက်တော့ဘူး။ ရှင်မပြန်လာခင်အထိ အပေါ်ထပ်မှာ တဒုန်းဒုန်းနဲ့ လျှောက်နေတဲ့ခြေသံ ကြီးကိုကျွန်မတို့အားလုံးကြားနေရတယ်"

ခက်ချေပြီ ဦးဘမောင်တစ်ယောက် စိတ်ရှုပ်ထွေးသွားရ သည်။ အခုတော့လည်း ဘာမှဖုံးကွယ်ထားရန် မလိုတော့။ အရင်ည တွေကသူတွေ့ခဲ့ရသော မည်းမည်းအကောင်ကြီးအကြောင်း ရှင်းပြ လိုက်တော့သည်။

"အမယ်လေးတော်...ဒီလိုဆို မနေရဲဘူး။ ကလေးတွေလည်း ရှိသေးတယ်။ ပြန်ရောင်းမယ်။ ဒီအိမ်မှာ မနေရဲဘူး အမြန်ဆုံးပြန်ရောင်းမယ် ဒါထက်အခုညက ဘယ်မှာအိပ်ကြမတုန်း။ ဒီအတိုင်းဆို ဘယ်သူမှ မအိပ်ဝံ့ကြတော့ဘူး။"

နာရီကြည့်တော့ ညနေ ခြောက်နာရီခွဲပြီ။ အချိန်သိပ်မရှိတော့ဘူး။

"ကဲ... ဒီလိုလုပ်ကြ ။ ဒီညတော့ စမ်းချောင်းကွေ့က ဘုန်းကြီးကျောင်းမှာ သွားအိပ်ကြတော့ အိမ်ကို သော့ခတ်ခဲ့မယ်။ ဒီကိစ္စကိုတော့ ဆရာကောင်းသမားကောင်းနဲ့ရှာပြီး လုပ်ကြမှ ဖြစ်မယ်။"

ထိုညက တစ်အိမ်လုံး ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့သွားကြရတော့သည်။ အိမ်ကြီး၏ ရာဇဝင်စုံစမ်းကြည့်တော့လည်း အထွေအထူးမရှိ ခဲ့ ဘာအသံမှ မကြားခဲ့ရ။ ပတ်ဝန်းကျင်မှာ စုံစမ်းတော့လည်း ဘာအသံမှမကြားရ။

မိုးလင်းတော့ရပ်ကွက်ထဲက လူကြီးတွေနဲ့တိုင်ပင်ပြီး "ကိုသုည" ကိုသွားရောက်အကူအညီတောင်းကြရသည်။ ကိုသုညသည်အသက်သုံးဆယ်စွန်းစွန်းသာရှိသေးသော လူငယ်ဖြစ်၏။ သို့သော် သူ၏သမထ စရဏအစွမ်းက လျှော့တွက်၍မရ။ တောတောင် ဘုရားအဆူဆူမှာ အဓိဋ္ဌာန် အလီလီဝင်ရင်း စရဏစွမ်းအားတွေ ဖြည့်ကျင့်နေသူဖြစ်၏။

ကိုသုညကတော့ ထိုကိစ္စကို အသေအချာစုံစမ်းပြီး တတ်စွမ်းသမျှအကူအညီပေးပါမည်ဟု ကတိပေး၏။ နံနက်ကိုးနာရီတွင် အရောက်လာခဲ့မည်ဟု ပြောလိုက်၏။

မနက် ၉ – နာရီအတိ။

ကိုသုညသည် သာသနာပွဲကို အမွေးနံ့သာများ ပတ်ဖြန်း၍ ဘုရားစင်၌ ကပ်လှူပူဇော်လိုက်၏။ ဖယောင်းတိုင်ကြီးကိုးတိုင် အမွှေးနံ့သာတိုင် ကိုးတိုင်ကိုလည်း ထွန်းညှိပူဇော်လိုက်၏။ ထို့နောက် ကြွေပန်းကန်ပြား တစ်ချပ်တောင်း၍ ၎င်းလွယ်အိတ်ထဲမှ ရွှေရောင်ဖယောင်းတိုင်ကြီးတစ် တိုင်ထုတ်ယူလိုက်၏။ နှစ်လက်မပတ်လည်ခန့်ရှိသော အင်းပြားတစ်ချပ် ကိုထုတ်၍ ပါးစပ်အနားကပ်ကာ တတွတ်တွတ်နှင့် မန်းမှုတ်နေပြန်သည်။

ကိုသုညလုပ်ကိုင်နေသမျှကို ဦးဘမောင်နှင့် အိမ်သားများ သာမကရွာမှလူတစ်ချို့ပါစိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုနေကြသည်။ မန်းမှုတ်ပြီးသော ၎င်းအင်းချပ်ပေါ်တွင် ရွှေရောင်ဖယောင်း တိုင်ကြီးကို မီးထွန်းညှိလိုက်၏။ စက္ကူဖြင့်ထုတ်ထားသောအဝါရောင် ဆေးမှုန့်တချို့ကို လည်း ဖယောင်းတိုင်ပတ်လည်၌ ဖြူးချနေသည်ကို တွေ့ရ၏။ ထို့နောက် "ကဲ ...ဦးဘမြင့်နဲ့ အိမ်သားတွေအားလုံးနား ထောင်ပါ။ ကျုပ်အခု ပုတီးစိပ်မယ်။ အဖြေတစ်ခုသိချင် လို့စိပ်တာ။ ဒီအတောအတွင်းမှာ ခင်ဗျားတို့အားလုံး ဒီဘုရားအခန်းအထဲမှာပဲ နေရ မယ်။ အပြင်ကို ခြေတစ်လှမ်းမှမထွက်ပါနဲ့။ ဒီအခန်းကို ကျုပ်က စည်း သုံးတန်ချထားတယ်။ အဝင်အထွက် မရှိစေရဘူး။ ဘာမှ စိတ်မပူကြနဲ့။ ဘာမှလည်း မကြောက်ကြနဲ့။ ဒီအခန်းမှာပဲနေ အမွှေးတိုင်တော့ မပြတ်စေနဲ့။" ... ဟုဆို၏။

ထို့နောက်တွင်တော့ ကိုသုညသည် ဘုရားရှိခိုးပြီးနောက် မျက်စိ စုံမှိတ်ကာပုတီးကို တဂျောက် ဂျောက်နှင့်စိပ်လေတော့၏။ အမွှေးတိုင် ရနံ့များဟာ တခန်းလုံး သင်းပျံ့ထုံလွှမ်းနေတော့သည်။

ဆယ်မိနစ်ခန့်အကြာတွင် အမိုးပေါ်မှ "တဒုန်းဒုန်းတဒိုင်းဒိုင်း အသံများကြားလာရ၏။ ထိုမျှသာမက "တဟင်း...ဟင်း.." ညည်းသံကြီးကိုပါအားလုံးကြားလိုက်ကြရသည်။ တောက်ခေါက်သံကြီးထွက်ပေါ်လာချိန်မှာတော့ အားလုံး နေစရာပင်မရှိတော့။ ကိုသုညအနားအတင်းတိုးကပ်၍ တစ်ယောက်နှင့်တစ်ယောက် အသားချင်းထိထားမိကြ တော့သည်။

ကိုသုညကား ပုတီးကိုသာ အာရုံမပျက်စိပ်နေပါသည်။ ဆူဆူညံညံအသံများက ပိုကြမ်းလာ၏ "ဝုန်း...ဒိုင်း" အသံများက အခုပဲ အိမ်ကြီးပြိုတော့မလိုလို ...။

ထိုစဉ်ကိုသုညသည် ပုတီးစိပ်ခြင်းရပ်၍မျက်လုံးပွင့်လာခဲ့သည်။ ထို့နောက် အောင်မြင်သောအသံဖြင့် "အသင် . . . ဒေဝယက္ခ၊ ဤအိမ်ခြံသည် သင့်နေရာမဟုတ်၊ သင်နှင့်မအပ်စပ်၊ ဤအိမ်သားများကိုလည်း မည်သည့် ပယောဂနှင့်မျှ နှောင့်ယှက်ခွင့်မပြု စတုမဟာရာဇနတ်မင်းကြီး လေးပါးသို့လည်း သစ္စာပြု၍ သင်၏ ဘုံဌာနအတွက်တောင်းခံပေးပြီးဖြစ်၍ ယခုပင်လျှင် ဤအိမ်၊ ဤခြံဝန်းမှ အမြန်ဖယ်ခွာရမည်။ ငါ၏ အမိန့်မဟုတ် အထက်ထွက်ရပ်ပေါက် ဆရာတော် ဘုရားများအမိန့်..." ဟု ကြွေးကျော် အမိန့်ပြန်လိုက်တော့၏။

အမိန့်ပြန်သံ အဆုံးမှာတော့ "ဝုန်း" ကနဲအသံကြီးနှင့်အတူ မီးခိုးလုံးကြီးတစ်လုံးက "ဝေါ"ကနဲ ခြံအပြင်သို့ ရွေ့လျားထွက်ခွာပျောက်ကွယ်သွားတော့၏။

"ကဲ . . . ဦးဘမြင့် ကျွန်တော်ပြောပြမယ် ဒီအိမ်ဝယ်တော့ပြောင်းမလာခင် လက်သမားတွေခေါ်ပြီး ပြုပြင်သေးတယ် မဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့ ..အကြီးအကျယ်ပြင်တာတော့မဟုတ်ပါဘူ မျက်နှာကျက်တွေ ကွာကျနေတာကို ပြန်ရိုက်ခိုင်းတယ် ဆွေးနေ တဲ့ ဆင့် တန်းတချို့ကို ပြန်လဲတယ် ဒီလောက်ပါပဲ ဆရာလေး"

"အင်း . . .ဟုတ်ပြီ။ ဒီတုန်းက လက်သမားအဖွဲ့ထဲမှာပါတဲ့ အသားဖြူဖြူ နှာတံပေါ် ပေါ် လူငယ် တစ်ယောက်ဟာ ပန်းပုပညာလည်း ဝါသနာပါတော့ ဘာရယ်တော့ မဟုတ်ဘူး။ အပြင်းပြေသဘောနဲ့ အပေါ်မှာဘီလူး ရုပ်လေးတစ်ရုပ်ထုလုပ်ခဲ့တယ်။ သူမသိလိုက်တာက ဒီအချိန်မှာဘီလူး နက္ခတ်နဲ့စန်းယှဉ်ပြီး ဘီလူးရုပ်က အသက်ဝင်သွား တာပါပဲ။ ခမျာပေါ့တီးပေါ့ဆနဲ့ ဘာမှမသိပဲ အရုပ်ကို မျက်နှာကျက် ပေါ်မှာထားခဲ့မိတယ် ဒီကောင်ကြီးက ညဘက်မှာ သောင်းကျန်းတော့ တာပါပဲ အခုတော့ရှင်းသွားပါပြီ။ သူ့နေရာမှန်ကို သူရောက်သွားပြီ။ နောက်ထပ်ဘာအနှောင့် အယှက်မှမရှိတော့ဘူး။ အဲ . . . တစ်ခု တော့ရှိတယ် ။ ဒီအရုပ်ကို အပေါ်မှာ တက်ရှာပြီး မီးရှို့ဖျက်ဆီးလိုက်ပါ။ ခင်ဗျားတို့မိသားစုလည်း စိတ်အေးချမ်း သာစွာနဲ့ နေလို့ရပါပြီဗျာ . . .။"

"ကျေးဇူးကြီးပါပေတယ်..ကိုသုညရယ်"

အမှုမဲ့ အမှတ်မဲ့ပြုလိုက်သော ကိစ္စလေးတစ်ခုက မထင်မှတ် လောက်အောင် အနှောင့်အယှက်ကြီးဖြစ်ခဲ့ရသည်ကို မကြုံဖူးလျှင် ယုံနိုင် ဖွယ်မမြင်။

ဦးဘမြင့်တို့အတွက်ကတော့ ကေလာသစံအိမ်မှ အသက်ဝင်လာသော ဘီလူးဖြစ်ရပ်ကို ကိုယ်တွေ့နှင့်ယှဉ်၍ အံ့သြစွဲတင်ဖွယ်ဖြစ်ရပ်ဆန်းတစ်ခုအဖြစ် အမြဲအမှတ်ရနေတော့မည်မှာ အသေအချာပင်ဖြစ်ပါ တော့၏သတည်း။

(ဝသုတ်ဟိန်းထက်)

✣ ✣ ✣

# ၁၀။ သစ်ကိုင်းပေါ်ကလူနီးကြီး

ဝသုန်ဟိန်းထက်

## ၁၀။ ဘန်ကိုင်းပေါ်က လူနီကြီး

ပရလောကနှင့် ပတ်သက်၍ စိတ်ဝင်တစားလေ့လာနေသော ကျွန်ုပ်အား မိခင်ဖြစ်သူက ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပြခဲ့ပါသည်။ ဖြစ်ရပ်မှန်ဖြစ်၍လည်း ကျွန်ုပ်မှာ မိခင်ပြောပြသမျှကို စိတ်ဝင်တစားနား ထောင်မှတ်သားခဲ့ရပါသည်။

ကျွန်ုပ်၏ ဖခင်မှာ သတ္တုတွင်းအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်ရှိ ဟိန္ဒားသတ္တုတွင်းကို ဂျာမန်ပညာရှင်များနှင့် ပူးပေါင်း၍တာဝန်ယူထုတ်လုပ်ခဲ့သူဖြစ်သည်။ ထိုစဉ်က ကျွန်ုပ်၏ အသက်မှာ တစ်နှစ်ကျော်မျှသာရှိသေးသော လူမမည် ကလေးတစ်ဦး သာ ဖြစ်၏။

ကျွန်ုပ်တို့မိသားစုကလေးသည် ထိုသတ္တုတွင်းရှိ ဝန်ထမ်း အိမ် ယာ၌ နေထိုင်ခဲ့ရပေသည်။ ထိုစဉ်က ငှက်ဖျားရောဂါသည် သေမင်းတမန် တော်ပမာကြီးစွာခြောက်လှန့်နေသလိုပြည်တွင်းရောက်သူများကလည်း ထကြွသောင်းကျန်းနေချိန်ဖြစ်၏။ ထို့ကြောင့် စစ်တပ်၏အစောင့် အရှောက်ဖြင့် လုပ်ကိုင်နေထိုင်ခဲ့ရ ကြောင်းသိရ၏။

တစ်ခုသောညနေချမ်းတစ်ခု၌ ကျွန်ုပ်တို့မိသားစုသည် ထမင်း စားသောက်ပြီးကြ၍အိမ်ရှေ့တွင်အေးအေးလူလူ အနားယူနေ ကြချိန်ဖြစ် သည်။ ထိုစဉ်က ကျွန်ုပ်မှာ မိခင်၏ ကိုယ်ပေါ်တွင်သာတိုင်၍ ဆော့ကစား နေကြောင်း မိခင်ကြီးက ပြန်ပြောပြ၍ သိရခြင်းဖြစ်သည်။

ထိုသို့ရှိနေစဉ် ... "ဆရာ ...ဆရာ ... လုပ်ပါဦး ... " ဟု အမော တကောဖြင့် ပြေးလာသော တပည့်တစ်ယောက်ကိုတွေ့၍ ဖခင်ကြီးက

"ဟော့ကောင်တွေ…ဘာဖြစ်လာကြတာလဲ"

ဟုမေးလိုက်၏။

"ဦးမောင်တစ်ယောက် အရက်တွေအရမ်းမူးပြီး သောင်းကျန်းနေတယ်ဆရာ"

"ဓါးရှည်ကိုင်ပြီး မည်းမည်းမြင်ရာ လိုက်ခုတ်နေတယ်ဆရာ… လုပ်ပါအုံး"

"ဟေ…ဘယ်လိုဖြစ်ရတာတုန်းကွာ"

"ဦးမောင်မောင်"

ဆိုသော အင်ဂျင်နီယာမှာ ဖခင်ကြီးနှင့်လွန်စွာမှ ခင်မင်ရင်းနှီးသော သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက် ပညာတတ်တစ်ဦးဖြစ်၏။ အရက်သောက်တတ်သည်မှန်သော်လည်း ယခုကြားရသကဲ့သို့ တစ်ခါမျှမဖြစ်ဘူး။ သူ့ဟာသူ အေးအေးလူလူသာ သောက်စား တတ်သော ဂုဏ်သိက္ခာရှိလူတစ်ဦးသာဖြစ်၍ ကြားရသောစကားကြောင့် အံ့ဩသွားရသည်။

"ပြောစမ်းပါအုံးကွာ…ဘယ်ကဘယ်လိုဖြစ်ရတာတုန်း"

"မသိပါဘူးဆရာရယ်…အိမ်အပေါ်ထပ်ဝရန်တာမှာ သူ့ဟာသူတစ်ယောက်တည်း အရက်ထိုင်သောက်နေတယ်ဆရာ၊ ခဏကြာတော့ ကိုစိုးဝင်းနဲ့ ကျော်ထူးတို့နှစ်ယောက်က အမြည်းတစ် ထုပ်ဆွဲပြီးအတူအရက်သောက်ဖို့ဆိုပြီးတက်သွားကြတယ်။ သူတို့သုံးယောက် စကားတပြောပြောနဲ့ အတူထိုင်သောက်နေရာက ဖြုန်းဆို ရုတ်တရက်ထပြီး ဦးမောင်က ဖေါက်တော့တာပဲဆရာ"

"ဘယ်လိုဖေါက်တာလဲကွာ"

"ဒေါသတကြီးအော်ဟစ်ပြီး ဓါးယူပြီး လိုက်ခုတ်တော့တာပဲ"

"စိုးဝင်း တို့ကိုထိသွားသေးလား"

"မထိဘူးဆရာ...သူတို့လည်း အသက်လုပြီး ဆင်းပြေးခဲ့ကြသာပေါ့"

"ဒါဆို အိမ်ပေါ်မှာ မောင်မောင်တစ်ယောက်တည်းပေါ့"

"ဟုတ်တယ်ဆရာ .. ဦးမောင် တစ်ယောက်တည်း ပွဲကြမ်း လေရဲ့ မှန်တွေလည်းကွဲကုန်ပြီ"

"ကဲ...လာလေ၊ ငါလိုက်သွားမယ်"

ဖခင်ဖြစ်သူမှာသူငယ်ချင်းကို ထိန်းရမည့်တာဝန်ရှိသဖြင့် ချ ချင်းပင် ထလိုက်သွားပါတော့သည်။ မောင်မောင်တို့အိမ်ရောက်တော့ အပြင်ဘက်၌ လူများဝိုင်းအုံကြည့်နေကြသည်ကိုတွေ့ရ၏။

"ဟော့...ဘယ်မှာလဲ၊ မောင်မောင်ဘယ်မှာလဲ"

"အပေါ်ထပ်မှာရှိတယ်ဆရာ၊ ဆရာမသွားနဲ့၊ ဒီလူကြီး စိဝ ဖောက်ပြန်သွားလားမသိဘူး။ ဘယ်သူမှပြောလို့ တားလို့မရဘူး။ ဒေါသ အရမ်းကြီးနေတယ်၊ လျှောက်ခုတ်နေတယ်"

မောင်မောင်တို့အိမ်မှာ နှစ်ထပ်ပျဉ်ထောင် အိမ်ဖြစ်ပြီး အပေ ထပ်တွင် သူတစ်ယောက်တည်းနေထိုင်ခြင်းဖြစ်၏။

"ဝုန်း...ဒိုင်း...ချွမ်း ခလွမ်း..."

ဟူသော မှန်ကွဲသံများ၊ ပြိုလဲသံများကိုလည်းကြားနေရ၏။

"နေပါဦး...စိုးဝင်းနဲ့ကျော်ထူးကောရှိလား၊ ဘယ်မှာလဲ"

ဖခင်ဖြစ်သူက အော်မေးလိုက်တော့ လူအုပ်ကြားထဲမှ စိုးဝင်း နဲ့ ကျော်ထူးမှာထွက်လာကြသည်။

"အေးဟုတ်ပြီ . . .လာစမ်းပါဦးစိုးဝင်း၊ မင်းတို့ဘယ်လိုဖြစ်ကြတာလဲ"

ကျွန်တော်လည်းမပြောတတ်ဘူးဆရာ၊ ကျွန်တော်တို့ သောက်နေတာ ငါးမိနစ်လောက်ပဲရှိဦးမယ်၊ ဗြုန်းစားကြီး ထသောင်းကျန်းတာ ဆရာ၊ ဘာဖြစ်လို့ ဖြစ်မှန်းတောင်မသိပါဘူးဆရာ"

စိုးဝင်းက မျက်နှာငယ်ငယ်လေးဖြင့် ဖြေရှာသည်။ ကျော်ထူးကလည်း...

"ဟုတ်တယ်ဆရာ...အံ့ဩစရာကြီး၊ အရင်ကလည်း ဦးမောင် နဲ့ အတူသောက်နေကြပါတယ်ဆရာ၊ ဒီလိုမျိုးတစ်ခါမှ မဖြစ်ဖူးပါဘူး၊ ဦးမောင်က ဂုဏ်သိက္ခာရှိ လူကြီးလူကောင်းပါ၊ သွေးလည်းမဆိုးပါဘူး"

"မင်းတို့ပြောတဲ့အထဲမှာ စိတ်ဆိုးစရာတွေ ပါသွားလို့နေမှာပေါ့ကွာ"

"မဟုတ်ဘူးဆရာ . . .ဒါတော့ ရဲရဲပြောရဲတယ်၊ ဘာစကားအမှားမှမပါပါဘူး"

"တဆိတ်ရှင်းအောင် ပြောပြပါအုံးကွာ...ဘယ်လိုစဖြစ်တာလဲ"

"ကျွန်တော်တို့က အမဲအူသုပ်လေးဝယ်လာလို့ ဦးမောင်နဲ့ အရက် အတူ သောက်ဖို့သွားတာပါ၊ ကျွန်တော်တို့ ရောက်သွားတော့ ဦးမောင်ကဝရန် တာမှာထိုင်ပြီး အရက်သောက်နေတယ်၊ သောက်တာကလည်း တစ်ခွက် တောင်မကုန်သေးဘူး . . .ဘာမှမမူးသေးပါဘူး၊ ဒါပေ

မယ့် ကျွန်တော်သတိထားမိတာက ဦးမောင်က တစ်ချက်တစ်ချက်မှ အိမ်ရှေ့ကပိန္နဲပင်ကြီးကို စူးစူးစိုက်စိုက် လှမ်းကြည့်နေတာပဲ ဆရာ ကျွန်တော်တောင်လိုက်ကြည့်သေးတယ်၊ ဘာမှမရှိပါဘူး"

"အဲဒီနောက် ဘာဆက်ဖြစ်သေးလဲ"

"ဒီနောက် ကျွန်တော်တို့ အရက်စသောက်ကြတယ်ဆရာ။ ရီရီ မောမောပြောကြဆိုကြရင်းနဲ့ သောက်ကြတာပါ။ ရုတ်တရက်ကြီး ဆိုသလို ဦးမောင်က ဝုန်းကနဲထရပ်လိုက်တယ်၊ မျက်နှာကြီးကလည်း ချက်ချင်း နီရဲပြီးဒေါသထွက်နေပုံပဲဆရာ။ ပြီးတော့ပိန္နဲပင်ကြီးကို လက်ညှိုးထိုးပြီး "ခွေးမသား...လာခဲ့စမ်း...မင်းကသေ ချင်နေတာလား၊ ဩော် . . .သိပ်သတ္တိ ရှိနေတယ်ပေါ့လေ။ လာပါ . . .လာပါ . . .ငါကသွေး မကြောင်ဘူး . . .ဟုတ်ပြီ ဆင်းလာခဲ့ . . . ဆင်းလာခဲ့ . . ." ဆိုပြီးပြောလို့ ကျွန်တော်တို့လည်း ကြောင်တောင်တောင်ဖြစ်ပြီး သူလက်ညှိုးညွှန် ရာလိုက်ကြည့်တော့ ဘာမှမတွေ့ဘူး၊ ဘာအမိပ္ပာယ်နဲ့ ပြောရမှန်းမသိဘူး၊ ဒီနောက်တော့ ဦးမောင်က အိမ်ထဲပြေးဝင်ပြီး ဓါးရှည်ဆွဲပြီး လိုက်ခုတ် တော့တာပဲဆရာ"

"မင်းတို့ကိုခုတ်တာလား"

"မဟုတ်ပါဘူးဆရာ . . .ကျွန်တော်အံ့ဩနေတာလည်းအဲ့ဒါပဲ။ သူကလေထဲကို ခုတ်နေတာပါ၊ ဘာမှလည်း မရှိပါဘူး။ နောက်တော့ စားပွဲတွေ၊ ခုံတွေကိုပတ်ချာလည်လှည့်ပြီးခုတ်တော့ ကျွန်တော်တို့လည်း ဆင်းပြေးကြရတော့တာပေါ့ဆရာ . . ."

သူတို့နှစ်ယောက်အမှန်တိုင်း ပြောတာကိုတော့ သူတို့ မျက်နှာတွေက သက်သေခံနေပါသည်။ ဖခင်ဖြစ်သူသည် အထွေအထူး မစဉ်းစားတော့ပဲ အိမ်ပေါ်တက်ရန်ပြင်၏။ ထို့ကြောင့်ဒေသခံများက စိုးရိမ်ကာ ဝိုင်းတားကြသော်လည်း လက်မခံသည့်အဆုံး သတ္တိကောင်းသော ဒေသခံ နှစ်ယောက် ဖခင်နောက်မှ ကတ်လိုက်လာခဲ့ကြသည်။

"မောင်မောင်...ဟေ့ကောင်...ဘယ်လိုဖြစ်တာလဲ...သတိထားဦးမှပေါ့"

ကျွန်ုပ်၏ ဖခင်ကိုမြင်တော့ ဦးမောင်မောင်က မျက်လုံးပြူးကြည့်နေပါသည်။ သူ့ပုံစံက အမှူးသမားတစ်ယောက်ထက် အရူးတစ်ယောက် နှင့်ပိုတူနေပါသည်။ ဆံပင်တွေက ဖွာလန်ကြဲပြီး အဝတ်အစားများကပါ စုတ်ပြဲ ထွက်နေသည်။

မှုမမှန်သောမျက်လုံးများဖြင့် စိုက်ကြည့်ပြီးမှာတော့ ဗလုံးဗထွေးအသံများဖြင့် ရေရွတ်ရင်းအိမ်ပေါ်တက်လာသူတွေကိုပါ ဓားနှင့်ခုတ်ရန် ဟန်ပြင်တော့သည်။ ကျွန်ုပ်၏ဖခင်ကြီးလည်းလက်လျှော့၍ ဆင်းပြေးလာခဲ့ရပါတော့သည်။

"သွားပြီ...ဒီကောင်လွတ်နေပြီ...ထားလိုက် သူ့တစ်ယောက်တည်းထားထားလိုက်တော့"

မတက်သာသည့်အဆုံးအားလုံးလက်လျှော့၍ပြန်ခဲ့ကြရသည်။ ဦးမောင်မောင်ကတော့ ညခုနစ်နာရီခန့်အထိ တစ်ယောက်တည်း ဝုန်းဒိုင်းကြဲနေဆဲ။

မနက်ကြတော့ ဦးမောင်မောင်အိမ်သို့ သွားကြည့်ကြသည်။ ဘာအသံမှမကြားရ၊ ပကတိ တိတ်ဆိတ်၍ သေများသေနေပြီလားဟု ပင် သံသယဝင်ကြရသည်။ ကျွန်ုပ်ဖခင်နှင့်အတူ စစ်တပ်မှ အားကောင်း မောင်း သန် စစ်သားများပါ တက်လာခဲ့ကြသည်။

ဦးမောင်မောင်ကတော့ကြမ်းပေါ်တွင် တုံးလုံးပက်လက် လဲနေ ပါသည်။ သေတော့မသေ။ အမူးလွန်ပြီး အိပ်နေခြင်းသာဖြစ်သည်။ စစ်သားများက ဓါးရှည်ကိုအရင်သိမ်းဆည်းပြီးမှ သူ့ကိုဆွဲထူ လှုပ်နှိုးကြရ သည်။

"ဟေ့ကောင် . . .မောင်မောင် ထစမ်း၊ ခွေးသား . . .ကိုယ့်ဂုဏ် သိက္ခာကိုမှမထောက်၊ ခွေးသောက်ဝက်သောက် သောက်ပြီးရပ်ကွက်ကို ဒုက္ခပေးတဲ့ကောင်"

ကျွန်ုပ်ဖခင်ကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောဆိုတော့ ဦးမောင်မောင်တစ်ယောက် ငူငူငိုင်ငိုင်ဖြစ်နေရာမှ ရှုံ့မဲ့ချ ငိုချလိုက်ပါ တော့သည်။

"အီး . . .ဟီး . . .ဟီး . . .ကိုစိုး . . .ခင်ဗျားတို့က ကျုပ်ကို အထင် လွဲနေကြတာ၊ တစ်ယောက်တည်းပစ်ထားခဲ့ကြတယ်။ ကျုပ်အရက် မူးနေတာ မဟုတ်ဘူး၊ သရဲနဲ့ နပန်းလုံးနေတာဗျာ . . .အီး . . .ဟီး . . .ဟီး"

ယောကျ်ားတန်မဲ့ ရှုံ့မဲ့ချငိုကြွေးရင်း ဝမ်းပမ်းတနည်းပြောရှာ သည်။ အားလုံးလည်း အံ့သြသွားကြရပြန်သည်။

"ဘယ်လို . . .ဘယ်လို . . .သရဲနဲ့ နပန်းလုံးနေတယ်ဟုတ်လား မင်းမူးမူးရူးရူးနဲ့ လျှောက်ပြောတာလား"

"အိုဗျာ . . .ခက်တာပဲ . . .ဘယ်လိုဖြေရှင်းရမှာလဲဗျာ။ ကျုပ်ပြောတာတကယ်ပါဗျာ . . .ကျိန်ပြဝံ့ပါတယ်။ ဒီလူနီကြီးက အရပ်ခုနစ်ပေလောက်ရှိတယ်။ အမွှေးတွေကအရှည်ကြီး၊ လက်တံခြေတံ အရှည်ကြီးနဲ့ ဟောဟိုက ပိန္နဲပင်ပေါ်မှာထိုင်နေတာဗျ၊ ပြီးတော့မှ ဝရန်တာပေါ်ခုန်ချလာလို့ ကျုပ်ကဓါးနဲ့ လိုက်ခုတ်တာ။ တစ်ညလုံးချနေရတာ။ ဘယ်သူမှ ကူညီမယ့်သူမရှိဘူး။ ကျုပ်လည်းပထမတော့ကြောက်တယ်၊ နောက်တော့ကြောက်စိတ်ထက် ဒေါသစိတ်နဲ့ ခံချတာဗျ။ မယုံရင်ကြည့် ပါလား။ ဒီမှာလက်သည်းရာတွေ၊ လက်ဝါးရာတွေ၊ လည်ပင်းကိုလည်းကြည့်ဦး"

ဟုတ်ပေသည်။ ကိုမောင်မောင်၏ လည်ပင်းတွင် လည်ပင်းညှစ်ခံထားရသော အညိုအမည်းကြီးများက အထင်အရှားပင်။ ထို့မျှမကရင်ဘတ်၊ လက်ပြင်၊ ကျောကုန်းတွေမှာလည်း သွေးစို့နေသောလက်သည်းကွက်ရာကြီးများကို အားလုံးတွေ့လိုက်ရပါသည်။ အထူး အဆန်းဆုံးမှာသူ့ကျောပြင်တွင် လက်ဝါးရာကြီးတစ်ခုထင်ထင် ရှားရှားကြီးရှိနေခြင်းပင်။ လူ့သာ မန်လက်ဝါးရာထက် ကြီးပြီးနီရဲနေ၏။

"ကဲ...ယုံပြီမဟုတ်လား"

"အေးပါကွာ...ဒါ..ဒါနဲ့...ဘယ်အချိန်မှ ပြန်သွားသလဲ...ဒီအကောင်ကြီးက"

"ကျုပ်ဓားခုတ်ချက်ကိုလည်း ဒီကောင်ထိတာပဲ။ ညတစ်နာရီကျော်နစ်နာရီလောက်အထိ ချနေကြတုန်း၊ ဓားကသူ့ဗိုက်ထဲချက်ကောင်းမိပြီး ဖေါက်ဝင်သွားတော့ ဒီကောင်က ငါ့ကိုလွှတ်ပြီးပြန်ထွက်ပြေးပြီးတော့ ပျောက်သွားတာပဲ။ ကျုပ်လည်း မလှုပ်နိုင်တော့ဘူး၊ ခင်ဗျားတို့လာတဲ့အထိပဲ..."

ဤအဖြစ်အပျက်မှာ ဟိန္ဒူးသတ္တုတွင်းတစ်ခုလုံး ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့ပါသည်။ မြန်မာများသာမက ဂျာမန်အင်ဂျင်နီယာ များပင် တအံ့တဩလာ ကြည့်ကြရကုန်သည်။ ထိုနောက်မှာတော့ သံဃာတော် များကိုပင့်၍ ပရိတ်တရားနာခြင်း၊ ကမ္မဝါဖတ်ခြင်းတို့ကိုပြုလုပ်စေသည့်အပြင် ကျွမ်းကျင်သော အထက်လမ်းဆရာများကိုပါခေါ်ယူ၍ အစီရင်များ ပြုလုပ်စေခဲ့ပါသည်။

ထိုနောက်တွင်တော့ ထိုသို့ဖြစ်ရပ်မျိုး ထပ်မံမကြုံရတော့ပါ။ သို့တိုင်အောင် ကျွန်ုပ်၏မိခင်ပြောပြသော ဤဖြစ်ရပ်ကား ငယ်စဉ်ကလေးဘဝကပင် ကြားသိခဲ့ရသော ပရလောကကဖြစ်ရပ်ဆန်း တစ်ခုအဖြစ် ဖော်ပြလိုက်ပါတော့သည်။ ။

(ဝသုန်ဟိန်းထက်)

❖❖❖

စာရေးဆရာ ဝသုန်ဟိန်းထက်၏

ဖေဖော်ဝါရီလတွင်

ဆက်လက်ထွက်ရှိမည့်လုံးချင်းဝတ္ထု

# ☠ သွေးစုပ်ဝိဥာဉ် ☠

နှင့်

# အခြားရင်သိမ့်တုန်ဝတ္ထုတိုများ

## ဝသုန်ဟိန်းထက်

professionalpublishinghouse
No.167,groundfloor, 48upper
street,botataung,township.
☎ 298917 , 09 73127877

## သွေးစုပ်ဖုတ်ဘီလူးနှင့် အခြားရင်သိမ့်တုန်ဝတ္ထုတိုများ

☠ လူ့ခန္ဓာကိုယ်ထဲသို့ ပူးကပ်ဝင်ရောက်နေသော ဒက်ကျူလာ သွေးစုပ်ဖုတ်ဘီလူး အကြောင်း

☠ ထိုအကြောင်းကို တိတ်တဆိတ် စုံစမ်းနေသူ လူနာစီဦးအကြောင်း

☠ အဖြစ်မှန်ကို သိရန် သန်းခေါင်ယံအချိန်တွင် သင်္ချိုင်းကုန်းမှာ

☠ ဘယ်လို ဘယ်ပုံစွန့်စားကြောင်း

☠ ထိုသွေးစုပ်ဖုတ်ဘီလူး အပါအဝင်

☠ အခြားရင်သိမ့်တုန်ဝတ္ထုတိုများ စုစည်းမှု

☠ စာဖတ်သူများ သည်းထိတ်ရင်ဖိုနှင့် စိတ်ဝင်စားဖွယ်ကောင်းအောင်

☠ ထိတ်လန့်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ အံ့ဩဖွယ်ရာများဖြင့်

☠ ဒက်ကျူလာဆန်ဆန် ရေးသားထားသော ဂမ္ဘီရ စာအုပ်ကောင်းတစ်အုပ် . . .